# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)**


၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၀၇၆)


# မိမိတို့ ပြည်သူများ အသက်ရှည်စွာ နေထိုင်နိုင်ပြီး အဆင့်မြင့်မားသည့် လူနေမှုဘဝ ရရှိရေးအတွက် UHC ရည်မှန်းချက် အောင်မြင်ရေးတွင် မြန်မာအစိုးရအနေဖြင့် အစွမ်းကုန်ဆောင်ရွက်သွားမည်




**နိုင်ငံတော်သမ္မတ ဦးထင်ကျော် Universal Health Coverage Forum အဆင့်မြင့်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။** သတင်းစဉ်

**တိုကျို ဒီဇင်ဘာ ၁၄**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲ တွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Tokyo Prince ဟိုတယ်၌ ကျင်းပသည့် Universal Health Coverage Forum အဆင့်မြင့်အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားသည်။

အဆင့်မြင့်အစည်းအဝေး ဖွင့်ပွဲ အခမ်းအနားတွင် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် Mr. Shinzo Abe၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Mr. Antonio Guterres၊ ဆီနီဂေါ်နိုင်ငံ သမ္မတ Mr.Macky Sall နှင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်တို့က အဖွင့်မိန့်ခွန်း ပြောကြားကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က မိမိတို့ ဒီမိုကရေစီအစိုးရ စတင်တာဝန်ယူသည့် ၂၀၁၆ ခုနှစ် မတ် ၃၀ ရက်မှစပြီး ပြည်သူများ၏ လိုအင်ဆန္ဒများဖြစ်သည့် ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးတို့ကို ဖော်ဆောင်ရန် အစွမ်းကုန်ကြိုးစားခဲ့ပါကြောင်း၊

*စာမျက်နှာ ၅ ကော်လံ ၁* ❁

## အမျိုးသမီးများအခွင့်အရေး ကာကွယ်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံသို့ နည်းပညာအကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

စာမျက်နှာ - ၃



## ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် စင်ကာပူနိုင်ငံမှ လူသားချင်းစာနာမှု အကူအညီ ပစ္စည်းများ ပေးအပ်လှူဒါန်း

စာမျက်နှာ - ၁၀


KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

မြန်မာ့အလင်း

# တန်ဖိုးမြင့် စားသောက်ကုန်တို့၏ ဈေးကွက်ခိုင်မာမှု

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် အခြေပြု ရပ်တည်ရသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ ပို့ကုန်တို့အနက် လယ်ယာထွက်ကုန်တို့သည် အရေးပါသော ပြည်ပပို့ကုန်များဖြစ်ပါသည်။ သို့သော် လယ်ယာထွက်ကုန်တို့သည် ရာသီဥတုဖောက်ပြန်ခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်တို့ကြောင့် မျှော်လင့်မထားသော ပျက်စီးဆုံးရှုံးမှုတို့ကို ကြုံတွေ့နိုင်သကဲ့သို့ ဝယ်ယူသည့်နိုင်ငံ၏ ဈေးကွက်တို့၌ ထင်မှတ်မထားသော ဝယ်လိုအား ကျဆင်းခြင်းမျိုး ကြုံတွေ့ရပါကလည်း ငွေကြေးအရင်းအနှီးဆုံးရှုံးမှုတို့ကို ကြုံတွေ့ရနိုင်ပါသည်။

မြန်မာနိုင်ငံ၏ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်ရေးကို ဥပမာအနေဖြင့် တင်ပြပါမည်။ မြန်မာနိုင်ငံက ထွက်ရှိသော ပဲအမျိုးမျိုးတို့ကို အိန္ဒိယနိုင်ငံသို့ အဓိကထား တင်ပို့လျက်ရှိပါသည်။ သို့သော် အိန္ဒိယနိုင်ငံ၏ ထင်မှတ်မထားသော မူဝါဒ အပြောင်းအလဲကြောင့် မြန်မာနိုင်ငံထွက်ပဲတို့ တင်ပို့ရန် ဈေးကွက်ပျောက်သွားသကဲ့သို့ ဖြစ်သွားပါသည်။ ဤဖြစ်ရပ်သည် တောင်သူလယ်သမားတို့အပါအဝင် မြန်မာနိုင်ငံ၏ ပဲစိုက်ပျိုးရေးကဏ္ဍအပေါ် ကြီးမားသောဂယက် သက်ရောက်နိုင်သည့် ဖြစ်ရပ်ဖြစ်ပါသည်။ ပဲစင်းငုံဆိုပါက မကွေးတိုင်းဒေသကြီးတစ်ခုတည်း၌ပင် စိုက်ကေ ၄၄၄၆၂၆ ဧက ရှိပြီး တစ်နှစ်လျှင် ပဲစင်းငုံ ၈၃၇၆၀၃တင်းထွက်ရှိသည်ဟု သိရှိရပါသည်။ သို့သော် အိန္ဒိယနိုင်ငံက မြန်မာ့ပဲစင်းငုံတို့ကို အဝယ်ရပ်လိုက်သည့်အတွက် ပဲစင်းငုံစိုက်တောင်သူတို့မှာ များစွာအခက်ကြုံလျက်ရှိနေကြပါသည်။ ဤအခက်အခဲ၏ ထွက်ပေါက်မှာ ပဲစင်းငုံကို အခြေခံသည့် တန်ဖိုးမြင့် စားသောက်ကုန်များ ထုတ်လုပ်ခြင်း ဖြစ်ပါသည်။

အမှန်မှာမူ ပဲစင်းငုံကိုအခြေခံပြီး ထုတ်လုပ်နိုင်သည့် တန်ဖိုးမြင့် စားသောက်ကုန်တို့မှာ အများအပြားရှိပါသည်။ အဆိုပါ တန်ဖိုးမြင့် စားသောက်ကုန်တို့ အနက် တချို့ကို ဖော်ပြရပါက ခေါက်ဆွဲ၊ အာဟာရမှုန့်၊ ဟင်းခတ်မှုန့်၊ ပဲလမုန့်၊ ပဲချောင်း အဆိမ့်၊ ပူတင်း၊ ကွတ်ကီးနှင့် ရွှေကြည်ဆန္ဒင်းမကင်းတို့ဖြစ်ပါသည်။ ဤပဲစင်းငုံကို အခြေခံသည့် တန်ဖိုးမြင့် စားသောက်ကုန်စာရင်းကို ကြည့်လျှင်ပင် ပဲစင်းငုံ အခြေခံစားသောက်ကုန် လုပ်ငန်းတို့၏ ကျယ်ပြန့်သော ဈေးကွက်ကို ခန့်မှန်းနိုင်မည် ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုဦးစီးဌာနက မြို့နယ်ပေါင်းစုံမှ တက်ရောက်လာသော သင်တန်းသား ၂၀ တို့အား တန်ဖိုးမြင့် စားသောက်ကုန် မျိုးစုံထုတ်လုပ်နိုင်မည့် ပဲစင်းငုံအခြေခံစားသောက်ကုန်ထုတ်လုပ်ရေး နည်းပညာတို့ကို သင်တန်းပို့ချသင်ကြားလျက်ရှိပါသည်။ အဆိုပါ သင်တန်းကို ငါးရက်ကြာ သင်ကြားပို့ချပေးမည်ဟု သိရှိရပါသည်။ တိုင်းပြည်၏ ပကတိလိုအပ်ချက်ကို ထင်ဟပ်လျက်ကြိုးပမ်းအဖြေရှာ အကောင်အထည်ဖော်လျက်ရှိသော မကွေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှု ဦးစီးဌာန၏ ကြိုးပမ်းမှုကို ချီးကျူးအသိအမှတ်ပြုရမည်ဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် မကွေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုဦးစီးဌာန၏ ကြိုးပမ်းမှုကို ဆောင်ရွက်နိုင်စွမ်းရှိသည့် အခြားသော ပုဂ္ဂိုလ်အဖွဲ့အစည်းတို့က အားဖြည့်ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ တခြားသော လိုအပ်ချက်မျိုးစုံကိုလည်း အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းနိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သို့မှသာ ပဲစင်းငုံကို အခြေခံသည့် တန်ဖိုးမြင့်စားသောက်ကုန်လုပ်ငန်းကဏ္ဍသည် ပဲစိုက်တောင်သူတို့ စိုက်ပျိုးသမျှကို တန်ဖိုးမြင့် စားသောက်ကုန်အဖြစ် ပြောင်းလဲထုတ်လုပ်ပြီး ပဲစိုက်တောင်သူတို့၏ ဘဝမြှင့်တင်ရေးနှင့်အတူ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား ၁၅-၁၂-၂၀၁၇ (သောကြာနေ့)

နံနက်ပိုင်း

၆း၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - **Breakfast News**
၈း၃၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးရဲ့လုပ်ဆောင်ချက်များ (၁၁)**
၁၃း၀၀ - ဆေးရောင်စုံရုပ်ရှင် **"ရွှေမှုန် ကြဲတဲ့မိုးကောင်းကင်"**(ဇာတ်သိမ်း) လူမင်း၊ ရာဇာနေဝင်း၊ သားညီ၊ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး (ဒါရိုက်တာ - ညီညီထွန်းလွင် - နောင်ထွန်းလွင်)

ညပိုင်း

၁၆း၃၅ - **World of Innovations**
၁၇း၂၀ - **ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးရဲ့လုပ်ဆောင်ချက်များ(၁၂)**
၁၈း၄၀ - **8 th Model ASEM**
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - **ရခိုင်ပြည်နယ်ပြန်လည်ထူ ထောင်ရန်အတွက် ကဏ္ဍအသီးသီးရဲ့လုပ်ဆောင်ချက်များ(၁၃)**
- "စာပေညီလာခံစကားသံ"
- နိုင်ငံခြားဇာတ်လမ်းတွဲ **"နှလုံးသားရဲ့ပဲကိုင်ရှင်"** (အပိုင်း-၄၀)
- ကံကံ၏အကျိုး

# နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင် ပန်းအလှပြင်ဆင်ခြင်း အခမ်းအနားသို့ တက်ရောက်

**တိုကျို ဒီဇင်ဘာ ၁၄**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၅ မိနစ်တွင် တိုကျိုမြို့ အာဆာခူဆာ (Asakusa) ရှိ Sensoji ဘုရားကျောင်းသို့ သွားရောက်ကြည်ညိုကြသည်။

ထို့နောက် တိုကျိုမြို့ရှိ Sogetsu Kaikan ဂျပန်ရိုးရာ ပန်းအလှပြင်ကျောင်းသို့ရောက်ရှိရာ Executive Director Ms. Kiri TESHIGAHARA, Ms. Suisen TAKAGI နှင့် Deputy Secretary Mr. Ryusuke YONEDA တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် Sogetsu Kaikan ဂျပန်ရိုးရာ ပန်းအလှပြင်ကျောင်း၌ ကျင်းပသည့် ပန်းအလှပြင်ဆင်ခြင်းအခမ်းအနားသို့တက်ရောက်ပြီး ဂျပန်နိုင်ငံတွင် ရာသီအလိုက်ဖူးပွင့်သည့် ပန်းများကို အသုံးပြု၍ အလှပြင်ဆင်ထားမှုကို လှည့်လည်ကြည့်ရှုလေ့လာသည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်သမ္မတ၏ ဇနီး ကိုယ်တိုင်ပါဝင်၍ အဖွဲ့ဝင်များနှင့်အတူ ရာသီပန်းများကို အသုံးပြုပြီး ပန်းအလှဆင်ခြင်းကို ဆောင်ရွက်သည်။



နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင် ပန်းအလှပြင်ဆင်ခြင်း အခမ်းအနားတွင် ကိုယ်တိုင်ပါဝင်၍ ရာသီပန်းများကို အသုံးပြုပြီး ပန်းအလှဆင်နေသည်ကို တွေ့ရစဉ်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင်သည် ဝန်ကြီးချုပ်၏ နေအိမ်သို့ သွားရောက်ပြီး ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၏ဇနီး Mrs.Akie Abe နှင့်အတူ မြန်မာနိုင်ငံတွင် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် Non Profit Organization (NPOs) အဖွဲ့များဖြစ်သည့် Japan Heart မှ Supreme Advisor Dr. Hideo Yoshioka၊ Terra People Association မှ ဥက္ကဋ္ဌ Mr. Hroyuki Ohno၊ Seeds Asia အဖွဲ့အစည်းမှ အကြီးအကဲ Ms.Etsuko TSUNOAZKI၊ OISCA မှ ဥက္ကဋ္ဌ Ms. Etsuko NAKANO တို့နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် NPOs အဖွဲ့အစည်းများက မြန်မာနိုင်ငံမှ ကဏ္ဍအသီးသီးတွင် ဆောင်ရွက်လျက်ရှိသည့် လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**သတင်းစဉ်**

# မင်းဘူးခရိုင်အတွက် ဆောင်းသီးနှံဘဏ်ချေးငွေ ထုတ်ချေး

**မင်းဘူး ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းတွင် ဆောင်းသီးနှံစိုက်ပျိုးနိုင်ရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်း ၉၂၂၀ ဒသမ ၅၀ ကို ဒီဇင်ဘာလပထမပတ်က ထုတ်ချေးပေးခဲ့ကြောင်း ခရိုင်မန်နေဂျာထံမှ သိရသည်။ ပြီးခဲ့သည့်၂၀၁၆ ခုနှစ်အတွင်းက ငွေကျပ် ၅၂၆ ဒသမ ၃၉ သန်းအထိ ထုတ်ချေးနိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း ကျေးရွာအုပ်စု ၃၂ အုပ်စု၊ အစုအဖွဲ့ပေါင်း ၁၂၄၄ ဖွဲ့၊ တောင်သူဦးရေ ၃၅၁ ဦးအား ဆောင်းသီးနှံအချိန်မီစိုက်ပျိုးနိုင်ရန် ထုတ်ချေးခဲ့ခြင်းဖြစ်သည်။

ချေးငွေထုတ်ချေးရာတွင် စပါးတစ်ဧကလျှင်ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံအတွက် တစ်ဧကလျှင်ငွေကျပ် ၅၀၀၀၀ နှုန်းတို့ဖြင့် ထုတ်ချေးပေးခဲ့ရာ မင်းဘူးခရိုင်အတွင်း၌ စပါးစိုက်ဧက ၁၇၂၆ ဧက၊ မြေပဲ ၇၅၃၀ ဧက၊ နှမ်း ၄၈၂ ဧက၊ ပဲတီစိမ်း ၄၄၈၃ ဧက၊ ကုလားပဲ ၄၄၁ ဧက၊ ပဲလွမ်း ၃၂၇ ဧက စုစုပေါင်း ၁၄၉၈၉ ဧကအတွက် စိုက်ပျိုးစရိတ် ချေးငွေကျပ်သိန်း ၉၂၂၅ ဒသမ ၅၀ ကို ထုတ်ချေးပေးခဲ့ပြီး ဒီဇင်ဘာလကုန်အထိ ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးစိုးမျိုးဝင်းက ပြောသည်။

"ဆောင်းသီးနှံစိုက်ပျိုးဖို့ရာ အချိန်မီ ဘဏ်ချေးငွေတွေ ထုတ်ချေးပေးခဲ့တဲ့အတွက် တောင်သူတွေ သီးနှံတွေစောစီးစွာစိုက်ပျိုးရလို့ ဝမ်းသာပါတယ်"ဟု ပေါက်ငူကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

**မေသူလွင် (မကွေးကိုယ်ပွား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၄-၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၂၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၆ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၃ · ၇ |
| ထိုင်း | တစ်ဘတ် | ၄၁ · ၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ · ၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ · ၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၅ · ၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊Fax ၀၁-၈၆၀၄၅၄၆။

◆ *ကျောဖုံးမှ*

ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုသာမက ဒေသတည်ငြိမ်ရေးကိုပါ အထောက်အကူဖြစ်စေမည့် ပြည်တွင်း၊ ပြည်ပကုန်သွယ်မှုအတွက် အရေးပါသော မောင်တောဒေသ ကညင်ချောင်းစီးပွားရေးဇုန်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ မြစ်ချောင်းပေါများလှသော ရခိုင်ပြည်နယ်အတွင်း ပို့ဆောင်ဆက်သွယ်ရေးအတွက် ကုလားတန်မြစ် ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းကိုလည်း အလေးပေးဆောင်ရွက်လျက်ရှိပါသည်။

**လုပ်ငန်းများ အကောင်အထည်ဖော်**

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် စ၍ဖြစ်ပွားခဲ့သော အကြမ်းဖက်ဖြစ်စဉ်နှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် စ၍ဖြစ်ပွားခဲ့သော ARSA အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကို ရင်ဆိုင်ကြုံတွေ့ခံစားခဲ့ရပါသည်။ ထိုဖြစ်စဉ်များကြောင့် ၎င်းဒေသရှိ ရွာများစွာတို့တွင် နေထိုင်သူများ နေရပ်စွန့်ခွာခဲ့ကြရပြီး အစ္စလာမ်ဘာသာဝင်များ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားခဲ့ခြင်းများလည်း ရှိခဲ့ပါသည်။ ထိုသို့ နေရပ်စွန့်ခွာခဲ့ရခြင်းကြောင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် နိုင်ငံတော်အစိုးရတို့ ပူးပေါင်း၍ အရေးပေါ်ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်နှင့် မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်တို့၏ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီကိုဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီအနေဖြင့် စီမံချက်များချမှတ်ကာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**ကူညီဆောင်ရွက်**

ထို့အပြင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးနှင့်ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ကော်မတီဝင် ၄ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်ပါသည်။ UEHRD ကော်မတီအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက်ပေးအပ်နိုင်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးစေရေးတို့ကို ရှေးရှု၍ ပြည်ထောင်စုသားသမီးများ၏ အား၊ အကူအညီနှင့် ယုံကြည်မှုတို့ကိုရယူပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ အစိုးရအဖွဲ့များအားလုံးကလည်း ပြည်ထောင်စု၏ အရေးကိစ္စဟု မှတ်ယူ၍ ရခိုင်ပြည်နယ်၏ လိုအပ်ချက်များကို တတ်နိုင်သမျှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ ၎င်းအပြင် ပြည်ထောင်စု၏ နေရာအနှံ့အပြားမှ ပေါင်းစည်းထားသော လူငယ်များကလည်း တတ်စွမ်းသရွေ့ ကွင်းဆင်းကာ ကူညီဆောင်ရွက်လျက်ရှိပါသည်။

**အထူးပင် ဂုဏ်ယူမိ**

ထို့အပြင် ရခိုင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ် မေလ ၂၉ ရက်နေ့က ကျရောက်ခဲ့သော မိုရာဆိုင်ကလုန်း မုန်တိုင်းဒဏ်ကြောင့် ဆုံးရှုံးနစ်နာမှုများ ပေါ်ပေါက်ခဲ့သဖြင့် နိုင်ငံတော်အစိုးရနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းပြီး အရေးပေါ်ကယ်ဆယ်ရေး၊ အမိုးအကာအောက် ရောက်ရှိရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့် ရေရှည် သဘာဝဘေးဒဏ်ခံနိုင်ရေးတို့ကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ပထဝီအနေအထားအရ သဘာဝဘေးအန္တရာယ်များကို ကြိမ်ဖန်များစွာ ကြုံတွေ့ခဲ့ရသော်လည်း အစဉ်အမြဲ ကြံကြံခံကျော်လွှားနိုင်ခဲ့ကြသော ရခိုင်ပြည်နယ်သူ၊ ပြည်နယ်သားတို့၏ ခိုင်မာသည့် စိတ်ဓာတ်နှင့် အရှုံးမပေးသည့် ဇွဲ၊ သတ္တိများအတွက် အထူးပင်ဂုဏ်ယူမိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုပါသည်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

မြတ်ဗုဒ္ဓ၏ သာသနာထွန်းလင်းတောက်ပခဲ့ပြီး မြတ်စွာဘုရား၏ မွေတော်၊ ဓာတ်တော်များ ကိန်းဝပ်စံပယ်ရာဖြစ်သည့် ရခိုင်ပြည်နယ် မြောက်ဦးမြို့ကို ကမ္ဘာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်မြို့တော်အဖြစ် အသိအမှတ်ပြုနိုင်ရေးအတွက်လည်း UNESCO နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**တိုက်တွန်းနှိုးဆော်**

နိဂုံးချုပ်အနေဖြင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူ့အဖွဲ့အစည်းများ သဟဇာတရှိစေရေးအတွက် အလေးပေးဆောင်ရွက်ရန် အရေးကြီးလှသကဲ့သို့ အနာဂတ်တွင် လုံခြုံအေးချမ်းကာ ခေတ်မီတိုးတက်သာယာလှပစေရေးအတွက် ပြည်နယ်သူ ပြည်နယ်သားများ၏ စုပေါင်းညီညွတ်သောအင်အားဖြင့် ကြိုးပမ်းတည်ဆောက်သွားကြပါရန် နေ့ထူးနေ့မြတ်ဖြစ်သော ရခိုင်ပြည်နယ်နေ့ အခါသမယတွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**

# အမျိုးသမီးများ အခွင့်အရေး ကာကွယ်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံသို့ နည်းပညာ အကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စ ပရာမီလာ ပတ်တန်အား ယနေ့ ညနေ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ယင်းသို့တွေ့ဆုံရာတွင် အမျိုးသမီးများအခွင့်အရေးကာကွယ်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံသို့ နည်းပညာအကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စ ပရာမီလာ ပတ်တန်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

သတင်းစဉ်

✻ *ကျောဖုံးမှ*

သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် ကြိုတင်မျှော်လင့်ထားသည့်အတိုင်း စိန်ခေါ်မှုများ၊ ရှောင်လွှဲ၍မရသည့် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရပါကြောင်း၊ သန်းခေါင်စာရင်းလုပ်ငန်းသည် အချိန်နှင့် ငွေကြေးများစွာ ရင်းနှီးစိုက်ထုတ်ရသည့်အပြင် အဆင့်တိုင်းတွင် အစိုးရဌာနပေါင်းများစွာ ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း။

**ပါဝင်ဆောင်ရွက်ခဲ့**

ဆရာ၊ ဆရာမပေါင်း တစ်သိန်းနှစ်သောင်းကျော် ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံတစ်ဝန်း သက်ဆိုင်ရာအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်အားလုံးကို ညှိနှိုင်းပေါင်းစပ်ပေးခဲ့ခြင်းကြောင့် ယင်းလုပ်ငန်းစဉ်ကြီး အောင်မြင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ၂၀၁၄ သန်းခေါင်စာရင်းတွင် နိုင်ငံတကာက အသိအမှတ်ပြုခံရသည့် စာရင်းအင်းပညာရှင်များ၊ လူဦးရေပညာရှင်များ၊ လူမှုရေးသိပ္ပံပညာရှင်များစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသကဲ့သို့ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီဖြစ်စေရန် အကြံဉာဏ်များလည်း ပေးခဲ့ကြပါကြောင်း၊ ယင်းသို့ လမ်းညွှန်ကူညီပံ့ပိုးပေးမှုများကို ကျေးဇူးအထူးတင်ပါကြောင်း ပြောကြားသည်။

ထို့ပြင် ဒုတိယသမ္မတက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် အထူးသဖြင့် လူမှုစီးပွားရေးကဏ္ဍများ၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် သန်းခေါင်စာရင်း အချက်အလက်များသည် အလွန်ပင်အသုံးဝင်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ စီမံကိန်းလုပ်ငန်းများတွင် ခန့်မှန်းလူဦးရေ စာရင်းများကို သုံးခဲ့ရသည်မှာ နှစ်ပေါင်း ၃၀ ကျော် ကြာခဲ့ပြီ ဖြစ်ပါကြောင်း၊ ခန့်မှန်းမှု နှစ်ကာလကြာရှည်လာသည်နှင့်အမျှ စာရင်းများ၏ တိကျမှန်ကန်မှုများ လျော့ကျလာခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ မှားယွင်းမှုများကို ၂၀၁၄ သန်းခေါင်စာရင်းက ပြန်လည်တည့်မတ်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းလုပ်ငန်းစဉ်သည် အခြားအရေးကြီးသည့် နိုင်ငံတော်အဆင့် လုပ်ငန်းစဉ်များအတွက်လည်း အရေးပါသည့် ရှေ့ဆောင်လမ်းပြဖြစ်ခဲ့ပါကြောင်း၊ သန်းခေါင်စာရင်းက ရလာသည့် အတွေ့အကြုံများသည် အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် များစွာ အထောက်အကူပြုခဲ့ပါကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားမျိုးနွယ်စုငယ်လေးများ၏ အသံကို နားထောင်ပြီး ယုံကြည်မှုတည်ဆောက်နိုင်ခဲ့ပါကြောင်း။

**ထုတ်ပြန်ကြေညာ**

၂၀၁၄ သန်းခေါင်စာရင်း အချက်အလက်များကို အခြေခံပြီး ပြည်ထောင်စုအဆင့် အစီရင်ခံစာများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် အစီရင်ခံစာ ၁၅ စောင်၊ အသေးစိတ်ဆန်းစစ်လေ့လာသည့် သုတေသနစာတမ်း ၁၃ စောင်၊ သန်းခေါင်စာရင်းရလဒ်မြေပုံအစီရင်ခံစာ၊ မြို့နယ်၊ မြို့ အစီရင်ခံစာပေါင်း ၄၀၀ ကျော်ကို ထုတ်ပြန်ကြေညာခဲ့ပြီး အစီရင်ခံစာအားလုံးကို online ကနေ ရရှိနိုင်အောင် ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

**အကျိုးရှိစွာ အသုံးချ**

၂၀၁၄ သန်းခေါင်စာရင်းကြီးသည် နိုင်ငံတော်နှင့် နိုင်ငံတကာအဖွဲ့အစည်းများအတွက်ပါ တန်ဖိုးရှိသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခု ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များအတွက် အဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်ရေးနှင့် တစ်ဦးချင်း၏ စွမ်းဆောင်ရည် မြှင့်တင်ရေးကိုလည်း သန်းခေါင်စာရင်းအချက်အလက်များက ထောက်ပံ့ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် အချိန်နှင့်တစ်ပြေးညီ တိကျမှန်ကန်သည့် အချက်အလက်များ ရရှိနေပြီဖြစ်၍ နေ့စဉ်ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် ရရှိပြီးသား အချက်အလက်များကို အကောင်းဆုံးအကျိုးရှိစွာ အသုံးချကြရန်မှာကြားလိုပါကြောင်း။

ယနေ့အခမ်းအနားသည် သန်းခေါင်စာရင်းလုပ်ငန်းစဉ်များ အောင်မြင်ပြီးမြောက်ခြင်း အခမ်းအနားဖြစ်သော်လည်း သန်းခေါင်စာရင်းအချက်အလက်များ ပြည်သူများထံရောက်ရှိပြီး အသုံးပြုနိုင်ရန် ဆက်လက်ဆောင်ရွက်နေရမည် ဖြစ်ပါကြောင်း၊ အနာဂတ်တွင်လည်း သန်းခေါင်စာရင်းများ ဆက်လက်ကောက်ယူနိုင်ရန် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုပါကြောင်း၊ မိမိတို့ နိုင်ငံတော်အစိုးရအနေဖြင့် သန်းခေါင်စာရင်းအချက်အလက်များအထဲတွင် ထုတ်ပြန်ရန် ကျန်ရှိနေသည့် လူမျိုးစာရင်း ထုတ်ပြန်နိုင်ရန်အတွက်ကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် ကုလသမဂ္ဂက အကြံပြုထားသည့်အတိုင်း ၁၀ နှစ်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူနိုင်ရန် ကြိုတင်ပြင်ဆင်မှုများလည်း ပြုလုပ်ထားရန် လိုအပ်ပါကြောင်း။

သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီး ချောမွေ့အောင်မြင်အောင် အကူအညီပေးခဲ့သည့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ကို ကျေးဇူးအထူးတင်ပါကြောင်း၊ အလှူရှင် နိုင်ငံများဖြစ်သည့် ဩစတြေးလျ၊ ဖင်လန်၊ ဂျာမနီ၊ အီတလီ၊ နော်ဝေ၊ ဆွီဒင်၊ ဆွစ်ဇာလန်နှင့် ဗြိတိန်နိုင်ငံတို့ကို လည်း နိုင်ငံတော်အစိုးရကိုယ်စား ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း ။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လုပ်ငန်းကြီး အောင်မြင်စွာ ပြီးမြောက်ပါကြောင်းနှင့် နိုင်ငံတစ်ဝန်း၊ ကမ္ဘာတစ်ဝန်းမှ အချက်အလက်အသုံးပြုသူ အားလုံးအတွက် အစီရင်ခံစာများ တစ်ပြိုင်တည်း ရရှိနိုင်ပြီဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် သန်းခေါင်စာရင်း အချက်အလက်များမှ ဖော်ထုတ်ရရှိသော "Policy Brief" နှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူး Mr. Knut Ostby က အမှာစကားပြောကြားသည်။

**ဆွေးနွေးပွဲ ကျင်းပမည်**


ထို့နောက် သန်းခေါင်စာရင်းအချက်အလက်များ အသုံးဝင်ပုံနှင့်ပတ်သက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်နှင့် The Leprosy Mission Myanmar ဒေါက်တာ ဇော်မိုးအောင်တို့က ဆွေးနွေးကြသည်။ ယင်းနောက် သန်းခေါင်စာရင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။ ယင်းဆွေးနွေးပွဲကို ဒီဇင်ဘာလ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွှန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလှူရှင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ဂျပန်နိုင်ငံဝန်ကြီးချုပ်က အခမ်းအနားဖြင့် ဂုဏ်ပြုကြိုဆို



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။ သတင်းစဉ်

**တိုကျို ဒီဇင်ဘာ ၁၄**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ယနေ့ညနေပိုင်းတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်က အခမ်းအနားဖြင့် ဂုဏ်ပြုကြိုဆိုသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတသည် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် တိုကျိုမြို့ရှိ ဝန်ကြီးချုပ်ရုံးသို့ ရောက်ရှိရာ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူ၍ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အပြန်အလှန်မိတ်ဆက်ပေးကြသည်။

**တက်ရောက်**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် အဆိုပါရုံး၌ ကျင်းပသည့် ဂျပန်-မြန်မာ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးလုပ်ငန်းအတွက် ဂျပန်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း၍ ကူညီပံ့ပိုးရေး၊ မြန်မာနိုင်ငံ၏ Universal Health Coverage ရည်မှန်းချက်ပန်းတိုင် အကောင်အထည်ဖော်ရေးအတွက် ဂျပန်နိုင်ငံမှ ကူညီသွားရေး၊ မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေးနှင့် သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အားစသည့် ကဏ္ဍများတွင် အလေးပေးပူးပေါင်းဆောင်ရွက်ရေး၊ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် ရန်ကုန်မြို့တွင် ဂျပန်ယဉ်ကျေးမှုစင်တာ တည်ထောင်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့် စာသင်ကျောင်းများ တည်ဆောက်ရေးအတွက် အကူအညီပေးရေး၊ လွတ်လပ်၍ ပွင့်လင်းသော အိန္ဒိယ-ပစိဖိတ်မဟာဗျူဟာအစီအစဉ်အောက်မှ ဒေသတွင်းချိတ်ဆက်မှုများမြှင့်တင်၍ မြန်မာနိုင်ငံနှင့် ဒေသတစ်ခုလုံး၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ကူညီပံ့ပိုးသွားရေးတို့ကို ဆွေးနွေးပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန်အတွက် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာရောက်ရေး၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍတို့တွင် အကူအညီများအတွက် ကျေးဇူးတင်ရှိကြောင်း၊ ဆက်လက်၍ကူညီပံ့ပိုးပေးရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် နားလည်မှုနှင့် ကူညီပံ့ပိုးမှုများအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားလိုကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့သည် ဝန်ကြီးချုပ်ရုံး၌ ဆက်လက်ကျင်းပသည့် နှစ်နိုင်ငံပူးတွဲ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ကြသည်။

ပူးတွဲသတင်းစာ ရှင်းလင်းပွဲတွင် နိုင်ငံတော်သမ္မတနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့က ဂျပန်-မြန်မာ ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးခဲ့မှုများနှင့် ဆွေးနွေးပွဲရလဒ်များကို ရှင်းလင်းပြောကြားကြသည်။

**စိန်ခေါ်မှုတစ်ရပ်ဖြစ်**

ပူးတွဲသတင်းစာ ရှင်းလင်းပွဲတွင် နိုင်ငံတော်သမ္မတက "အရည်အသွေးပြည့်မီတဲ့ အခြေခံကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ဖို့ဟာ သက်ဆိုင်ရာအစိုးရများအတွက် အလွန်အရေးပါတဲ့ တာဝန်တစ်ရပ်ဖြစ်ပါတယ်။ ဒီလိုဝန်ဆောင်မှုတွေကို ဖြည့်ဆည်းပေးနိုင်ဖို့ဟာ မြန်မာအစိုးရအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့ အစိုးရနဲ့အတူ ပြည်သူတစ်ရပ်လုံးက စုပေါင်းပါဝင်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**အမြင်ချင်းဖလှယ်**

"Universal Health Coverage Forum သို့ တက်ရောက်အပြီး ယနေ့မွန်းလွဲပိုင်းမှစတင်ကာ မိမိရဲ့ တရားဝင်ခရီးစဉ် စတင်ခဲ့ပါတယ်။ ဝန်ကြီးချုပ် မစ္စတာ အာဘေးနဲ့ ကျင်းပခဲ့တဲ့ နှစ်နိုင်ငံထိပ်သီးအစည်းအဝေးမှာ မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနဲ့ ဒေသတွင်းဆိုင်ရာကိစ္စရပ်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပါတယ်။

"ဦးစွာ မိမိအနေနဲ့ ဂျပန်နိုင်ငံမှာ အောက်တိုဘာလ ၂၂ ရက်နေ့က ကျင်းပခဲ့တဲ့အောက် လွှတ်တော် ရွေးကောက်ပွဲမှာဝန်ကြီးချုပ် မစ္စတာ အာဘေး ဦးဆောင်တဲ့ LDP ပါတီ အနိုင်ရရှိခဲ့ခြင်းနဲ့ မစ္စတာ အာဘေးအနေဖြင့် ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခြင်း ခံရတဲ့အတွက် ဝမ်းမြောက်ကြောင်း ဂုဏ်ပြုစကား ပြောကြားခဲ့ပါတယ်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ကူညီ**

"မိမိတို့ဆွေးနွေးမှုများမှာ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန်၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများမှာ ဂျပန်နိုင်ငံက အကူအညီပေးအပ်လျက်ရှိတဲ့ကိစ္စရပ်များနဲ့ မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ဂျပန်နိုင်ငံအနေနဲ့ ဆက်လက်အကူအညီပေးရေးတို့ကို ဆွေးနွေးခဲ့ကြပါတယ်။ ထို့ပြင် ဂျပန်နိုင်ငံအစိုးရအနေနဲ့ နယ်ပယ်အသီးသီးမှာ ပညာသင်များ ပေးအပ်လျက်ရှိတာကို ကျေးဇူးတင်ရှိကြောင်းနဲ့ ဆက်လက်ပြီးတော့လည်း တိုးမြှင့်ပေးအပ်သွားမယ်လို့လည်း ယုံကြည်ပါကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

**စိတ်စေတနာကောင်းများထားရှိ**

"ဂျပန်အစိုးရနဲ့ ပြည်သူများဟာ မြန်မာနိုင်ငံနဲ့ ပြည်သူများအပေါ် စိတ်စေတနာကောင်းများထားရှိပြီး မြန်မာနိုင်ငံရဲ့လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် ကဏ္ဍပေါင်းစုံမှာ အကူအညီများ ပေးအပ်လျက်ရှိရုံမျှမက မြန်မာနိုင်ငံရဲ့ဒီမိုကရေစီကြိုးပမ်းမှုသမိုင်းနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကဏ္ဍမှာ အရေးပါတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။

"ဒါ့ကြောင့် မြန်မာနိုင်ငံအစိုးရနဲ့ ပြည်သူများကိုယ်စား ဂျပန်နိုင်ငံအစိုးရနဲ့ ပြည်သူများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

"ဂျပန်ဝန်ကြီးချုပ်က မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီရေး၊ ပြုပြင်ပြောင်းလဲရေး၊ စီးပွားရေး တိုးတက်အောင်မြင်စေရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် ဆက်လက် ပူးပေါင်းကူညီဆောင်ရွက်သွားမှာဖြစ်ကြောင်း ဂျပန်နိုင်ငံ၏ ရပ်တည်ချက်ကို ထပ်လောင်းအတည်ပြုပြောကြားခဲ့ပါတယ်။

**ထောက်ခံ အသိအမှတ်ပြု**

"ဒါ့ပြင် ဂျပန်နိုင်ငံမှ အကူအညီပေးမယ့် ဂျပန် ယန်းငွေ ၈၀၀ ဘီလီယံဖြင့် ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အခြေခံအဆောက်အအုံ၊ ပို့ဆောင်ရေးနှင့် လျှပ်စစ်ဓာတ်အားကဏ္ဍတို့မှာ အဓိကထားပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစသည့် ကဏ္ဍများအတွက်လည်း ပူးပေါင်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့တဲ့အပြင် ရခိုင်ပြည်နယ် မောင်တောဒေသအရေးကိစ္စနှင့် ပတ်သက်၍ မြန်မာအစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်နေမှုများကို ဂျပန်နိုင်ငံက ထောက်ခံအသိအမှတ်ပြုပြီး အကူအညီပေးအပ်

*စာမျက်နှာ ၅ သို့*



ဂျပန်-မြန်မာ နှစ်နိုင်ငံထိပ်သီးအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

သွားမှာဖြစ်ကြောင်း၊ အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်း လမ်းတံတားများ ဆောက်လုပ်ရေး၊ လျှပ်စစ်ဓာတ်အား ရရှိရေး၊ စာသင်ကျောင်းများ ဆောက်လုပ်ရေးတို့ကို အကူအညီပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

**ပိုမိုလာရောက်လုပ်ကိုင်**

"ဂျပန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားပေးကူညီလျက်ရှိတာကြောင့် ဂျပန်နိုင်ငံအစိုးရအနေနဲ့ မြန်မာနိုင်ငံမှာ ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်များ ပိုမိုလာရောက်လုပ်ကိုင်ဖို့ တိုက်တွန်းပေးပါရန် ဝန်ကြီးချုပ်ကို မိမိက မေတ္တာရပ်ခံခဲ့ပါတယ်။

**အထောက်အကူပြုစေမှာဖြစ်**

"ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများနဲ့အတူ အလုပ်အကိုင်အခွင့်အလမ်းများနဲ့ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မယ့် အခွင့်အလမ်းများ တစ်ပါတည်း ပါလာမှာဖြစ်တဲ့အတွက် ပြည်သူများရဲ့ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုစေမှာ ဖြစ်ပါတယ်။

**လာရောက်ဖို့ ဖိတ်ကြား**

"မိမိအနေနဲ့ ဝန်ကြီးချုပ် မစ္စတာ အာဘေးကိုလည်း မြန်မာနိုင်ငံကို နှစ်ဖက်အဆင်ပြေတဲ့အချိန်မှာ လာရောက်ဖို့ ဖိတ်ကြားခဲ့ပါတယ်။ ဝန်ကြီးချုပ်ကလည်း ဖိတ်ကြားချက်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါတယ်။

**ချစ်ကြည်ရင်းနှီးမှု မြှင့်တင်**

"မြန်မာနိုင်ငံအနေနဲ့ ဂျပန်နိုင်ငံနဲ့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကျယ်ပြန့်စေရေး ကြိုးပမ်းဆောင်ရွက်ကာ နှစ်ဖက်ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်သွားမှာဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါတယ်"ဟု ပြောကြားသည်။

**ညစာစားပွဲ တက်ရောက်**

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အိမ်တော်၌ ဂျပန်နိုင်ငံဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် နိုင်ငံတော်သမ္မတတို့သည် နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ညစာကို အတူတကွ သုံးဆောင်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ နှစ်နိုင်ငံ ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် တက်ရောက်ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်

**"မိမိတို့ဆွေးနွေးမှုများမှာ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ရန်၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများမှာ ဂျပန်နိုင်ငံက အကူအညီပေးအပ်လျက်ရှိတဲ့ ကိစ္စရပ်များနဲ့ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ဂျပန်နိုင်ငံအနေနဲ့ ဆက်လက် အကူအညီပေးရေးတို့ကို ဆွေးနွေးခဲ့"**

---

*❁ ရှေ့ဖုံးမှ*

Universal Health Coverage (UHC) ၏ မူဘောင်အတွင်း ကျန်းမာရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးသည် မရှိမဖြစ် လိုအပ်ပါကြောင်း။

**မဟာဗျူဟာထဲမှ တစ်ခုဖြစ်**

ပြည်သူလူထုကို အရည်အသွေးမြင့်မားသည့် ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်ရေးမှာ မိမိတို့အစိုးရ၏ အဓိက ဦးစားပေးလုပ်ငန်းတစ်ရပ်ပင် ဖြစ်ပါကြောင်း၊ ကျန်းမာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ကျန်းမာသန်စွမ်းသည့် လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ခြင်းနှင့် ကျန်းမာရေးကဏ္ဍတွင် လူသားအရင်းအမြစ်များ မြှင့်တင်ခြင်းဆိုသည့် မြန်မာအစိုးရ၏ အဓိက မဟာဗျူဟာထဲမှ တစ်ခုဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် UHC ရည်မှန်းချက် အောင်မြင်ရန် သန္နိဋ္ဌာန်ချမှတ်ပြီး ဖြစ်ပါကြောင်း၊ ထိုရေရှည် ရည်မှန်းချက်သည် လူမျိုး၊ ဘာသာ၊ လူမှုစီးပွား အဆင့်အတန်း မခွဲခြားဘဲ မြန်မာနိုင်ငံသားတိုင်း ငွေကြေးအခက်အခဲမရှိ အဆင့်မြင့် ကျန်းမာရေးဝန်ဆောင်မှုကို လက်လှမ်းမီနိုင်ရေး ဖြစ်ပါကြောင်း။

**■ မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် UHC ရည်မှန်းချက်အောင်မြင်ရန် သန္နိဋ္ဌာန်ချမှတ်ပြီးဖြစ်၊ ထိုရေရှည် ရည်မှန်းချက်သည် လူမျိုး၊ ဘာသာ၊ လူမှုစီးပွား အဆင့်အတန်း မခွဲခြားဘဲ မြန်မာနိုင်ငံသားတိုင်း ငွေကြေးအခက်အခဲမရှိ အဆင့်မြင့် ကျန်းမာရေးဝန်ဆောင်မှုကို လက်လှမ်းမီနိုင်ရေးဖြစ်**

**အမျိုးသားကျန်းမာရေးစီမံကိန်း**

နိုင်ငံတော်တည်ဆောက်ရေးတွင် ကျန်းမာရေးကဏ္ဍ၏ အထူးအရေးပါမှုကို အလေးအနက်ထားကာ အစိုးရ၊ တိုင်းရင်းသားလူမျိုးစုတွေ၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ ပုဂ္ဂလိက ကဏ္ဍနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းပြီး ၂၀၃၀ ပြည့်နှစ်တွင် UHC ရည်မှန်းချက် အောင်မြင်ရန် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) ကို ရေးဆွဲခဲ့ကြပါကြောင်း။

UHC အခြေခံမူဝါဒများနှင့်အညီ ပြည်သူလူထုကို ထိရောက်စွာ အကျိုးပြုမည့် ကျန်းမာရေးစနစ်တစ်ခုအတွက် ခိုင်မာသည့် အခြေခံအုတ်မြစ်များကို ချခဲ့ပြီး ထိုကျန်းမာရေးစနစ်အရ နိုင်ငံအတွင်းရှိ ပြည်သူများအားလုံး ကျန်းမာရေးဝန်ဆောင်မှုကို ပိုပြီးလက်လှမ်းမီလာအောင် ရည်မှန်းချက်များ ချမှတ်ထားပြီးဖြစ်ပါကြောင်း။

ငွေကြေးနှင့် နည်းပညာ အကန့်အသတ်ရှိမှုကို ထည့်သွင်းစဉ်းစားပြီး UHC ကို အကောင်အထည်ဖော်ရန် အဓိကကျသည့် မဟာဗျူဟာနယ်ပယ်များကို သတ်မှတ်ခဲ့ပါကြောင်း၊ ယင်းနယ်ပယ်များမှာ ကျန်းမာရေးဝန်ဆောင်မှု၏ အကြောင်းအရာနှင့် အရေးကြီးသည့် ဝန်ဆောင်မှုပေးအပ်ရေးကို သတ်မှတ်ခြင်း၊ အမျိုးသားကျန်းမာရေး ငွေကြေးထောက်ပံ့မှု မဟာဗျူဟာတစ်ရပ် ဖော်ဆောင်ခြင်းနှင့် အဆင့်မြင့်ဝန်ဆောင်မှု ပေးနိုင်ရန် ကျန်းမာရေးစနစ်၏ လုပ်ငန်းဆောင်တာများကို မြှင့်တင်ခြင်းတို့ဖြစ်ပါကြောင်း။

**ကြိုးပမ်းလျက်ရှိ**

ထိုနည်းတူ ကျန်းမာရေးနှင့်ဆိုင်သည့် ဌာနများအားလုံး အပြည့်အဝလည်ပတ်နိုင်ရေး၊ ယင်းဌာနများကို ကျွမ်းကျင်ကျန်းမာရေးဝန်ထမ်းများနှင့် စီမံခန့်ခွဲစေရေး၊ အရေးကြီးဆေးဝါးနှင့် ဆေးပစ္စည်းအားလုံး ရရှိနိုင်ရေးအတွက်လည်း ကြိုးပမ်းလျက်ရှိပါကြောင်း။

နိုင်ငံတော်၏ ကျန်းမာရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးအရင်းအမြစ်ရရှိရေး ဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ် ငွေကြေးထောက်ပံ့မှု ရရှိရေးအတွက် သက်ဆိုင်ရာ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိပါကြောင်း၊ ထိုသို့ လုပ်ဆောင်ရာတွင် ရေရှည်တည်တံ့သည့် ကျန်းမာရေး ငွေကြေးထောက်ပံ့မှု မဟာဗျူဟာတစ်ရပ်ကို ဖော်ဆောင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

**စိန်ခေါ်မှုများ ရင်ဆိုင်ကျော်လွှား**

မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းစ ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများတွင် စိန်ခေါ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်နေရပါကြောင်း၊ ထိုစိန်ခေါ်မှုများကို အခွင့်အလမ်းများအဖြစ် မိမိတို့ သတ်မှတ်ပါကြောင်း၊ ထိုစိန်ခေါ်မှုများကို ပြည်သူနှင့်အတူ ရင်ဆိုင်ကျော်လွှားသွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ ရင်ဆိုင်ကျော်လွှားနိုင်ရေးတွင် ပြည်တွင်း ပြည်ပမှာရှိသည့် စိတ်တူကိုယ်တူ မိတ်ဖက်များ၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံတွင် မတူညီသည့် လူမျိုး၊ ဘာသာနှင့် မြေပြင်အနေအထားရှိသည့်အတွက် ပြည်တွင်းလိုအပ်ချက်နှင့် ကိုက်ညီမည့် မဟာဗျူဟာများကို ဖော်ဆောင်နေပါကြောင်း၊ ထိုသို့ ဖော်ဆောင်ရာတွင် UHC ၏ ရည်မှန်းချက်နှင့်အညီ လုပ်ဆောင်နေပါကြောင်း၊ ထိုသို့ ပြုပြင်ပြောင်းလဲမှုများတွင် အချိန်ယူရန် လိုအပ်သလို ဇွဲရှိရန်လည်း လိုအပ်သည်ဟု မိမိတို့ သိထားပါကြောင်း။

**ကျန်းမာရေးအသိရှိရန် လိုအပ်**

UHC ရည်မှန်းချက်အောင်မြင်ရေးတွင် ပြည်သူများအနေဖြင့် ကျန်းမာရေးအသိရှိရန် လိုအပ်သည့်အပြင် ကျန်းမာရေးနှင့်အညီ ပြုမူနေထိုင်ကြရန် လိုအပ်သည်ကို မိမိတို့ သိရှိပါကြောင်း၊ ထို့ကြောင့် နိုင်ငံအနှံ့အပြားရှိ ပြည်သူများ ကျန်းမာရေးဗဟုသုတမြှင့်တင်ရန် ဆက်လက်ဆောင်ရွက်နေပါကြောင်း။

UHC သည် ရှည်လျားသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့်အတွက် ၎င်း၏ မဟာဗျူဟာများကို အမြဲပြန်လည်သုံးသပ်ပြီး မြှင့်တင်ရန် လိုအပ်သလို ရေရှည်ကိုကြည့်ပြီး စဉ်းစားသုံးသပ်ရန် အမြဲလိုအပ်သည်ကိုလည်း မိမိတို့ သိရှိပါကြောင်း၊ ထို အချက်များကို ထည့်သွင်းစဉ်းစားပြီး UHC ၏ လုပ်ငန်းများကို အဆင့်လိုက် အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း။

**အထမြောက်ရန် လုပ်ဆောင်**

အမျိုးသားကျန်းမာရေးစီမံကိန်းကို စနစ်တကျ အကောင်အထည်ဖော်ခြင်းသည် UHC ၏ ရည်မှန်းချက်များ အောင်မြင်စွာ ရရှိနိုင်လိမ့်မည်ဟု မိမိတို့သိရှိပါကြောင်း၊ UHC ကို အကောင်အထည်ဖော်နေပြီဖြစ်သော်လည်း အထမြောက်ရန် လုပ်ဆောင်ရမည့် လုပ်ငန်းများစွာ ရှိနေသေးပါကြောင်း။

ရည်မှန်းချက်အထမြောက်ရေးအတွက် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မည့် နိုင်ငံနှင့်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို မိမိတို့ စောင့်မျှော်နေပါကြောင်း၊ ယခု အစည်းအဝေးကဲ့သို့ အတွေ့အကြုံ မျှဝေရယူနိုင်သည့် နေရာများတွင် တက်ကြွစွာ ပါဝင်နိုင်ရေးသည် အလွန်အရေးကြီးပါကြောင်း။

**အဆင့်မြင့်ပညာရပ်များ သင်ကြားခွင့်ရ**

မြန်မာနိုင်ငံ၏ UHC ရည်မှန်းချက် အောင်မြင်ရေးတွင် ဂျပန်နိုင်ငံအစိုးရ၏ ကူညီပံ့ပိုးမှုကို မိမိတို့ ကျေးဇူးတင်ရှိပါကြောင်း၊ ဂျပန်နိုင်ငံအစိုးရ၏ နှစ်ပေါင်းများစွာကတည်းက အကူအညီကြောင့် မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ ဂျပန်နိုင်ငံရှိ အင်စတီကျူးရှင်းများတွင် အဆင့်မြင့်ပညာရပ်များကို သင်ကြားခွင့် ရရှိခဲ့ကြပါကြောင်း။

**မိတ်ဆွေအဖြစ် ရှိနေမည်**

UHC နှင့် ပတ်သက်ပြီး ဆက်လက်ကူညီပံ့ပိုးမှု ပြုလုပ်ပေးကြသည့် ဂျပန်အစိုးရ၊ ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ကမ္ဘာ့ဘဏ်အဖွဲ့၊ WHO၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် UHC ၂၀၃၀ အဖွဲ့ဝင်နိုင်ငံများကို ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် အဆွေတော်တို့၏ မယိုင်မလဲခိုင်မြဲသော မိတ်ဆွေအဖြစ် ရှိမြဲရှိနေမည်ဟု ကတိပြုပြောကြားလိုပါကြောင်း။

**အစွမ်းကုန် ဆောင်ရွက်သွားမည်**

မိမိတို့ ပြည်သူများ အသက်ရှည်စွာ နေထိုင်နိုင်ပြီး အဆင့်မြင့်မားသည့် လူနေမှုဘဝ ရရှိရေးအတွက် UHC ရည်မှန်းချက် အောင်မြင်ရေးတွင် မြန်မာအစိုးရအနေဖြင့် အစွမ်းကုန် ဆောင်ရွက်သွားမည်ဟု ပြောကြားလိုပါကြောင်း ပြောကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်သမ္မတသည် အဆင့်မြင့်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ဂျပန် နိုင်ငံဝန်ကြီးချုပ်၊ ဆီနီဂေါနိုင်ငံသမ္မတတို့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ကုလသမဂ္ဂနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံအတွင်းရှိ NGOs, INGO များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး Universal Health Coverage Forum အဆင့်မြင့်အစည်းအဝေးကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**■ မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းစ ဖွံ့ဖြိုးဆဲ နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများတွင် စိန်ခေါ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်နေရ၊ ထိုစိန်ခေါ်မှုများကို အခွင့်အလမ်းများအဖြစ် မိမိတို့ သတ်မှတ်၊ ထိုစိန်ခေါ်မှုများကို ပြည်သူနှင့်အတူ ရင်ဆိုင်ကျော်လွှားသွားမည်ဖြစ်**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ ဖွဲ့စည်း

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်)**

**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီကို ၁၂-၉-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၅/၂၀၁၇ ဖြင့် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပေးပြီးဖြစ်ပါသည်။

၂။ ယင်းအမိန့်ကြော်ငြာစာတွင် ရခိုင်ပြည်နယ်ဆိုင်ရာကော်မရှင်များ၏ အကြံပြုချက်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြေပြင်အခြေအနေပေါ် မူတည်၍ အကျိုးရှိစွာ ထိထိရောက်ရောက်ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သော အကြံဉာဏ်များကို ရယူနိုင်ရန် အကြံပေးအဖွဲ့ကို ပြည်တွင်း/ပြည်ပ ပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ အတွေ့အကြုံရှိသူများနှင့် ဖွဲ့စည်းရမည်ဟု ဖော်ပြထားပါသည်။

၃။ အထက်အပိုဒ်(၂)အတိုင်း လိုအပ်သည့် အကြံဉာဏ်များ ရယူနိုင်စေရန်အတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ကို အောက်ပါ ပြည်တွင်း/ပြည်ပ ပညာရှင်များဖြင့် ဖွဲ့စည်းလိုက်ပါသည်။

(၁) Dr. Surakiart Sathirathai
Chairman, Asia Peace and Reconciliation Council (APRC), Former Deputy Prime Minister and Minister of Foreign Affairs of Thailand

(၂) Mr. Urban Ahlin
Speaker, Chair of the Riksdag Board
Member of the Swedish Parliament

(၃) Governor Bill Richardson
Chairman, Richardson Center for Global Engagement
Former Governor of New Mexico and Former United States Secretary of Energy

(၄) Professor Lord Derzi of Denham
Former Parliamentary Under- Secretary of State of Health, Department of Health
Member of Her Majesty's Most Honourable Privy Council

(၅) Mr. Roelof Petrus (Roclf) Meyer
Former Minister of Defence
Former Minister of Constitutional Affairs and Communication
Former Minister of Constitutional Development and Provincial Affairs South Africa

(၆) ဦးဝင်းမြ
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်

(၇) ဦးထွန်းမြတ်
အငြိမ်းစား၊ ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ်

(၈) ဦးခင်မောင်လေး
အဖွဲ့ဝင်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

(၉) ဦးလှမြင့်
သံအမတ်ကြီး(ငြိမ်း)
အဖွဲ့ဝင်၊ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်

(၁၀) ဒေါက်တာ ဒေါ်ခင်ညို
ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ
ပြည်သူ့လွှတ်တော်

၄။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့သည် သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များနှင့်အညီ အကြံဉာဏ်များ ပေးနိုင်ရေးဆောင်ရွက်ရန် ဖြစ်ပါသည်။

၅။ Dr. Surakiart Sathirathai မှ အကြံပေးအဖွဲ့၏ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်မည်ဖြစ်ပါသည်။

# အရေးအတွက်ထက် တိုင်းရင်းသားတွေ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ အားလုံးလက်ခံနိုင်တဲ့ အဆင့်တစ်ခုဖြစ်အောင် ဆောင်ရွက်နေပါတယ်

**ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်ပြီးမြောက်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ကျင်းပသည်။**

အခမ်းအနားတွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း လုပ်ငန်းစဉ်များ၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ရရှိသည့် အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ပြောကြားချက်များကို ပြန်လည်ဖော်ပြအပ်ပါသည်။

**ဦးသိန်းဆွေ**
**ပြည်ထောင်စုဝန်ကြီး**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

လူမျိုးစုဆိုင်ရာ စာရင်းဇယားတွေကတော့ ပြုစုပြီးပါပြီ၊ ဒါတွေကို ဆက်ပြီးညှိနှိုင်းဖို့ လိုအပ်နေသေးတယ်၊ ပြီးတော့ အောက်ခြေမှာရှိတဲ့ လူမျိုးစုတွေကိုလည်း သဘောပေါက်အောင် ရှင်းပြဆောင်ရွက်ဖို့ လိုပါတယ်၊ ဆောင်ရွက်ရမယ့် လုပ်ငန်းတွေ တချို့ကျန်နေသေးတဲ့အတွက် လောလောဆယ် မထုတ်ပြန်နိုင်သေးတာ ဖြစ်ပါတယ်၊ အမြန်ဆုံးထုတ်ပြန်နိုင်အောင် ကြိုးစားနေပါတယ်။

သတ်မှတ်တဲ့ ထုတ်ပြန်ချက်စာရင်းဇယား ဆောင်ရွက်ခြင်းအားဖြင့် တိုင်းရင်းသားတွေအားလုံး စိတ်ထဲမှာ စိတ်ဝမ်းမကွဲပြားဖို့ လိုပါတယ်၊ မလိုလားအပ်တဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေ မဖြစ်ပေါ်ဖို့အတွက် အားလုံးက သတိထားပြီး ကိုင်တွယ်စိစစ်နေပါတယ်၊ အရေအတွက်ထက် တိုင်းရင်းသားတွေ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ အားလုံးလက်ခံနိုင်တဲ့ အဆင့်တစ်ခုဖြစ်အောင် ဆောင်ရွက်နေပါတယ်၊ အရေအတွက် တိုးသွားမလား၊ လျော့သွားမလားဆိုတာတော့ ပြောလို့မရပါဘူး၊ တိုင်းရင်းသားတွေအားလုံး ညှိနှိုင်းပြီးမှ ဆုံးဖြတ်မှာ ဖြစ်ပါတယ်၊ ဖြစ်နိုင်တာကတော့ လျော့နည်းဖို့ များပါတယ်။

အဲဒါတွေကို အောက်ခြေမှာ ချပြဖို့ကို ညှိနှိုင်းနေပါတယ်၊ အဓိက ဆုံးဖြတ်ရမှာကတော့ ဒေသမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ အဆုံးအဖြတ်ဖြစ်ပါတယ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဒေါက်တာခိုင်ခိုင်စိုး**
**ညွှန်ကြားရေးမှူး**
**ပြည်သူ့အင်အားဦးစီးဌာန**

၂၀၁၄ လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီးကတော့ ပြီးသွားပါပြီ၊ သန်းခေါင်စာရင်းကရလာတဲ့ အချက်အလက်တွေကို ပြည်သူတွေ၊ Planner တွေ၊ မူဝါဒချမှတ်တဲ့လူတွေ သုံးစွဲဖို့အတွက်ကို Dissemination workshop တွေဆက်ပြီး လုပ်သွားဖို့ရှိပါတယ်၊ သန်းခေါင်စာရင်းကရလာတဲ့ အချက်အလက်တွေကို ကိန်းဂဏန်းတွေလို့ပဲ လူတွေက မြင်နေကြပါတယ်၊ အမှန်တော့ ဒီကိန်းဂဏန်းတွေက ကျွန်မတို့ နေ့စဉ်ဘဝမှာ ဘယ်လိုအသုံးပြုမယ်၊ ဘယ်လို အသုံးဝင်တယ်ဆိုတဲ့ အပိုင်းတွေ၊ မူဝါဒတွေချမှတ်တဲ့ နေရာမှာ ဘယ်လိုသုံးစွဲမယ်၊ အထူးသဖြင့် သန်းခေါင်စာရင်းက ရလာတဲ့ အချက်အလက်တွေက ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်အထိကို အတိအကျ ရပါတယ်၊ ဒီအချက်အလက်တွေကို မြို့နယ်အဆင့်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့် Planning တွေ လုပ်တဲ့အခါမှာလည်း အသေးစိတ်သုံးစွဲလို့ ရပါတယ်။

လူထု လူတန်းစားအဖွဲ့အစည်းအသီးသီးကို သန်းခေါင်စာရင်းအချက်အလက်တွေ ဘယ်လိုသုံးရမယ်ဆိုတဲ့ အပိုင်းကို သိဖို့အတွက် ပညာပေးလုပ်ငန်းတွေ ဆက်လုပ်သွားမှာ ဖြစ်ပါတယ်၊ နိုင်ငံခြားအထောက်အပံ့အကူအညီရမယ်ဆိုရင် ၂၀၁၄ သန်းခေါင်စာရင်းနဲ့ ၂၀၂၄ သန်းခေါင်စာရင်းမှာ Data Census Survey ကောက်ချင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ သန်းခေါင်စာရင်းမကောက်တာလည်း နှစ် ၃၀ ကျော် ကြာခဲ့ပြီ၊ ၂၀၂၄ သန်းခေါင်စာရင်း မကောက်ခင်အထိကို ဆက်လက်ခန့်မှန်းသွားဖို့ အတွက် ဒီကြားထဲမှာ Data Census Survey သဘောမျိုးလေးလိုအပ်ပါတယ်၊ ဒီ Data Census Survey ကောက်နိုင်ဖို့အတွက်ကိုလည်း ဆက်ပြီး ကြိုးစားသွားမှာ ဖြစ်ပါတယ်၊ Census နှစ်ခုကြားဆိုရင် ၂၀၁၉ ခုနှစ်မှာ ကောက်ဖို့လိုမှာ ဖြစ်ပါတယ်။

ဒီနေ့ရရှိလာတဲ့ အချက်အလက်တွေကို မနက်ဖြန်ကျရင် အဖွဲ့လိုက် ပြန်တင်ပြမှာ ဖြစ်ပါတယ်၊ သန်းခေါင်စာရင်းနဲ့ ပတ်သက်လို့ ဘယ်လိုအသုံးပြုကြမယ်၊ ပြည်သူတွေ ကြားထဲမှာ ပိုပြီးတော့ ပျံ့နှံ့သွားအောင် ဘယ်လိုလုပ်ကြမယ်ဆိုတဲ့ အပိုင်းတွေကို မနက်ဖြန်မှာ အစုအဖွဲ့လိုက် ဆွေးနွေးဖို့ ရှိပါတယ်၊ တကယ်တမ်းဆိုရင် သန်းခေါင်စာရင်း အချက်အလက်တွေက စားမကုန်သုံးမကုန်တဲ့ ဘဏ္ဍာတိုက်ကြီးလို့ ပြောလို့ရပါတယ်၊ ထုတ်ယူသုံးစွဲလို့ မကုန်အောင် အချက်အလက်တွေ အများကြီး ရှိပါတယ်၊ ကိုယ်နဲ့ဆိုင်ရာဆိုင်ရာကဏ္ဍတွေမှာ အသုံးချဖို့ အတွက်ကို ပြောလိုပါတယ်။

အိမ်တစ်အိမ်မှာ လူဘယ်နှယောက်ရှိတယ်၊ ပွဲတစ်ပွဲ လုပ်မယ်ဆိုရင် လူဘယ်နှယောက်ရှိတယ်ဆိုတာသိမှ၊ အခြေခံစာရင်းဇယားကိုသိမှ ကျန်တဲ့တွက်ချက်တဲ့ အပိုင်းတွေကို ဆောင်ရွက်လို့ရပါတယ်၊ ဒီလိုပဲ နိုင်ငံတော်မှာ ဆိုရင်လည်း ကိုယ့်နိုင်ငံမှာ လူဦးရေဘယ်လောက်ရှိတယ်၊ အသက်အပိုင်းအခြားအလိုက် လူဦးရေဘယ်လောက်ရှိတယ်၊ ကျေးလက်မှာ ဘယ်လောက်နေတယ်၊ မြို့ပြမှာ ဘယ်လောက်နေတယ်၊ သက်ကြီးရွယ်အိုတွေ ဘယ်လောက်ရှိတယ်၊ ပညာတတ်တွေ ဘယ်လောက်ရှိတယ်၊ အလုပ်လုပ်တဲ့သူတွေ ဘယ်လောက်ရှိတယ်၊ အလုပ်လက်မဲ့တွေ ဘယ်လောက်ရှိတယ်၊ ဒါတွေကို မြို့နယ်အဆင့်လောက်အထိ သိမယ်ဆိုရင် လိုအပ်တဲ့နေရာတွေမှာ စီမံကိန်းတွေရေးဆွဲပြီး ဆောင်ရွက်သွားလို့ ရပါတယ်။

**ဒေါက်တာဇော်မိုးအောင်**
**Country Director**
**The Leprosy Mission Myanmar**

မသန်စွမ်းမှုတွေကို တိုင်းတာချင်တာဟာ အားလုံးရဲ့ ဆန္ဒဖြစ်ပါတယ်၊ နိုင်ငံတော်ကလည်း တိုင်းတာချင်တယ်၊ မသန်စွမ်းတဲ့သူတွေကလည်း တိုင်းတာချင်တယ်၊ ဘယ်လိုတိုင်းတာမလဲဆိုတာကတော့ တော်တော်လေးကို စိန်ခေါ်မှု တစ်ခု ဖြစ်ပါတယ်၊ လူမှုဝန်ထမ်းဦးစီးဌာနက အစဉ်အဆက်အရ မသန်စွမ်းတဲ့သူဆိုတဲ့ Definition သတ်မှတ်ချက်နဲ့ မေးခွန်း လေးခုရှိတယ်၊ အဲဒီမေးခွန်းလေးခုနဲ့ ၂၀၁၃ မှာ စပြီးတော့ သုံးကြည့်တယ်၊ မသန်စွမ်းမှုရာခိုင်နှုန်းက တစ် ရာခိုင်နှုန်းလောက်ပဲရပါတယ်၊ ကုလသမဂ္ဂ အသိအမှတ်ပြု စာရင်းအင်းပညာရှင်တွေ ဖွဲ့စည်းထားတဲ့ သန်းခေါင်စာရင်းတွေမှာ မသန်စွမ်းနဲ့ပတ်သက်တဲ့ မေးခွန်းကို

*စာမျက်နှာ ၇ သို့*




ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ



ဒေါက်တာ
ခိုင်ခိုင်စိုး
ညွှန်ကြားရေးမှူး
ပြည်သူ့အင်အား
ဦးစီးဌာန




ဒေါက်တာ
ဇော်မိုးအောင်
Country
Director
The
Leprosy
Mission
Myanmar

**"၂၀၁၄ ခုနှစ်တွင် ကောက်ခံခဲ့သည့် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၁ ဒသမ ၄၈ သန်းရှိပြီး အမျိုးသားဦးရေမှာ ၂၄ ဒသမ ၈ သန်း၊ အမျိုးသမီးဦးရေမှာ ၂၆ ဒသမ ၇ သန်း ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ လူဦးရေအများစုမှာ မြန်မာပြည်အလယ်ပိုင်းတစ်လျှောက်တွင် သိပ်သည်းမှုများပြီး ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့ကြီးများနှင့် ဆက်သွယ်ထားသည့် လမ်းကြောင်းပေါ်တွင် သိပ်သည်းမှု အများဆုံးဖြစ်"**

# လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၄**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် National Democratic Institute (NDI) မှ Regional Director for Asia, Mr.Peter M. Manikasနှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ အဆိုပါတွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း National Democratic Institute (NDI) မှ Regional Director for Asia, Mr.Peter M. Manikas နှင့် အဖွဲ့အား တွေ့ဆုံစဉ်။**

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်နှင့် တာဝန်ရှိသူများ နီပေါ ဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သတင်းမီဒီယာကောင်စီ (ယာယီ)ဥက္ကဋ္ဌ Mr. Kishor Shrestha ဦးဆောင်သည့် အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် နီပေါသတင်းမီဒီယာကောင်စီ(ယာယီ) ဥက္ကဋ္ဌ အဖွဲ့အား ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

နေပြည်တော် ဒီဇင်ဘာ ၁၄

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်သည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သတင်းမီဒီယာကောင်စီ (ယာယီ)ဥက္ကဋ္ဌ Mr. Kishor Shrestha ဦးဆောင်သည့် အဖွဲ့အား ယနေ့ ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ တုံဂပူရီဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

အဆိုပါ ညစာစားပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းနှင့် ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး Mr.Bhim K. Udas နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လေ့လာသွားမည်**

အဆိုပါ နီပေါသတင်းမီဒီယာအဖွဲ့သည် မြန်မာနိုင်ငံ၏ သတင်းမီဒီယာလုပ်ငန်းများကို ဒီဇင်ဘာ ၁၅ ရက်ထိ လေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အရပ်ဘက်နှင့်နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်နှင့် စပ်လျဉ်းသည့် ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျီနီဗာမြို့အခြေစိုက် Centre for Civil and Political Rights တို့ ပူးပေါင်းကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

အရပ်ဘက်နှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည် ဆိုင်ရာစာချုပ် (ICCPR) နှင့် စပ်လျဉ်းသည့် ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျီနီဗာမြို့အခြေစိုက် အရပ်ဘက်နှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာဗဟိုဌာန (CCPR) တို့ ပူးပေါင်း၍ နေပြည်တော်၌ ဒီဇင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပလျက်ရှိပြီး နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက အဖွင့်အမှာစကား ပြောကြားသည်။




**တက်ရောက်**

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်တို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း ၅၀ ခန့် တက်ရောက်လျက်ရှိသည်။

ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကိုလည်း နေပြည်တော်၌ ယခုနှစ်အစောပိုင်းတွင် ကျင်းပခဲ့သည်။

**အထောက်အကူပြုစေမည်**

မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များအား လေ့လာခြင်းနှင့် အတည်ပြုပါဝင်ခြင်းဖြင့် ပြည်သူများ၏ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ICCPR သို့ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိုရည်ရွယ်၍ ICCPR တွင် ပါဝင်သည့် အချက်အလက်များအား သက်ဆိုင်သူများ ပိုမိုသိရှိနားလည်စေရန် အလို့ငှာ ဤအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။ လက်ရှိ အလုပ်ရုံဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်လျက်ရှိသော ဌာနဆိုင်ရာအသီးသီးအနေဖြင့် ICCPR စာချုပ်အား ပိုမိုသိရှိနားလည်လာရန် မြန်မာနိုင်ငံမှ ICCPR သို့ ပါဝင်ရေး စဉ်းစားရာတွင် အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ဘယ်လိုမေးမလဲဆိုတာကို Formulate လုပ်ထားတဲ့ ပညာရှင်တွေအဖွဲ့နဲ့ ကျွန်တော် ဆက်သွယ်ပါတယ်၊ သူတို့ကလည်း လိုအပ်တဲ့ ထောက်ပံ့မှုတွေ ပေးပါတယ်။

သူတို့ဆီမှာတော့ မေးခွန်းခြောက်ခုရှိတယ်၊ ဒါတွေကို ထည့်လိုက်ရင်တော့ ကောင်းတယ်ဆိုပြီး ကျွန်တော်တို့ အပြန်အလှန်ညှိနှိုင်းမှုတွေ လုပ်ပါတယ်၊ ညှိနှိုင်းကြတော့ မေးခွန်းရဲ့သဘောတရားအရ အဆင့်လိုက်မေးရပါတယ်။

သန်းခေါင်စာရင်းကရလာတဲ့ အချက်အလက်တွေက အတိုင်းအတာတစ်ခုအထိ အောင်မြင်မှု ရခဲ့ပါတယ်၊ လက်ရှိမှာ မသန်စွမ်းသူအရေအတွက် ၂ ဒသမ ၃ သန်း ရှိပါတယ်၊ မျက်မမြင်၊ နားမကြား၊ ဉာဏ်ရည်မမီသူတွေပေါ့၊ တခြားနည်းလမ်းတွေနဲ့ ထပ်ပြီးရှာမယ်ဆို ရှိနိုင်ပါတယ်၊ နောက်ပြီး မွေးခါစကနေ ငါးနှစ်အထိကလေးတွေကတော့ မကွဲပြားဘူး၊ သန်စွမ်းလား၊ မသန်စွမ်းလားဆိုတာ မသိရပါဘူး၊ အော်တစ်ဇင်ဖြစ်နေလား၊ မဖြစ်နေလား မကွဲပြားပါဘူး။

၂၀၁၄ ခုနှစ်တွင် ကောက်ခံခဲ့သည့် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လူဦးရေမှာ ၅၁ ဒသမ ၄၈ သန်းရှိပြီး အမျိုးသားဦးရေမှာ ၂၄ ဒသမ ၈ သန်း၊ အမျိုးသမီးဦးရေမှာ ၂၆ ဒသမ ၇ သန်း ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ လူဦးရေအများစုမှာ မြန်မာပြည်အလယ်ပိုင်းတစ်လျှောက်တွင် သိပ်သည်းမှုများပြီး ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့ကြီးများနှင့် ဆက်သွယ်ထားသည့် လမ်းကြောင်းပေါ်တွင် သိပ်သည်းမှု အများဆုံးဖြစ်ကြောင်း သိရသည်။

၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းနှင့် နှိုင်းယှဉ်လျှင် လူငယ်စာတတ်မြောက်မှုမှာ မြင့်မားလာသော်လည်း ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် လူငယ်စာတတ် မြောက်မှုနှုန်းနည်းပါးဆဲဖြစ်ပြီး လူငယ်ငါးသိန်းခန့်မှာ လုံးဝစာမရေးတတ်၊ မဖတ်တတ်သည်ကိုတွေ့ရကြောင်း သိရသည်။ စာတတ်မြောက်မှုနှုန်း နိမ့်ကျနေသည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် မသင်မနေရ မူလတန်းစနစ်ကို အပြည့်အဝအကောင်အထည်ဖော်နိုင်မည်ဆိုပါက လူငယ်စာမတတ်မြောက်မှုနှုန်း လျှော့ချနိုင်မည်ဟု ထောက်ပြထားကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံတွင် ၃၂ ရာခိုင်နှုန်းသာ လျှပ်စစ်မီးရရှိပြီး ကျေးလက်မြို့ပြ ကွာခြားသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုမှာ လျှပ်စစ်မီးရရှိမှုနှင့် တိုက်ရိုက်အချိုးကျနေသည့်အတွက် ကျေးလက်လျှပ်စစ်မီးရရှိရေးကိုလည်း ဦးစားပေးထောက်ပြထားကြောင်း သိရသည်။

**သတင်း-မျိုးမြင့်၊ မီမီဖြိုး၊ ဓာတ်ပုံ-အောင်သူ**

**"၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းနှင့် နှိုင်းယှဉ်လျှင် လူငယ်စာတတ်မြောက်မှုမှာ မြင့်မားလာသော်လည်း ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် လူငယ် စာတတ်မြောက်မှုနှုန်းနည်းပါးဆဲဖြစ်ပြီး လူငယ် ငါးသိန်းခန့်မှာ လုံးဝ စာမရေးတတ်၊ မဖတ်တတ်သည်ကို တွေ့ရ၊ စာတတ်မြောက်မှုနှုန်း နိမ့်ကျနေသည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် မသင်မနေရ မူလတန်းစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်မည်ဆိုပါက လူငယ် စာမတတ်မြောက်မှုနှုန်း လျှော့ချနိုင်မည်ဟု ထောက်ပြထား။"**

# အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍများအား ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Pramila Patten နှင့် အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ယာယီစခန်းများ တည်ဆောက်ရေး ကိစ္စရပ်များ၊ လူသားချင်းစာနာကူညီမှုများအား ပြည်ထောင်စုအစိုးရ၊ ဒေသဆိုင်ရာအစိုးရ၊ လူမှုအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စေတနာ့ဝန်ထမ်းလုပ်ငန်းများနှင့်အတူ မိတ်ဆွေနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကူညီထောက်ခံနေမှုကိစ္စရပ်များ၊ ပဋိပက္ခဖြစ်ပွားရာဒေသများတွင်လည်း ဘေးဒဏ်ခံစားခဲ့ရသူများအား စိတ်ပိုင်းဆိုင်ရာပံ့ပိုးခြင်း၊ ကလေးပျော် ဌာနများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသော အမျိုးသမီးများအတွက် လုံခြုံသောနေရာများ သတ်မှတ်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍများအား ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Pramila Patten အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** သတင်းစဉ်

# စာပေညီလာခံ ၂၀၁၇ (ဒုတိယနေ့) ရန်ကုန်မြို့၌ ဆက်လက်ကျင်းပ၊ စာပေအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၁၄**

“လွတ်လပ်သောစာပေ၊ လွတ်လပ်သောအသံ” ဆောင်ပုဒ်နှင့်အညီ ကျင်းပလျက်ရှိသည့် စာပေညီလာခံ ၂၀၁၇ (ဒုတိယနေ့)ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် မင်းဓမ္မလမ်းရှိ (Myanmar Convention Center –MCC) ခန်းမ၌ ဆက်လက်ကျင်းပရာ စာပေအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးကြသည်။

**ပါဝင်ဆွေးနွေး**

ယနေ့ ညီလာခံတွင် အဖွဲ့လိုက်စာပေဆွေးနွေးပွဲများကို နေရာခြောက်ခုခွဲ၍ ကျင်းပရာ နံနက်ပိုင်းတွင် မြန်မာဘာသာပြန်ကွန်ရက်က "To Organize a semi- gov Art Council" ခေါင်းစဉ်ကို စာရေးဆရာ မြေမှုန်လွင်က ဦးဆောင်ဆွေးနွေးပြီး Dan Feng၊ Kate Griffin က လည်းကောင်း၊ အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်းက “ဝတ္ထုတိုအတွေးနှင့် ခေတ်ပြိုင်ခံစားမှု” ခေါင်းစဉ်ကို စာရေးဆရာ ညီပုလေးက ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ဆူးငှက်၊ စိုးလှိုင်တင့် (ရေစကြို)၊ ကိုရိုးကွန့်တို့က လည်းကောင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းက “အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြင်ပစာပေအခန်းကဏ္ဍ” ခေါင်းစဉ်ကို စာရေးဆရာ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ မနုဿကျော်ဝင်း၊ မြတ်ဝေတိုး (ပညာရေး)၊ မော်ဝန်းကြည်မြတ်၊ ဒေါက်တာထွန်းတင့်တို့က လည်းကောင်း၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက “မူပိုင်ခွင့်နှင့် ဆက်စပ်အကြောင်းအရာများ” ခေါင်းစဉ်ကို စာရေးဆရာ ဦးကျော်ဦး (ပါရမီ)က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ မျိုးအောင် (ရုက္ခဗေဒ)၊ ကြည်ရွှန်း၊ ခိုင်ခိုင်ဦးတို့က လည်းကောင်း၊ Pen Myanmar က “ဒစ်ဂျစ်တယ် စာပေဈေးကွက်ဆီသို့” ခေါင်းစဉ်ကို စာရေးဆရာ ဟန်ဇော်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ဝင်းလှိုင်၊ ဇေယျာသူ၊ စိုးသီဟနောင်တို့က လည်းကောင်း၊ မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂက “နယ်ကဗျာ ဆရာတို့ရင်ဆိုင်ရသော စာပေဆိုင်ရာ အခက်အခဲများ” ခေါင်းစဉ်ကို ကဗျာဆရာ မောင်လင်းရိပ်က ဦးဆောင်ဆွေးနွေးပြီး ကဗျာဆရာ နေပန်ဦး၊ သားဦး၊ မင်းဆွေနှစ်၊ နရီ(မြိတ်) တို့က လည်းကောင်း ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးကြသည်။



**မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက “ မူပိုင်ခွင့်နှင့်ဆက်စပ်အကြောင်းအရာများ” ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။**



**မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂက “နယ်ကဗျာဆရာတို့ ရင်ဆိုင်ရသော စာပေဆိုင်ရာအခက်အခဲများ” ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။**

**အွန်လိုင်းစာပေ တိုးတက်စေရေး**

ထို့နောက် နေ့လယ်ပိုင်းတွင် သီးခြားအစုအဖွဲ့(ကမ်းလက်များစာပေအဖွဲ့)က “အွန်လိုင်းစာပေ အဖွဲ့အစည်းများ ပိုမိုတိုးတက်စေရေး” ခေါင်းစဉ်ကို စာရေးဆရာ ရဲစတိုင်းက ဦးဆောင်ဆွေးနွေးပြီး လုလင်လက်ျာ၊ မော်မော့်မောင်၊ ကိုစက်ဖေ၊ အမောင်ပုဂံတို့က လည်းကောင်း၊ သီးခြားအစုအဖွဲ့(မြိတ်)က “မြိတ်ရိုးရာဓလေ့စာပေနှင့် ဒေသိယ အသုံးအနှုန်း” ခေါင်းစဉ်ကို စာရေးဆရာ နရီ(မြိတ်)က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ အောင်တင်၊ သင်းစီ၊ M ဇော်အောင်၊ စိုးနိုင်(တက္ကသိုလ်)တို့က လည်းကောင်း၊ မြန်မာစာပေချစ်မြတ်နိုးသူများအသင်းက “မြန်မာစာပေ အရေးအသားထိန်းသိမ်းစောင့်ရှောက်ရေး” ခေါင်းစဉ်ကို စာရေးဆရာဂုဏ်ထူး ဦးသိန်းနိုင်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ဒေါက်တာထွန်းတင့်၊ ဦးစောထွန်း (စောလူ)၊ မောင်ခင်မင်(ဓနုဖြူ) တို့က လည်းကောင်း၊ မြန်မာစာရေးဆရာ ကလပ်က “နိုင်ငံတကာစာပေနှင့် စာပေဆု” ခေါင်းစဉ်ကို စာရေးဆရာ ဟိန်းလတ်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ လေးကိုတင်၊ ဒီပနီလင်း၊ သန်လျင်မောင်ဝင့်ဝါတို့ကလည်းကောင်း၊ မြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂက “မျက်မှောက်ခေတ် မြန်မာဝတ္ထုတို အခြေအနေ” ခေါင်းစဉ်ကို စာရေးဆရာ လင်းထင်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ဆင်တဲဝမြတ်ဖုန်း၊ နှင်းဆီအောင်၊ ကြည်မွေ့အိမ်၊ လှဲ့ဝင်းကြည်(ချို) တို့က လည်းကောင်း၊ မြန်မာဘာသာပြန်ကွန်ရက်က "Scholar Translation for Education" ခေါင်းစဉ်ကို စာရေးဆရာ ကောင်းသန့်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ဆရာမိုး (Follow me)၊ မျိုးမြတ်သူ၊ မောင်သိန်းလွင်တို့ကလည်းကောင်း ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာဘာသာပြန်ကွန်ရက်က “ပြည်သူ့စာကြည့်တိုက်များ၏ အခန်းကဏ္ဍ” ခေါင်းစဉ်ကို စာရေးဆရာ ဟိန်းလတ်က ဦးဆောင်ဆွေးနွေးပြီး ဇော်ဇော် (မန္တလေး)၊ မောင်မောင်စိုး၊ ကျော်ဇင်လင်းတို့က လည်းကောင်း၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက “ပြောင်းလဲလာသော ပုံနှိပ်ထုတ်ဝေရေး အခြေအနေ” ခေါင်းစဉ်ကို စာရေးဆရာ သူရိန်ထွန်းက ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ဝင်းလှိုင် (ဝန်ဇင်း)၊ မြင့်သူ၊ ကျော်ဌေးမင်း၊ စန်းဦးတို့က လည်းကောင်း၊ သီးခြားအစုအဖွဲ့(မော်လမြိုင်)က “သုတေသနစာပေ ဖြစ်ထွန်းရေးလိုအပ်ကြောင်း အကြံပြုချက်” ခေါင်းစဉ်ကို စာရေးဆရာ မင်းလက်ဝဲ အနော်ရထာက ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ မွန်ဝင်းဗိုလ်၊ လယ်တောကြာနီ၊ ကျော်လွင်(COA)၊ မင်းနိုင်တို့ကလည်းကောင်း၊ သီးခြားအစုအဖွဲ့(မြန်မာစာဌာန)က “မြန်မာစာ မြန်မာစကား ထိန်းသိမ်းရေး” ခေါင်းစဉ်ကို စာရေးဆရာ ဒေါက်တာဌေးလွင်က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ဒေါက်တာအောင်မြင့်ဦး၊ မောင်သာချို၊ မေစာတို့ကလည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းက “အမျိုးသားစာပေဆုနှင့် ဓမ္မဓိဋ္ဌာန်ကျမှု” ခေါင်းစဉ်ကို စာရေးဆရာမ မနှင်းဖွေးက ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ချစ်ဦးညို၊ လယ်တွင်းသားစောချစ်၊ မစန္ဒာတို့ကလည်းကောင်း၊ Pen Myanmar က “အတွေးအမြင် ပြောင်းလဲရေးအတွက် ဘာသာပြန်စာပေ၏ ကဏ္ဍ” ခေါင်းစဉ်ကို စာရေးဆရာမ မသီတာ(စမ်းချောင်း)က ဦးဆောင်ဆွေးနွေးပြီး စာရေးဆရာ ကိုတာ၊ ကျော်ဝင်းတို့ကလည်းကောင်း ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

**တည့်မတ်အောင် ထိန်းပေး**

အလားတူ ညီလာခံ ပထမနေ့တွင်လည်း စာပေနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များက သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ကြပြီး နှစ်ရက်တာ ဆွေးနွေးခဲ့မှုများအပေါ် စာပေညီလာခံ ၂၀၁၇ ခုနှစ် ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စာရေးဆရာ မောင်သွေးသစ်က “ကျွန်တော်တို့နိုင်ငံမှာက အုပ်စုဖွဲ့ဆွေးနွေးတာက နည်းနည်းစိမ်းနေပါသေးတယ်။ အဲဒီလိုဆွေးနွေးတဲ့အခါမှာ ဦးဆောင်ဆွေးနွေးတဲ့သူက ဆွေးနွေးပွဲကို တည့်မတ်အောင်ထိန်းပေးဖို့ လိုအပ်ပါတယ်။ နောက်တစ်ခုက စာပေညီလာခံလုပ်တယ်ဆိုတာ သက်ဆိုင်ရာတာဝန်ရှိသူတွေကို တောင်းဆိုနေတာ မဟုတ်ပါဘူး၊ တင်ပြခြင်းမျိုးပဲဖြစ်ပါတယ်၊ ဒါကြောင့် တင်ပြတဲ့ မေးခွန်းမျိုးဖြစ်သင့်ပါတယ်၊ ဒါမှလည်း ကျွန်တော်တို့ရည်ရွယ်တဲ့ လမ်းကြောင်းပေါ်ရောက်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဆီမှာ အတွေ့အကြုံနည်းတဲ့အတွက် တချို့ကတော့ ဟောပြောပွဲပုံစံ လုပ်သွားတယ်၊ တချို့ကတော့ စာတမ်းဖတ်တဲ့ ပုံစံလုပ်သွားတာမျိုး တွေ့ရပါတယ်။ ဆိုလိုချင်တာကတော့ စုပေါင်းဆွေးနွေးမှုတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေထံတင်ပြတဲ့ ပုံသဏ္ဌာန်မျိုးရောက်ဖို့ လိုပါတယ်” ဟု ၎င်း၏အမြင်ကို ပြောကြားသည်။

အကြောင်းအရာတစ်ခုအပေါ် တစ်ဦးချင်းစီ၏ မတူညီသောရှုထောင့်၊ အသိအမြင်၊ အတွေး၊ ဆင်ခြင်သုံးသပ်ခြင်းများဖြင့် ဆွေးနွေးရာမှ ပိုမိုပြည့်စုံသော အကြောင်းအရာ၊ စိတ်ကူးစိတ်သန်း ရလဒ်ကောင်းများ ရရှိလာစေရန် ရည်ရွယ်၍ ဆွေးနွေးမှု စကားဝိုင်းများကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**လေးရက်ကြာ ကျင်းပ**

စာပေညီလာခံကို ဒီဇင်ဘာ ၁၃ ရက်မှစ၍ ဒီဇင်ဘာ ၁၆ ရက်အထိ လေးရက်ကြာ ကျင်းပလျက်ရှိပြီး ပထမ၊ ဒုတိယနှင့် တတိယနေ့တို့တွင် စာပေအနုပညာရှင် အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များက သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

စတုတ္ထနေ့တွင် ဆွေးနွေးမှုရလဒ်များကို ညီလာခံသို့ တင်သွင်း၍ အတည်ပြုချက်ရယူကာ ပြန်ကြားရေးဝန်ကြီးဌာနသို့ တင်သွင်းသွားမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညီလာခံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စာပေပညာရှင်များနှင့် စာရေးဆရာ ဆရာမ ၂၀၀ ကျော်တို့က သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိရာ စာရေးဆရာ ဆရာမများ၊ စာပေနယ်ပယ်အသိုင်းအဝိုင်း အသီးသီးမှ ပုဂ္ဂိုလ်များ၊ စာပေဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာပေညီလာခံ ၂၀၁၇ ကို မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အထက်မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာစာပေချစ်မြတ်နိုးသူများအသင်း၊ မြန်မာနိုင်ငံစာပေ ပြန့်ပွားရေးအသင်း၊ မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂ၊ Pen Myanmar၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံစာရေးဆရာသမဂ္ဂ၊ မြန်မာနိုင်ငံ စာရေးဆရာကလပ်၊ မြန်မာနိုင်ငံ ကာတွန်းဆရာအသင်း၊ မြန်မာဘာသာပြန်ကွန်ရက်တို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်သည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-လှမိုး**



**မြန်မာစာရေးဆရာကလပ်က “နိုင်ငံတကာစာပေနှင့် စာပေဆု” ခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။**

# ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ဒုတိယအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၄

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်သော ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ဒုတိယအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီခွဲက အဆိုပါဝန်ကြီးရုံး ကျွန်းရွှေဝါခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။**

ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ စီးပွားရေးရာကော်မတီက ၂၀၁၇ ခုနှစ် ဇွန်လကတည်းက ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ၁၀ ဖွဲ့ ဖွဲ့စည်းရေးကို ခွင့်ပြု ထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ ၁၀ ဖွဲ့ထဲတွင် ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ယခုအချိန်၌ ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ဆက်စပ်ဝန်ကြီးဌာနများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ အတွင်းရေးမှူးရုံးကို ဖွဲ့စည်းထားခဲ့ပြီးဖြစ်၍ ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ထိရောက်စွာ လည်ပတ်နိုင်ရေးကို အထောက်အကူပြုလျက် ရှိပါကြောင်း။

အဆိုပါ ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အောက်တွင် သစ်တောကဏ္ဍခွဲဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၊ ပတ်ဝန်းကျင်ကာကွယ်ရေးကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် အစိမ်းရောင်သတ္တုကဏ္ဍခွဲဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ သုံးဖွဲ့ ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုအကူအညီများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့မှ ထုတ်ပြန်ထားသည့် ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ လိုက်နာရမည့် လမ်းညွှန်ချက်များအရ ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးများကို လေးလလျှင် အနည်းဆုံး တစ်ကြိမ်ပြုလုပ်ပြီး ဆွေးနွေးမှုရလဒ်များကို ဖွံ့ဖြိုးမှုအကူအညီများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သို့ တင်ပြရန်လိုအပ်ပါကြောင်း၊နောက်ညွှန်ကြားချက်တစ်ခုတွင် ကဏ္ဍအလိုက် ဦးစားပေးစီမံကိန်းများနှင့် စီမံချက်များကို ၎င်းတို့၏ ခန့်မှန်းကုန်ကျစရိတ်များနှင့်အတူ ခြောက်လအတွင်းပြုစုပြီး အဖွဲ့ဝင်များထံဖြန့်ဝေရန် ဖြစ်ပါကြောင်း၊ လမ်းညွှန်ချက်ကို ၂၀၁၇ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ပြီးဖြစ်သည့်အတွက် အခုဆိုလျှင် ခြောက်လရှိပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ပြီးသည့် စီမံကိန်းစာရင်းပြုစုရန်လိုအပ်နေပါကြောင်း၊ ထိုသို့ စာရင်းပြုစုပြီးလျှင် ဦးစားပေးအဆင့်သတ်မှတ်ရန် လိုအပ်ပါကြောင်း၊ ထို့နောက် အဖွဲ့ဝင်များအတွင်း ဖြန့်ဝေပေးပြီး နောက်ဆုံးတွင် ဖွံ့ဖြိုးမှုအကူအညီများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သို့ တင်ပြရမည်ဖြစ်ပါကြောင်း။

ယခုအစည်းအဝေးတွင် ပထမဆုံးအနေဖြင့် ကဏ္ဍခွဲဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌများက ကဏ္ဍခွဲဆိုင်ရာ ဆွေးနွေးပွဲရလဒ်များနှင့် တွေ့ရှိမှုများကို တင်ပြမည်ဖြစ်ပါကြောင်း၊ ၎င်းတို့ တင်ပြပြီးပါက တက်ရောက်လာသူများမှ ကဏ္ဍခွဲဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ၏ တင်ပြမှုများ၊ ဦးစားပေး စီမံကိန်းများနှင့် စီမံချက်များ စသည်တို့ကို ဆွေးနွေးရန် ဖြစ်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ဒုတိယအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

ဆက်လက်၍ ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ အတွင်းရေးမှူးက ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းရေးဆောင်ရွက်ချက်များနှင့် အစည်းအဝေးကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ပတ်သက်၍လည်းကောင်း၊ သစ်တောကဏ္ဍခွဲဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ဥက္ကဋ္ဌက ကဏ္ဍခွဲ၏ ဆောင်ရွက်ထားရှိမှုများ၊ တွေ့ရှိချက်များနှင့် ပတ်သက်၍လည်းကောင်း၊ ပတ်ဝန်းကျင်ကာကွယ်ရေးကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ဥက္ကဋ္ဌက အဖွဲ့ခွဲ၏ ဆောင်ရွက်ထားရှိမှုများ၊ တွေ့ရှိချက်များကို လည်းကောင်း၊ အစိမ်းရောင်သတ္တုကဏ္ဍခွဲဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ဥက္ကဋ္ဌက အဖွဲ့ခွဲ၏ ဆောင်ရွက်ထားရှိမှုများ၊ တွေ့ရှိချက်များကိုလည်းကောင်း ဆွေးနွေးရှင်းလင်းတင်ပြသွားသည်။

ထို့နောက် တက်ရောက်လာကြသော ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်သည့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် အသီးသီးဆွေးနွေးတင်ပြခဲ့ကြပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများနှင့် ဆွေးနွေးဆုံးဖြတ်ချက်များ ချမှတ်၍ ပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သံအမတ်ကြီး ဦးမြင့်ဆွေ ကင်ညာနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ကင်ညာသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်ဆွေသည် ၎င်း၏ခန့်အပ်လွှာကို ဒီဇင်ဘာ ၈ ရက်တွင် နိုင်ရိုဘီမြို့၌ ကင်ညာသမ္မတနိုင်ငံ သမ္မတ အူဟူရူ မျူဂအိုင် ကင်ညာတ ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

## ည အပူချိန်များ အနည်းငယ် လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်။

**မိုး/ဇလ**

# ရခိုင်ပြည်နယ်အတွင်း စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၄

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ခြင်း(၁၂/၂၀၁၇) အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ် (၂၇)၌ ကျင်းပသည်။**

အခမ်းအနားတွင် ရခိုင်ပြည်နယ်အတွင်း စီးပွားရေးနှင့်လူမှုဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းရာတွင် ရသေ့တောင်မြို့နယ်တွင် ဓာတ်အားစနစ်မှ ဓာတ်အားရရှိပါက ဓာတ်အားရရှိနိုင်မည့် ကျေးရွာ ၁၇ ရွာအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၃၆ မိုင်၊ ၄၀၀ ဗို့လိုင်း ၂၂ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ ၂၂ လုံး တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုလက်ရှိတွင် တင်ဒါစိစစ်ပြီးဖြစ်၍ လုပ်ငန်းဆောင်ရွက်ရန် Detailed Survey တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

### ဆောင်ရွက်လျက်ရှိ

ဘူးသီးတောင်မြို့နယ်တွင် ဓာတ်အားစနစ်မှဓာတ်အားရရှိပါက ဓာတ်အားရရှိနိုင်မည့် ကျေးရွာ ၁၁ ရွာအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၃၂ မိုင်၊ ၄၀၀ ဗို့လိုင်း ၁၂ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ ၁၁ လုံး တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုလက်ရှိတွင် တင်ဒါစိစစ်ပြီးဖြစ်၍ လုပ်ငန်းဆောင်ရွက်ရန် Detailed Survey တိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

မောင်တောမြို့နယ်တွင် ဓာတ်အားစနစ်မှဓာတ်အားရရှိပါက ဓာတ်အားရရှိနိုင်မည့် ကျေးရွာ ၁၅ ရွာအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၃၉ မိုင်၊ ၄၀၀ ဗို့လိုင်း ၁၁ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာအလုံး ၂၀ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုလက်ရှိတွင် တင်ဒါစိစစ်ပြီးဖြစ်၍ လုပ်ငန်းဆောင်ရွက်ရန် Detailed Survey တိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါကြောင်း။

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ပုဏ္ဏားကျွန်း ပင်မဓာတ်အားခွဲရုံမှ တစ်ဆင့် ရခိုင်ပြည်နယ်ရှိ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရန် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းတွင် ၃၇ ရာနှုန်း၊ ၂၃၀ ကေဗွီ ရသေ့တောင်-ဘူးသီးတောင် ဓာတ်အားလိုင်း တည်ဆောက်ခြင်း လုပ်ငန်းတွင် ၀ ဒသမ ၉၉ ရာနှုန်း၊ ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်းခွဲရုံတွင် ၆၆ ကေဗွီ ရသေ့တောင် Switch Bay Extension ဆောင်ရွက်ခြင်းလုပ်ငန်းတွင် ၉၀ ရာနှုန်း၊ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ရသေ့တောင် ဓာတ်အားခွဲရုံလုပ်ငန်းတွင် ၂၁ ရာနှုန်း နှင့် ၆၆/၁၁ ကေဗွီ ၂×၅ အမ်ဗွီအေ ဘူးသီးတောင် ဓာတ်အားခွဲရုံ လုပ်ငန်းတွင် ၃ ရာနှုန်း ပြီးစီးပြီဖြစ်ပြီး ကျန်လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဌေးအောင်က ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်အတွင်း ဓာတ်အားပြည့်ဝစွာတိုးချဲ့ဖြန့်ဖြူးနိုင်မည့်အခြေအနေကို ရှင်းလင်းရာတွင် ဇရပ်ကွင်းဓာတ်အားခွဲရုံ တည်ဆောက်ရန် မြေနေရာရှင်းလင်းခြင်း လုပ်ငန်းကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက စတင်ဆောင်ရွက်ခဲ့ပြီး ခွဲရုံ Control Building တည်ဆောက်ခြင်းကို Ivory Co., Ltd မှ လည်းကောင်း၊ ဝန်ထမ်းအိမ်ရာလေးခန်းတွဲ နှစ်လုံးတည်ဆောက်ခြင်းကို Just In Time Co., Ltd မှလည်းကောင်း၊ လျှပ်စစ်ဆိုင်ရာပစ္စည်းများကို လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန (DPTSC)မှ လွှဲပြောင်းပေး၍ ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်းကို မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်ခဲ့ပြီး ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂၀ ဒသမ ၅၁ မိုင်၊ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂၀ မိုင် ပါဝင်ပါသည်။ ခွဲရုံအတွင်း ကုန်ကျစရိတ် ၆၆ ကေဗွီ Switch Bay နှစ်ခု၊ ၆၆/၃၃ ကေဗွီ ၂၀ အမ်ဗွီအေ တစ်လုံး၊ ၃၃ ကေဗွီ Switch Bay နှစ်ခု တပ်ဆင်ထားပြီး ကုန်ကျစရိတ်မှာ ငွေကျပ်သန်းပေါင်း ၄၀၀၀ ခန့်ရှိ၍ မိမိဌာနနှင့် ထာဝရကုမ္ပဏီတို့မှ ထည့်ဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

### ဓာတ်အားဖြန့်ဖြူးပေး

ဇရပ်ကွင်းဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားရာတွင် သပိတ်ကျင်းမြို့နယ်၌ မီးသုံးသူ ၄၀၄၃ ဦး၊ မိုးကုတ်မြို့နယ်၌ ၂၂၂၃၈ ဦးရှိပြီး ၁၃၂ ကေဗွီ လက်ပံလှဓာတ်အားခွဲရုံမှ ဓာတ်အားပေးထားမှုမှာ စဉ့်ကူးမြို့နယ်၌ မီးသုံးသူ ၄၄၈၅ ဦး ရှိပါကြောင်း၊ ဇရပ်ကွင်းဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသည့် ထရန်စဖော်မာ၊ ခွဲရုံများမှာ ၃၃/၁၁ ကေဗွီ ၂ အမ်ဗွီအေ တပ်မတော်ပိုင်တစ်လုံးနှင့် ထာဝရကုမ္ပဏီပိုင်တစ်လုံး၊ ၃၃/၀ ဒသမ ၄ ကေဗွီဖြင့် တပ်မတော်နှင့် အခြားဌာနပိုင် ခုနစ်လုံး၊ ပုဂ္ဂလိကပိုင် ၁၄ လုံးနှင့် ကျေးရွာ ၁၅ ရွာ ရှိပါကြောင်း။

### ပေးလျော်ခဲ့

ဓာတ်အားလိုင်းဆွဲရာတွင် မလွတ်ကင်းသည့် သစ်တောရေးရာဝန်ကြီးဌာနပိုင် ကျွန်းပင်နှင့် ကျွန်းစိုက်ခင်းများ၊ သစ်မာပင်များအတွက် သစ်တောဦးစီးဌာနသို့ လျော်ကြေးငွေကျပ် ၃၉၇၂၆၅၉ ဒသမ ၁၆ နှင့် ကျေးရွာများအတွက် သီးနှံလျော်ကြေးငွေကျပ် ၂၇၉၀၄ ၅၀၀ အား နိုင်ငံတော်ဘဏ္ဍာမှ ပေးလျော်ခဲ့ပါကြောင်း။

ဇရပ်ကွင်းဓာတ်အားခွဲရုံမှ မိုးကုတ်မြို့နယ်နှင့် သပိတ်ကျင်းမြို့နယ်တို့သို့ လည်းကောင်း၊ စဉ့်ကူးမြို့နယ်သို့ ၁၃၂ ကေဗွီ လက်ပံလှဓာတ်အားခွဲရုံမှလည်း ကောင်းပြောင်းလဲ၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သည့်အတွက် ယခင်က ဗို့အားအများဆုံး ၁၄၀ သာရှိရာမှ ယခုအချိန်တွင် ဗို့အား ၁၈၀ မှ ၂၂၀ အထိ ရှိလာပြီဖြစ်၍ ဒေသနေပြည်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်နေပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အာဆီယံဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသည့် အဖွဲ့အစည်းနှင့် အာဏာပိုင်အဖွဲ့အစည်း အကြီးအကဲများ၏ ၂၆ ကြိမ်မြောက် လုပ်ငန်းကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပခဲ့မှုအခြေအနေ၊ စွမ်းအင်ဆိုင်ရာ စာရင်းအင်းလုပ်ငန်းများ နိုင်ငံတကာအဆင့်မီ တိကျမှန်ကန်စွာပြုစုနိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (Memorandum of Understanding) လက်မှတ်ရေးထိုးခဲ့မှု အခြေအနေ၊ မန်း-ထောက်ရှာပင်-သံပုရာကန် ၁၀ လက်မ ရေနံပိုက်လိုင်းအစားထိုး ဆက်သွယ်ဆောင်ရွက်မှုအခြေအနေ၊ ချောက်ရေနံမြေ၊ 8" Valve Housing ကွဲအက်၍ ရေနံယိုစိမ့်ခဲ့မှုအား ဆောင်ရွက်ခဲ့မှု အခြေအနေ၊ အပူစွမ်းအင်သုံး စက်ရုံများဌာန၊ ဓာတ်အားပေးစက်ရုံစီမံကိန်းများအခြေအနေ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၏ ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း ယူနစ်ပျောက်ဆုံးမှုလျော့နည်းကျဆင်းရေးဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းသည်။

### ရှင်းလင်း ဖြေကြားခဲ့

အခမ်းအနားတွင် ပြည်တွင်း၊ ပြည်ပ မီဒီယာများ၏ မေးမြန်းချက်များကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့သည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် စင်ကာပူနိုင်ငံမှ လူသားချင်းစာနာမှု အကူအညီပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၁၄

ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအတွက် စင်ကာပူနိုင်ငံမှ လှူဒါန်းသော လူသားချင်းစာနာမှု အကူအညီပစ္စည်းများကို အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Centre) မှတစ်ဆင့် လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




### ရှင်းလင်းပြောကြား

အခမ်းအနားတွင် အင်ဒိုနီးရှားနိုင်ငံအခြေစိုက် အာဆီယံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးညှိနှိုင်းမှု ဗဟိုဌာန (AHA Centre) မှ Executive Director Adelina Kamal နှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာရောဘတ်ချ်ာတို့က လှူဒါန်းထောက်ပံ့ရသည့် အကြောင်းရင်းအား ရှင်းလင်းပြောကြားသည်။ (**အပေါ်ယာပုံ**)

ထို့နောက် စင်ကာပူနိုင်ငံမှ လှူဒါန်းသော လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပစ္စည်းများကို စင်ကာပူသံအမတ်ကြီးက လွှဲပြောင်းပေးအပ်ရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထိုသို့ ကူညီမှုနှင့် ပတ်သက်၍ စင်ကာပူသံအမတ်ကြီးက "ဒီကနေ့ လှူဒါန်းတာကတော့ မီးဖိုချောင်သုံးပစ္စည်းတွေ ဖြစ်ပါတယ်၊ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ပြည်သူတွေအတွက်ပါ၊ စင်ကာပူအစိုးရအနေနဲ့လည်း ဒေသတွင်းနိုင်ငံအနေနဲ့ အပြင်အိမ်နီးချင်းနိုင်ငံကောင်းပီပီ မြန်မာအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်၊ ပြန်လည်ထူထောင်ရေးနဲ့ ငြိမ်းချမ်းရေးကဏ္ဍတွေမှာလည်း အမြန်ဆုံး အကောင်အထည်ပေါ်ပါစေလို့ ဆန္ဒပြုပါတယ်၊ ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာလည်း ပူးပေါင်းပါဝင်ကူညီဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ စင်ကာပူနိုင်ငံအစိုးရအနေနဲ့ မြန်မာနိုင်ငံအတွက် လိုအပ်တာမှန်သမျှ ပူးပေါင်းဆောင်ရွက်သွားဖို့ အဆင်သင့်ရှိနေပါတယ်" ဟု ပြောကြားသည်။

### လက်ဝယ်အရောက် ပေးပို့သွားမည်

ယနေ့ အကူအညီပေးသည့် ပစ္စည်းများမှာ စင်ကာပူဒေါ်လာ တစ်သိန်းတန်ဖိုးရှိ မီးဖိုချောင်သုံးပစ္စည်း ၁၃ မျိုးပါ ၃၀၀၀ ဖာ တို့ဖြစ်ပြီး အဆိုပါ ပစ္စည်းများကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ အခက်အခဲ ကြုံတွေ့နေသော နေရပ်စွန့်ခွာ ပြည်သူများ လက်ဝယ်အရောက် ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီကနေ့ လှူဒါန်းလိုက်တဲ့ ပစ္စည်းတွေကို ချက်ချင်းပဲ ရခိုင်ပြည်နယ်ကိုပို့ဆောင်သွားမှာ ဖြစ်ပါတယ်၊ ဟိုရောက်ရင် ရခိုင်ပြည်နယ်အစိုးရ အပါအဝင် သက်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ပြီး တကယ်အခက်အခဲဖြစ်နေတဲ့ ဒေသခံပြည်သူတွေ လက်ဝယ်အရောက် ပစ္စည်းတွေကို ထောက်ပံ့သွားမှာပါ၊ ရှေ့ပိုင်းမှာ အလှူရှင်တွေ လှူဒါန်းခဲ့တဲ့ ပစ္စည်းတွေကိုလည်း ဘယ်နေရာတွေမှာ ထောက်ပံ့လှူဒါန်းခဲ့တယ်ဆိုတဲ့ အကြောင်းအရာတွေကို အလှူရှင်တွေထံ ပြန်ပြီး အကြောင်းကြားပေးခဲ့ပါတယ်၊ အခုပစ္စည်းတွေကိုလည်း ပြည်သူတွေထံ တိုက်ရိုက် အမြန်ဆုံးရောက်ရှိအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကိုကိုနိုင်က ပြောကြားသည်။

ယနေ့အခမ်းအနားသို့ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ အာဆီယံနိုင်ငံသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အလားတူ ရခိုင်ပြည်နယ်အတွင်းရှိ အခက်အခဲကြုံတွေ့နေသော ဒေသခံပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီမှုများအနေဖြင့် နိုဝင်ဘာ ၂၄ ရက်တွင် အိန္ဒိယနိုင်ငံက အိန္ဒိယရူပီးသိန်း ၄၀ တန်ဖိုးရှိ မိသားစုသုံးပစ္စည်းများနှင့် စားသောက်ကုန်များကို လည်းကောင်း၊ စက်တင်ဘာ ၂၀ ရက်က အင်ဒိုနီးရှားနိုင်ငံက အမေရိကန်ဒေါ်လာ ၂၈၀၄၉ တန်ဖိုးရှိ လူသုံးကုန်၊ ဆေးဝါး၊ စားသောက်ကုန်၊ ယာယီမိုးကာတဲ စသည့် ပစ္စည်းများကိုလည်းကောင်း၊ အောက်တိုဘာ ၁၄ ရက်က အာဆီယံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးညှိနှိုင်းမှုဗဟိုဌာန (AHA Centre) က အမေရိကန်ဒေါ်လာ (၄၄၄၈၆ ဒသမ ၇၅) တန်ဖိုးရှိ မိသားစုသုံးပစ္စည်းများဖြစ်သော မီးဖိုချောင်သုံးပစ္စည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းများ၊ ရွက်ဖျင်တဲများ၊ လျှပ်စစ်ဖြန့်ဖြူးရေးပစ္စည်းများနှင့် မီးစက်အကြီးနှစ်လုံး၊ မီးစက် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း လှူဒါန်းခဲ့မှုများ ရှိသကဲ့သို့ တရုတ်နိုင်ငံကလည်း ငွေကြေး လှူဒါန်းမှုများရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်တို့ရှိ စိုက်ပျိုးရေးကဏ္ဍအတွက် စပါးရိတ်သိမ်းစက်၊ အခြောက်ခံစက်များဖြင့် ကူညီဆောင်ရွက်လျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၁၄

**မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်းလီမိတက် (MAPCO) တို့က ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောနှင့် ရသေ့တောင်မြို့နယ်တို့တွင် စပါးရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းပေးလျက်ရှိရာ ဧက ၁၅၀၀ ကျော် ရိတ်သိမ်းပေးပြီးဖြစ်ကြောင်း သိရသည်။**

"ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) အစီအစဉ်မှာ လုပ်ငန်းအဖွဲ့ ကိုးဖွဲ့ရှိပါတယ်၊ အဲ့ဒီအဖွဲ့ကိုးဖွဲ့မှာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းအဖွဲ့ ပါတယ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ ကိစ္စတွေ ဆောင်ရွက်ပါတယ်၊ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်တွေမှာ ပိုင်ရှင်မရှိတဲ့ စပါးခင်းတွေ ရှိသလို ပိုင်ရှင်ရှိပေမယ့် အလုပ်သမားမရှိလို့ စပါးတွေ မရိတ်နိုင်တာတွေ ရှိတယ်၊ အသင်းချုပ်ကနေ ပိုင်ရှင်ရှိပေမယ့် အလုပ်သမားမရှိလို့ စပါးတွေ မရိတ်နိုင်တဲ့ တိုင်းရင်းသားပိုင်စပါးခင်းတွေကို ခြွေလှေ့စက်တွေနဲ့ ရိတ်သိမ်းပေးနေပါတယ်" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ အတွင်းရေးမှူး ဦးရဲမင်းအောင်က ပြောသည်။

### ရိတ်သိမ်းပေးလျက်ရှိ

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင် ကော်ပိုရေးရှင်းလီမိတက် (MAPCO)တို့က မောင်တောမြို့နယ်အတွင်းရှိ ဥဒေါင်း၊ အောင်မင်္ဂလာ၊ ငွေတောင်၊ အောင်ဇေယျ၊ ဖားဝပ်ချောင်း၊ မောရဝတီကျေးရွာများတွင် ရိတ်သိမ်းခြွေလှေ့စက် ရှစ်စီးဖြင့် လည်းကောင်း၊ ရသေ့တောင်မြို့နယ် အတွင်းရှိ စေတီပြင်၊ ခွဆုံ၊ အောက်ကျောင်းတောင်၊ သိမ်တောင်၊ သမီးလှ၊ ကျွမ်းပေါ်၊ ကုလားချောင်းနှင့် ထွေးလောင်းတင်ကျေးရွာများတွင် ရိတ်သိမ်းခြွေလှေ့စက် ၁၄ စီးဖြင့် လည်းကောင်း ဒေသခံတိုင်းရင်းသားပိုင်စပါးများအား ရိတ်သိမ်းပေးလျက်ရှိသည်။

ထို့ပြင် ရိတ်သိမ်းပြီးစပါးများ လေလွင့်ဆုံးရှုံးမှုမရှိစေရန် ဘူးသီးတောင်မြို့တွင် စပါးအခြောက်ခံစက် တစ်လုံး၊ မောင်တောမြို့နယ် အလယ်သံကျော်နှင့် ကြိမ်ချောင်းကျေးရွာတို့တွင် စပါးအခြောက်ခံစက်တစ်လုံးစီ တည်ဆောက်ထားပြီး စပါးအခြောက်လှန်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

"စပါးစိုက်ဧက ၃၀ ရှိပါတယ်၊ ဒီဒေသမှာ ပြဿနာတွေဖြစ်ပြီး အလုပ်သမားရှားပါးနေတဲ့အချိန်မှာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကနေပြီး စပါးရိတ်စက်တွေနဲ့ အချိန်မီရိတ်သိမ်းပေးတဲ့အတွက် အဆင်ပြေပါတယ်၊ တစ်ဧကကို စပါးတင်း ၅၀ လောက် ထွက်ပါတယ်၊ နောက်နှစ်တွေမှာ အစိုးရက နည်းပညာနဲ့ ငွေကြေးအကူအညီပေးမယ်ဆိုရင်တော့ စပါးစိုက်တောင်သူတွေ ပိုအဆင်ပြေမယ်လို့ မျှော်လင့်ပါတယ်" ဟု ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာမှ တောင်သူ ဦးမောင်စိုးဝင်းက ပြောသည်။

မောင်တောမြို့နယ် ငွေတောင်ရွာမှ တောင်သူ ဦးမောင်ဟန်စိုးက "ဒီဒေသမှာက စပါးရိတ်သိမ်းချိန်ဆို အလုပ်သမားငှားပြီး ရိတ်ရတယ်၊ အလုပ်သမားရှားပါးမှုက နှစ်တိုင်းကြုံရတယ်၊ အခုပြဿနာတွေဖြစ်တော့ ပိုဆိုးသွားတာပေါ့၊ စပါးတွေ အချိန်မီ မရိတ်သိမ်းနိုင်တော့ဘူးလို့ ထင်ထားတာ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ကနေ အချိန်မီလာရောက်ကူညီရိတ်သိမ်းပေးတဲ့အတွက် အဆင်ပြေသွားတယ်"ဟု ပြောသည်။

### ဆန်ကြိတ်စက် တည်ဆောက်ပေးသွားမည်

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင် ကော်ပိုရေးရှင်းလီမိတက် (MAPCO)တို့က မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်တို့မှ ရိတ်သိမ်းပြီး စပါးများ အချိန်ကုန်ငွေကြေးသက်သာစွာဖြင့် ကြိတ်ခွဲနိုင်ရန် ဘူးသီးတောင်မြို့နှင့် မောင်တောမြို့နယ် ကြိမ်ချောင်း၊ အလယ်သံကျော်နှင့် ငါးခူရကျေးရွာတို့တွင် ၁၅ တန် ဆန်ကြိတ်စက်နှစ်လုံး၊ ခြောက်တန် ဆန်ကြိတ်စက်နှစ်လုံး တည်ဆောက်ပေးသွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

"ဆန်ကြိတ်စက် ပစ္စည်းတွေက ပို့ထားပြီးပါပြီ၊ အဆင်သင့် မဖြစ်သေးတဲ့အတွက် မတပ်ဆင်ရသေးဘူး၊ ပွင့်လင်းရာသီမှာ အပြီးတည်ဆောက်သွားမှာပါ" ဟု MAPCO မှ ဦးရဲလင်းအောင် က ပြောသည်။

စက်မှုလယ်ယာဦးစီးဌာနမှလည်း မောင်တောမြို့နယ်တွင် ရိတ်သိမ်းခြွေလှေ့စက်များဖြင့် မိုးစပါးများအား ရိတ်သိမ်းပေးလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ စုစုပေါင်း ဧက ၆၅၂၀ ရိတ်သိမ်းပေးပြီးဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)တွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် ရခိုင်ပြည်နယ်အတွက် အရေးပေါ်နှင့် အရေးကြီးလိုအပ်သည့် လုပ်ငန်းများကို သုံးသပ်ဆုံးဖြတ်ပြီး စုပေါင်းအားဖြင့် ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့၊ စီးပွားရေးဇုန်များ ဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းအဖွဲ့၊ အလုပ်အကိုင်ဖန်တီးရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ စီစဉ်ဖွင့်လှစ်ရေးလုပ်ငန်းအဖွဲ့၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအဖွဲ့၊ အသေးစားငွေကြေးထောက်ပံ့မှု လုပ်ငန်းအဖွဲ့၊ ဘဏ္ဍာငွေစုဆောင်းရေး (Crowd Funding) လုပ်ငန်းအဖွဲ့နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ဟူ၍ လုပ်ငန်းအဖွဲ့ ကိုးဖွဲ့ကို အောက်တိုဘာ ၂၀ ရက်က ဖွဲ့စည်းခဲ့သည်။




ရိတ်သိမ်းခြွေလှေ့ပြီး စပါးများအား စုပုံထားသည်ကို တွေ့ရစဉ်။

"နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က UEHRD စီမံကိန်းဆောင်ရွက်မယ်၊ စီမံကိန်းမှာ အစိုးရတင် မဟုတ်ဘူး၊ ပုဂ္ဂလိက စီးပွားရေးအသင်းအဖွဲ့တွေ ပုဂ္ဂလိက လုပ်ငန်းရှင်တွေပါ ပါဝင်ပြီး ရခိုင်ပြည်နယ်ကို ပြန်လည်ထူထောင်မယ်၊ အဓိက မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်ဒေသကို ပြန်လည်ထူထောင်မယ်၊ စီမံကိန်း အောင်မြင်တယ်ဆိုရင် ပုဂ္ဂလိကနဲ့ အစိုးရပူးပေါင်းပြီး မြန်မာနိုင်ငံရဲ့ တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း ပုဂ္ဂလိက ကဏ္ဍကနေ ပါဝင်ဖို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့လုပ်ခဲ့တာပါ" ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ အတွင်းရေးမှူး ဦးရဲမင်းအောင်က ပြောသည်။

### စီမံချက်ချမှတ်ပြီး ဆောင်ရွက်

အဆိုပါ လုပ်ငန်းအဖွဲ့များအနေဖြင့် ရခိုင်ပြည်နယ်တွင် လတ်တလော ဖြေရှင်းရမည့် ပြန်လည်နေရာချထားရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေးတို့အပြင် ရေတိုရေရှည်လုပ်ငန်းများဖြစ်သည့် စီးပွားရေးလုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေးတို့ကိုပါ လုပ်ငန်းစီမံချက်များ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည်။

**သတင်း- မင်းသစ်(MNA)**
**ဓာတ်ပုံ- ရဲလင်းအောင်**

# လူ့အခွင့်အရေးချိုးဖောက်မှု လုံးဝကင်းစင်တဲ့နိုင်ငံ ကမ္ဘာပေါ်မှာ မရှိပါ၊ လျော့နည်းအောင်ကြိုးပမ်းတဲ့အခါ အသိပညာပေးတာ အဓိကကျတယ်

**တွေ့ဆုံမေးမြန်း-မြင့်မောင်၊ ဇေယျာ၊ ဓာတ်ပုံ-နေဝင်းထွန်း**

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သောအဖွဲ့သည် ရခိုင်ပြည်နယ်ရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြရာ ခရီးစဉ်နှင့်ပတ်သက်၍ အဖွဲ့ဝင်ခေါင်းဆောင်ဖြစ်သည့် ဦးယုလွင်အောင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**မေး။ ။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့အနေနဲ့ ယခုခရီးစဉ်မှာ ဘယ်ဒေသတွေ ရောက်ခဲ့ပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့ ဒီခရီးစဉ်ကို ဒီဇင်ဘာလ ၁၀ ရက်နေ့က စစ်တွေမြို့ကို စတင်ရောက်ရှိခဲ့ပြီး ဒီဇင်ဘာလ ၁၁ ရက်နေ့မှာ စစ်တွေမြို့ပေါ်က အကျဉ်းထောင်နဲ့ ရဲအချုပ်ခန်းများ၊ တရားရုံးအချုပ်ခန်းများကို စစ်ဆေးခဲ့ပါတယ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှာ မောင်တောမြို့ကို ရောက်ရှိပြီး မြို့ပေါ်က နေရပ်စွန့်ခွာ ထွက်ပြေးခဲ့တဲ့ ဟိန္ဒူစောင့်ရှောက်ရေးစခန်း နှစ်ခုကို သွားရောက်ကြည့်ရှုခဲ့ပြီး မှုဝင်ချောင်း၀ နယ်ခြားစောင့်စခန်း အနီးက ဂေါ်ဒူသာရချောင်း၀၊ ပင်လယ်ကမ်းခြေသဲသောင်ပြင်မှာ တစ်ဖက်နိုင်ငံကို ထွက်ခွာဖို့ ရောက်ရှိနေတဲ့ ဘင်္ဂါလီများကို သွားရောက်တွေ့ဆုံခဲ့ပါတယ်။ ပြီးတော့ ပန်းတောပြင်(အလယ်) ကျေးရွာကို သွားရောက်ပြီး ဘင်္ဂါလီမိသားစုများနဲ့ သွားရောက်တွေ့ဆုံခဲ့ပါတယ်။ ဒီဇင်ဘာလ ၁၃ ရက်နေ့မှာ ငါးခူရနဲ့ တောင်ပြိုလက်ဝဲမြို့များမှာ တည်ဆောက်နေတဲ့ ပြန်လည်လက်ခံရေးစခန်းများကို သွားရောက်ကြည့်ရှုခဲ့ပြီး တိုင်းရင်းသားကျေးရွာအချို့ ပြန်လည်တည်ဆောက်နေမှုကိုလည်း ကြည့်ရှုခဲ့ပါတယ်။ ပြီးတော့ တစ်ဖက်နိုင်ငံကို ထွက်မပြေးဘဲ ကျန်ရှိနေတဲ့ ဘင်္ဂါလီကျေးရွာများကို သွားရောက်ပြီး ရွာသူရွာသားများနဲ့ တွေ့ဆုံကာ အခက်အခဲများ မေးမြန်းခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ ရှိ၊ မရှိ မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။ အရင်က ရခိုင်ပြည်နယ်မှာ သွားရောက်ခဲ့တဲ့ ခရီးစဉ်နဲ့ပတ်သက်ပြီးတော့လည်း ပြောပြပေးပါဦး။**

ဖြေ။ ။ပြီးခဲ့တဲ့ စက်တင်ဘာလက ဘူးသီးတောင်၊ မောင်တောဒေသကို လာရောက်ခဲ့ပြီး ဟိန္ဒူတိုင်းရင်းသားအချို့ကို အကြမ်းဖက်ဘင်္ဂါလီများက သတ်ဖြတ်ခံခဲ့ရတဲ့ အထောက်အထားတွေကို လေ့လာခြင်း၊ ကျန်ရှိနေတဲ့ ဟိန္ဒူလူမျိုးများ၊ မြို၊ ခမီ၊ ရခိုင်တိုင်းရင်းသားကျေးရွာတွေကို သွားရောက်ပြီး လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများကို မေးမြန်းလေ့လာခဲ့ပြီး နိုင်ငံတော်သမ္မတထံ အစီရင်ခံစာ ပေးပို့အကြံပြုခဲ့တဲ့အပြင် အများပြည်သူသိရှိနိုင်ရေးအတွက် ကော်မရှင်ဝက်ဘ်ဆိုက်မှာ တင်ပြခဲ့ပါတယ်။

**မေး။ ။ ဆရာတို့အနေနဲ့ ယခုခရီးစဉ်မှာ ဘာတွေမေးမြန်းလေ့လာခဲ့တယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ အဓိကကတော့ ကယ်ဆယ်ရေးစခန်းတွေမှာ ဘာလိုအပ်ချက်တွေ ရှိနေသလဲဆိုတာ လေ့လာခဲ့ပြီး တစ်ဖက်နိုင်ငံကို ထွက်ခွာဖို့ ကြိုးပမ်းနေတဲ့ ဘင်္ဂါလီတွေနဲ့ တွေ့ဆုံတဲ့နေရာမှာတော့ ဘာအကြောင်းကြောင့် ထွက်ခွာရသလဲဆိုတဲ့ အချက်ကို အဓိကထား မေးမြန်းခဲ့ပါတယ်။ အထူးသဖြင့် တပ်မတော်နဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ညှဉ်းပန်းနှိပ်စက်မှု၊ လိင်ပိုင်းဆိုင်ရာ ကျူးလွန်စော်ကားမှုများ ရှိ၊ မရှိ မေးမြန်းခဲ့ပါတယ်။ လက်ခံရေးစခန်းများမှာတော့ တစ်ဖက်နိုင်ငံကို ရောက်ရှိသွားတဲ့ ဘင်္ဂါလီများကို ပြန်လည်လက်ခံဖို့ ဘယ်လို စီစဉ်ပြင်ဆင်ထားသလဲ ဆိုတာတွေကို လေ့လာခဲ့ပါတယ်။ ဘင်္ဂါလီကျေးရွာများကို သွားရောက်ပြီး ရွာသားများနဲ့ တွေ့ဆုံခဲ့တာကတော့ ကျေးရွာသူ ကျေးရွာသားများအပေါ် တပ်မတော်နဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ညှဉ်းပန်းနှိပ်စက်မှု၊ လိင်ပိုင်းဆိုင်ရာ ကျူးလွန် စော်ကားမှုများ ရှိ၊ မရှိ မေးမြန်းခဲ့ပါတယ်။

**မေး။ ။ အခုလို တွေ့ရှိလေ့လာ မေးမြန်းစုံစမ်းမှုများအရ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ရှိ၊ မရှိ ကိုလည်း သိလိုပါတယ်ခင်ဗျား။**

ဖြေ။ ။ ထူးခြားတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ မတွေ့ရှိရပေမယ့် လူ့အခွင့်အရေးဆိုင်ရာ ခံစားခွင့်များ ပိုမိုရရှိစေရေးအတွက် ဆောင်ရွက်ပေးသင့်တဲ့ အချက်အချို့ကိုတော့ တွေ့မြင်ခဲ့ရပါတယ်။ ဒါတွေကိုတော့ နိုင်ငံတော်သမ္မတထံ တင်ပြပြီးမှသာ အများပြည်သူသိရှိနိုင်ရေး ထုတ်ပြန်ကြေညာသွားမှာ ဖြစ်ပါတယ်။



မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင် မောင်တောရှိ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ဒေသအခြေအနေများ တွေ့ဆုံမေးမြန်းစဉ်။

**မေး။ ။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့ရဲ့ ရခိုင်ပြည်နယ်အတွင်း လေ့လာတွေ့ရှိသမျှတွေကို ဘယ်လိုဆက်လက်တင်ပြပြီး ထိရောက်အောင် အကောင်အထည်ဖော်သွားမယ့် အစီအမံကိုလည်း သိလိုပါတယ်ခင်ဗျား။**

ဖြေ။ ။ လေ့လာတွေ့ရှိချက်များကို နိုင်ငံတော်သမ္မတထံ တင်ပြတဲ့အခါ တွေ့ရှိချက်၊ သုံးသပ်ချက်နဲ့ အကြံပြုချက်ဆိုပြီး အပိုင်းသုံးပိုင်းခွဲ တင်ပြမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတထံတင်ပြပြီးနောက် အများပြည်သူ သိရှိနိုင်ရေး ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသမှာရှိတဲ့ ကယ်ဆယ်ရေးစခန်းတွေမှာ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကယ်ဆယ်ရေးစခန်းတွေရဲ့ အနေအထားကတော့ လုံခြုံရေးစခန်းများနဲ့ တိုင်းရင်းသားကျေးရွာများကို အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ တိုက်ခိုက်မှုများခံရပြီးနောက် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့တဲ့ ဟိန္ဒူဒုက္ခသည်တွေ အနေနဲ့ အခုချိန်မှာ နယ်မြေအေးချမ်းသွားပြီ ဖြစ်ပေမယ့် မိမိတို့ရဲ့ မူရင်းနေရပ်ကျေးရွာများကို ပြန်သွားလိုစိတ် မရှိကြတာ တွေ့ရပါတယ်။ ၎င်းတို့အနေနဲ့ မူလနေရာများ ပြန်သွားရင် အကြမ်းဖက်သမားတွေ နောက်ထပ်တစ်ဖန် နှောင့်ယှက်တိုက်ခိုက်မှုများခံရမှာ စိုးရိမ်နေကြဆဲ ဖြစ်ပါတယ်။ စခန်းတွေရဲ့ အခြေအနေကတော့ သန့်ရှင်းမှုအားနည်းပြီး ဆန်၊ ဆီ၊ ဆား စတဲ့ အခြေခံစားသောက်မှုမရသေးတဲ့ မိသားစုတွေ ရှိနေတာကိုလည်း တွေ့ရပါတယ်။ မိလ္လာခန်းမလုံလောက်မှုနဲ့ သန့်ရှင်းမှုလိုအပ်တာတွေ တွေ့ရပြီး စာသင်ကျောင်းမှာ ဒုက္ခသည်တွေ ထားနေ ရတဲ့အတွက် ကျောင်းသား ကျောင်းသူတွေဟာ တခြားကျောင်း မှာသွားပြီး သင်ကြားနေကြရတာကိုလည်း တွေ့ရပါတယ်။

**မေး။ ။ တောင်ပြိုလက်ဝဲမြို့မှာ လက်ခံကြိုဆိုရေးစခန်း တည်ဆောက်နေတာနဲ့ပတ်သက်ပြီး တွေ့ရှိလေ့လာသမျှ အခြေအနေတွေကိုလည်း ရှင်းပြပေးပါခင်ဗျား။**

ဖြေ။ ။ တောင်ပြိုလက်ဝဲမှာ ကြိုဆိုရေးတာဝန်ယူမယ့် ဝန်ထမ်းတွေအတွက် ယာယီနေထိုင်ဖို့ Modular အဆောက်အအုံ ငါးခန်းတွဲ တန်းလျားနှစ်လုံး ဆောက်ပြီးတာ တွေ့ရပြီး စိစစ်ရေးအတွက် Modular အဆောက်အအုံ ရှစ်လုံးကိုတော့ ဆောက်လုပ်နေဆဲဖြစ်တာ တွေ့ရပါတယ်။ ဌာနဆိုင်ရာဝန်ထမ်းများ နေထိုင်ဖို့ အမြဲတမ်းအဆောက်အအုံများကိုလည်း ပြုပြင်နေဆဲဖြစ်တာ တွေ့ရပါတယ်။

**မေး။ ။ ဘူးသီးတောင်၊ မောင်တောဒေသမှာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေမရှိစေဖို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အနေနဲ့ ဘယ်လိုဆက်လက်အကောင်အထည်ဖော်သွားမယ်ဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ မရှိစေဖို့ဆိုတာကတော့ ဘူးသီးတောင်၊ မောင်တောဒေသ၌သာမက မြန်မာတစ်ပြည်လုံး မရှိစေချင်တာ ဖြစ်ပါတယ်။ ဒီလိုဖြစ်ဖို့ကတော့ လူ့အခွင့်အရေးချိုးဖောက်မှု လုံးဝကင်းစင်တဲ့ နိုင်ငံရယ်လို့ ကမ္ဘာပေါ်မှာမရှိပါဘူး။ အနည်းနဲ့အများတော့ ရှိနေကြတာပါပဲ။ တတ်နိုင်သရွေ့ လျော့နည်းသွားအောင် ကြိုးပမ်းတဲ့နေရာမှာ အသိပညာပေးလုပ်ငန်းဟာ အဓိကကျပါတယ်။ အသိပညာပေးတယ်ဆိုတဲ့ နေရာမှာလည်း လူ့အခွင့်အရေး ချိုးဖောက်နိုင်ဖွယ်ရာရှိတဲ့ အစိုးရဝန်ထမ်းများကို ဦးစားပေးပြီး ဆောင်ရွက်ရမှာဖြစ်သလို လူ့အခွင့်အရေး ချိုးဖောက်ခြင်းခံရနိုင်ဖွယ်ရှိတဲ့ ပြည်သူများကိုလည်း ချိုးဖောက်ခံရရင် တိုင်ကြားနိုင်တဲ့ နည်းလမ်းများ အသိပေးရမှာ ဖြစ်ပါတယ်။ ထို့အတူ ပြည်ထောင်စုအဆင့် ဌာနကြီးများကလည်း လူ့အခွင့်အရေး ချိုးဖောက်မှုများ လျော့နည်းသွားစေဖို့ ကော်မရှင်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အထူးလိုအပ်ပါတယ်။

**မေး။ ။ လက်ရှိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရဲ့ မြန်မာနိုင်ငံအတွင်းမှာလုပ်ဆောင်နေတဲ့ လုပ်ငန်းစဉ်တွေကိုလည်း သိလိုပါတယ် ခင်ဗျား။**

ဖြေ။ ။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှာ အဓိကလုပ်ငန်းတာဝန် ထမ်းဆောင်နေတဲ့ ဌာနကြီးလေးခုရှိပါတယ်။ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာနအနေနဲ့ ခုနကပြောကြားခဲ့တဲ့ အစိုးရဌာနဝန်ထမ်းများကို အသိပညာပေးခြင်း၊ ပြည်သူလူထုကို အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနကတော့ နေ့စဉ်နဲ့အမျှ ရောက်ရှိလာတဲ့ တိုင်တန်းစာများကို ဖတ်ရှုပြီး ဖြေရှင်းပေးခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဌာနများထံသို့ ဖြေရှင်းပေးနိုင်ရေး အကြောင်းကြားခြင်းများ ပြုလုပ်ပြီး အရေးကြီးတဲ့ ကိစ္စရပ်များကိုတော့ ကိုယ်တိုင် ကွင်းဆင်းစုံစမ်းစစ်ဆေးဖြေရှင်းမှုများ ဆောင်ရွက်ပေးရပါတယ်။ ဒါ့အပြင် အကျဉ်းထောင်များ၊ အကျဉ်းစခန်းများ၊ ရဲစခန်းအချုပ်ခန်းများ၊ တရားရုံးအချုပ်ခန်းများ၊ ဆေးရုံအချုပ်ခန်းများ၊ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများကို ကွင်းဆင်းပြီး လူ့အခွင့်အရေးနဲ့ သက်ဆိုင်တဲ့ နိုင်ငံတကာ စံနှုန်းများနှင့်အညီ ထားရှိခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးမှုများကိုလည်း ပြုလုပ်ရပါတယ်။ ဥပဒေရေးရာဌာနကတော့ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများကို လေ့လာပြီး ပြည်တွင်းဥပဒေများနဲ့ လိုက်လျောညီထွေမှု ရှိ၊ မရှိ စိစစ်ပြီး လိုအပ်သလို အကြံပြုခြင်းများ ပြုလုပ်ရပါတယ်။ နိုင်ငံတကာဆက်ဆံရေးဌာနကတော့ ပြည်တွင်းသာမက ဒေသတွင်းနဲ့ နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများနဲ့ ဆက်သွယ်ဆက်ဆံမှုများ ပြုလုပ်ရပါတယ်။ ပြောခဲ့တဲ့ အဓိကဌာနလေးခုရဲ့ လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ဖို့အတွက် ကော်မရှင်ရုံးဖွင့်လှစ်ထားပြီး ဝန်ထမ်းများ ခန့်ထားဆောင်ရွက်ရတာဖြစ်တာမို့ ဝန်ထမ်းများအတွက် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများ၊ ငွေကြေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးအတွက် စီမံရေးရာနဲ့ ဘဏ္ဍာရေးဌာနဆိုပြီး ဌာနတစ်ခုကိုလည်း ဖွဲ့စည်းထားရပါတယ်။ ဒီဌာနငါးခုနဲ့ ကော်မရှင်ဟာ နိုင်ငံသားများရဲ့ လူ့အခွင့်အရေးမြှင့်တင်ရေးနဲ့ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

လူတွေရှိနေရင် လူ့အခွင့်အရေး ချိုးဖောက်မှုဆိုတာက အနည်းနဲ့အများ ရှိနေကြမှာဖြစ်တဲ့အတွက် တတ်နိုင်သလောက် လျော့နည်းသွားစေဖို့ စွမ်းအားရှိသလောက် ကြိုးပမ်းကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မရှင်အနေနဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ သတင်းများရရှိတဲ့အခါ သို့မဟုတ် ကြားသိရတဲ့အခါ အမှုကိုလေ့လာပြီး ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများထံ ညှိနှိုင်းအကြောင်းကြားရပါတယ်။ အဲဒီအခါ ဆိုင်ရာဌာနများအနေနဲ့ ကော်မရှင်အပေါ် နားလည်မှုရှိပြီး ပူးပေါင်းဆောင်ရွက်ပေးဖို့ အထူးအရေးကြီးပါကြောင်း တင်ပြလိုပါတယ်။ ။

# စစ်တွေမြို့၌ အထူးပြုစုစောင့်ရှောက်ရန်လိုအပ်သော ကလေးငယ်များကို ပြုစုပျိုးထောင်သင်ကြားပေးမည့် ဆရာများအား မွေးထုတ်ပေးသည့် အခြေခံဆရာဖြစ် သင်တန်းဖွင့်လှစ်

**စစ်တွေ ဒီဇင်ဘာ ၁၄**

အထူးပြုစုစောင့်ရှောက်ရန် လိုအပ်သော ကလေးငယ်များကို ပြုစုပျိုးထောင် သင်ကြားပေးမည့် ဆရာများအား မွေးထုတ်ပေးသည့် အခြေခံဆရာဖြစ် သင်တန်းကို ယမန်နေ့ နံနက် ၉ နာရီက စစ်တွေမြို့ လူမှုဝန်ထမ်းဦးစီးဌာနရုံး သင်တန်းခန်းမ၌ ဖွင့်လှစ်သည်။**(ယာပုံ)**

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသက်လှိုင်ထွန်းနှင့် မြန်မာနိုင်ငံ အထူးပညာရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးတင့်လွင်ဦးတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းတွင် သင်ကြားပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကြသည်။

အဆိုပါသင်တန်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် University of Wolverhampton (UK)၊ With Love ALL Things Are Possible Charity (UK)၊ နှင့် မြန်မာနိုင်ငံအထူးပညာရေးအသင်းတို့က ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းကို ဒီဇင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး စစ်တွေမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ဆရာမများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ စုစုပေါင်း ၄၈ ဦး တက်ရောက်ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**



# ၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက် ကျင်းပသည်။

**လွတ်လပ်စွာလေ့လာ**

ပြည်တွင်း၊ ပြည်ပ ကျောက်မျက်ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းနှင့် အပြင်တို့တွင် သတ်မှတ်ဧရိယာများအလိုက် ခင်းကျင်းပြသထားသည့် မြန်မာ့ကျောက်စိမ်းရိုင်းများနှင့် ကျောက်မျက်ရတနာများအား လွတ်လပ်စွာ လေ့လာကြည့်ရှုပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။

**ရောင်းချသွားမည်**

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်အတွဲ ၁၉၀ ကို ဒီဇင်ဘာ ၁၅ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၆ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၁)မှ (၁၁၅၀)ထိကို လည်းကောင်း၊ ဒီဇင်ဘာ ၁၇ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၁၁၅၁)မှ (၂၃၀၀)ထိကို လည်းကောင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၂၃၀၁)မှ (၃၄၅၀) ထိကို လည်းကောင်း၊ ဒီဇင်ဘာ ၁၉ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၃၄၅၁)မှ (၄၆၀၀)ထိကို လည်းကောင်း၊ ဒီဇင်ဘာ ၂၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ်(၄၆၀၁) မှ (၅၇၅၀)ထိကို လည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် (၅၇၅၁)မှ (၆၆၈၅)တွဲထိကို လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**အိတ်ဖွင့်တင်ဒါစနစ်**

"ယခုပြသရောင်းချတဲ့ ကျောက်တွေဟာ ကျောက်စိမ်းအရိုင်းတွဲတွေ ဖြစ်ပါတယ်၊ ကျောက်စိမ်းအချောထည်နဲ့ လက်ဝတ်ရတနာအမျိုးမျိုး ထုတ်လုပ်လို့ရတယ်၊ အခုပြသရောင်းချတဲ့ ကျောက်စိမ်းတွဲတွေကို ရတနာကုန်သည်အသီးသီးက ဝယ်ယူတဲ့ ဈေးနှုန်းတွေလည်း မတူညီနိုင်ပါဘူး၊ ရောင်းချမယ့် ပစ္စည်းအနေအထားနဲ့ ပြန်ရနိုင်တဲ့ ဈေးနှုန်းအပေါ်မူတည်ပြီး ရောင်းဝယ်ကြတယ်၊ ဒါကြောင့် ဝယ်ယူတဲ့ အဆိုပြုဈေးနှုန်းတွေကလည်း အမြဲတမ်း ကွာခြားနေမယ်၊ ဈေးနှုန်းယှဉ်ပြိုင်ပြီး အမြင့်ဆုံးပေးနိုင်တဲ့သူကို ရောင်းချနိုင်တဲ့ စနစ်ကျင့်သုံးပါတယ်၊ ဒါကြောင့် လတ်တလောအနေနဲ့ အားသာချက်တွေများတဲ့ အိတ်ဖွင့်တင်ဒါစနစ်ကို အကောင်းဆုံးစနစ်တစ်ရပ်အဖြစ် ကျင့်သုံးဆောင်ရွက်နေပါတယ်" ဟု မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက ပြောသည်။

**သတင်းစဉ်**

# မှတ်ပုံတင်ရရှိပြီး တိုင်းရင်းဆေးဝါးများတွင် အနောက်တိုင်းဆေးဝါးများ ရောနှောတွေ့ရှိရပါက မှတ်ပုံတင်နှင့်ထုတ်လုပ်ခွင့်လိုင်စင် ရုပ်သိမ်းမည်

**နေပြည်တော် ဒီဇင်ဘာ ၁၄**

မြန်မာ့တိုင်းရင်းဆေးဝါးများတွင် အနောက်တိုင်းဆေး ရောနှောခြင်းနှင့်ပတ်သက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန စိစစ်ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းဆေးဝါးမှတ်ပုံတင်(အသစ်)လျှောက်ထားစဉ်တွင် အနောက်တိုင်းဆေး ရောနှောခြင်း တွေ့ရှိရပါက တိုင်းရင်းဆေးဝါးမှတ်ပုံတင်ကို လုံးဝခွင့်ပြုမည် မဟုတ်ကြောင်း သိရသည်။

အနောက်တိုင်းဆေးဝါး ရောနှောခြင်း ရှိ၊ မရှိစစ်ဆေးရာတွင် ဆေးအမည်နှင့် သုံးစွဲနိုင်သော ရောဂါပေါ်မူတည်၍ စိစစ်လျက် ရှိပြီး ဈေးကွက်တွင် ရောင်းချနေသော တိုင်းရင်းဆေးဝါးများနှင့် ပတ်သက်၍ ဈေးကွက်တိုင်းရင်းဆေးဝါးကောက်ယူစစ်ဆေးခြင်း (Post Market Survey)ကို ဆောင်ရွက်လျက်ရှိသည့် အပြင် သုံးစွဲသူပြည်သူများက တိုင်ကြားပါက အဆိုပါဆေးဝါးအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဈေးကွက်တိုင်းရင်းဆေးဝါး ကောက်ယူစစ်ဆေးခြင်းမှတစ်ဆင့် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးတွင် အနောက်တိုင်းဆေး ရောနှောခြင်း တွေ့ရှိရပါက သုံးစွဲရန် မသင့်သော တိုင်းရင်းဆေးဝါးအဖြစ် သတင်းစာတွင် ကြေညာထည့်သွင်းကာ အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ခြင်းကို လည်းကောင်း၊ မှတ်ပုံတင်ရရှိပြီး တိုင်းရင်းဆေးဝါးများတွင် အနောက်တိုင်းဆေးဝါးများ ရောနှောတွေ့ရှိရပါက မှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင် ရုပ်သိမ်းခြင်းကို ဆောင်ရွက်၍ သတင်းစာတွင်လည်း သုံးစွဲရန် မသင့် တိုင်းရင်းဆေးဝါးအဖြစ် ထည့်သွင်းကြေညာခြင်းကိုလည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ သုံးစွဲရန်မသင့်သည့် တိုင်းရင်းဆေးဝါးအဖြစ် သတင်းစာတွင် ထည့်သွင်းကြေညာပြီး သုံးလပြည့်မြောက်ပါက ဈေးကွက်အတွင်းတွင် ဆက်လက်ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးပြီး ဈေးကွက်ထဲတွင် ဆက်လက်ရောင်းချသည်ကို စစ်ဆေးတွေ့ရှိပါက တိုင်းရင်းဆေးဝါးဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ရှင်မင်း**



ဒီဇင်ဘာ ၁၄ ရက်က နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပသည့် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပ ကျောက်မျက်ကုန်သည်များ ကြည့်ရှုနေစဉ်။ ခွန်(ဝင်းပ)

# တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် ဟင်းချိုမှုန့်အိတ်များဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၁၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၁၆ စီး ၊ သွင်းကုန် ၉၂၁ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇ စီး၊ သွင်းကုန် ၁၃၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၃ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၁ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃ ဒသမ ၀၇၂ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၄၉၂ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၅ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅ ဒသမ ၅၆၄ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၁၃ ရက်က မန္တလေးသို့သွားရောက်မည့် Nissan ၁၂ ဘီးယာဉ်တစ်စီးကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် ဟင်းချိုမှုန့်အိတ် ၆၉၀ နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀ ဒသမ ၇ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဖားကန့်တွင် တစ်ချိန်တည်း ပေါက်ကွဲမှု သုံးကြိမ်ဖြစ်

**ဖားကန့် ဒီဇင်ဘာ ၁၄**

ဖားကန့် မြို့မရဲစခန်းအနီးတွင် ဒီဇင်ဘာ ၁၃ ရက်နေ့ ည ၁၁ နာရီခွဲက တစ်ချိန်တည်း ပေါက်ကွဲမှု သုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

ယင်းနေ့ညက ဖားကန့်မြို့မရဲစခန်းအနီးရှိ နေရာသုံးနေရာတွင် ပေါက်ကွဲမှု သုံးကြိမ်ဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်းနှင့် ဖြစ်စဉ်အနီးတစ်ဝိုက်တွင် ရဲတပ်ဖွဲ့က လုံခြုံရေးရယူ၍ ဆောင်ရွက်နေကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးHလအောင်၊ ဗမာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဦးဒိတ် (ခ) ခင်မောင်မြင့်နှင့် လီဆူ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဦးအားတီယောဟန်တို့ကလည်း ဖားကန့်ဒေသတွင် လူထုတွေ့ဆုံပွဲများ ကျင်းပရန် ရောက်ရှိနေသည့် အချိန်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး**

# အချုပ်ခန်း ဖောက်ထွင်းထွက်ပြေးသော မူးယစ်တရားခံပြေး ဖမ်းဆီးရမိ



**ရွှေဘို ဒီဇင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် ချောင်းဦးကျေးရွာ ရွာလယ်လမ်းမပေါ်တွင် အချုပ်ခန်းဖောက်ထွင်းထွက်ပြေးသော မူးယစ်တရားခံပြေး တစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကျော်က မိမိခရိုင်နယ်မြေအတွင်း မှုခင်းဖြစ်ပွားမှုလျော့နည်းစေရေးနှင့် ပြေး(၄)ပြေးများ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၉ ရက်တွင် ကန့်ဘလူမြို့နယ် မလယ်နယ်မြေရဲစခန်း အချုပ်ခန်း အိမ်သာအထက် အမိုးသစ်သားချောင်းအား ခွာ၍ ထွက်ပြေးလွတ်မြောက်နေသော တရားခံ အေးနိုင်(ခ)နိုင်စိုး (**ဝဲပုံ**) သည် ရေဦးမြို့နယ် ချောင်းဦးကျေးရွာသို့ ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် ရေဦးမြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နေမျိုးအောင်နှင့်အဖွဲ့က ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီတွင် ရေဦးမြို့နယ် ချောင်းဦးကျေးရွာ ရွာလယ်လမ်းမပေါ်တွင် တရားခံပြေး အေးနိုင်(ခ) နိုင်စိုးအား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် အဆိုပါ တရားခံပြေးအား မူးယစ်မှု၊ အချုပ်ခန်း ဖောက်ထွင်းထွက်ပြေးမှုတို့ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-မိုးသောက်(ရွှေဘို)**

# အလုံမြို့နယ်တွင် ဓာတ်လိုက်သေဆုံးမှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၁၄**

အလုံမြို့နယ် သစ်တောရပ်ကွက် ကမ်းနားလမ်း အ.ထ.က (၇)ကျောင်းရှေ့ PARAGON ဆောက်လုပ်ရေးတွင် လုပ်ကိုင်နေသော ဦးသိန်းကြူ (၄၆ နှစ်) အမှတ်-၅၆ ရှုခင်းသာ-၁ လမ်း ရှမ်းကျောင်းရပ်ကွက် လှိုင်သာယာမြို့နယ်နေသူသည် ဒီဇင်ဘာ ၁၂ ရက် ညနေ ၄ နာရီက ရေမြောင်းပြန်လည်ပြုပြင်ရန် လုပ်ဆောင်နေစဉ် မြေအောက်ဓာတ်ကြိုးကို သံတူရွင်းဖြင့် ထောက်မိခဲ့ရာ ဓာတ်ကြိုးပေါက်ပြီး ဓာတ်လိုက်မှုဖြစ်ပွားခဲ့သည်။

ဓာတ်လိုက်ခံရသူ ဦးသိန်းကြူအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ရာ ညနေ ၄ နာရီခွဲခန့်တွင် သေဆုံးသွားသဖြင့် အလုံမြို့မရဲစခန်းက ဆက်လက် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

# လူမှုကွန်ရက်စာမျက်နှာကတစ်ဆင့် အကူအညီတောင်းမှုကြောင့် ဆိုင်ကယ်ခိုးသူအား အချိန်တိုအတွင်း ဖမ်းဆီးရမိ

**ပေါင်းတည် ဒီဇင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်တွင် လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် အကူအညီတောင်းခံမှုကြောင့် ဆိုင်ကယ်ခိုးယူလာသူအား ဆိုင်ကယ်နှင့်အတူ အချိန်မီဖမ်းဆီးရမိကြောင်း သိရသည်။

ပြည်မြို့ ကားကြီးဝင်းအနီးနေသူမှ ဒီဇင်ဘာ ၁၃ ရက် နံနက် ၃ နာရီက လူတစ်ဦး အိမ်နောက်ဘက်မှဝင်ပြီး အိမ်တံခါးဖျက်ကာ ဆိုင်ကယ်ယူပြီး အိမ်ရှေ့သံတံခါးအား ဆိုင်ကယ်ဖြင့်တိုက်ဖွင့်၍ ခိုးယူမောင်းပြေးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် လူမှုကွန်ရက်စာမျက်နှာတွင် ဆိုင်ကယ်၊ ဓာတ်ပုံနှင့်တကွ၊ အမျိုးအစား၊ အင်ဂျင်နံပါတ်၊ ဖရိန်နံပါတ်ဖော်ပြ၍ တင်ပြ အကူအညီ တောင်းလာသည်ကို ပေါင်းတည်မြို့ ရန်ကုန်-ပြည်လမ်းတွင် နေထိုင်သူတစ်ဦးက အဆိုပါ ဆိုင်ကယ် ဖြတ်မောင်းသွားသည်ကို မြင်တွေ့ရပြီး စီးသူမှာ အင်္ကျီအစိမ်းဝတ်ပြီး မျက်နှာအုပ် မှန်အကြည်ဦးထုပ် ဆောင်းထားကြောင်း၊ ခိုးယူသူ ဟုတ်၊ မဟုတ် အကူအညီတောင်းခံသူထံ မက်ဆေ့ပေးပို့၍ အသိပေးခဲ့သည်။

ထိုစဉ် ၎င်းဆိုင်ကယ်စီးလာသူမှာ နတ်တလင်းဘက်မှ ပေါင်းတည်မြို့သို့ ပြန်လည်မောင်းနှင်လာပြီး တာပွန်လမ်းထိပ်အရောက်တွင် တာဝန်သိပြည်သူများက ရဲစခန်းသို့ သတင်းပေးပို့ရာ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မြင့်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များက နံနက် ၉ နာရီတွင် ဆိုင်ကယ်မောင်းနှင်လာသူ ဖြိုးပြည့်စုံ (၂၀ နှစ်)(**ယာပုံ**) ရွာသာလုရွာ သဲကုန်မြို့နေသူအား ခေါ်ယူစစ်ဆေးရာ ပိုင်ဆိုင်မှုအထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်း မရှိသည့်အတွက် ခိုးယူမောင်းနှင်လာကြောင်း ပေါ်ပေါက်သဖြင့် ပေါင်းတည်မြို့မရဲစခန်းက အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**



# ငပုတောမြို့နယ်အတွင်း တောဆင်ရိုင်းတစ်ကောင် သတ်ဖြတ်ခံရ

**ပုသိမ် ဒီဇင်ဘာ ၁၄**

ပုသိမ်ခရိုင် ငပုတောမြို့နယ် ခရင်ဝါးချောင်းကျေးရွာအုပ်စု ဆူးပိတ်ချောင်းဖျားအနီး တောဆင်ရိုင်းတစ်ကောင် သတ်ဖြတ်ခံရကြောင်း သိရသည်။

ဒီဇင်ဘာ ၁၃ ရက် နံနက် ၈နာရီခန့်က ငပုတောမြို့နယ် ခရင်ဝါးချောင်းကျေးရွာအုပ်စုရာအိမ်မှူး ဦးဆင်ဝိုင်းက ၎င်းတို့ ကျေးရွာအုပ်စုအနီး ဆူးပိတ်ချောင်းဖျား ခွေးနက်ခွတွင် တောဆင်ရိုင်းတစ်ကောင်သတ်ဖြတ်ခံရကြောင်း အကြောင်းကြားသဖြင့် ငပုတောမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးသက်အောင်ခိုင်သည် သစ်တောရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ဆင်ဆရာဝန်ဒေါက်တာ ဇော်မင်းဦးနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ သွားရောက်စစ်ဆေးခဲ့သည်။

အသတ်ခံရသော တောဆင်ရိုင်းမှာ ဟိုင်းဆင်အမျိုးအစား အထီးဖြစ်ပြီး အရပ်ရှစ်ပေခန့်ရှိသည်။ လွန်ခဲ့သော တစ်ပတ်ခန့်က သတ်ဖြတ်ခံရပြီး ခန္ဓာကိုယ်ဘယ်ဘက်ခြမ်း အရေခွံခွာ၊ နှာမောင်းအဖျားဖြတ်ခံရကာ သေဆုံးနေသည်ကို တွေ့ရကြောင်း၊ ဆင်သတ်ဖြတ်သူအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပုသိမ်(လှကြည်)**

# မြန်မာ့ဗိသုကာလက်ရာများ ပြပွဲ ခင်းကျင်း ပြသမည်




**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံဗိသုကာအသင်းက ဦးစီးကျင်းပသော ဗိသုကာပြပွဲ (Architects' Fair 2017-18) ကို ဒီဇင်ဘာ ၃၀ ရက်၊ ၃၁ရက် မှ ၂၀၁၈ ဇန်နဝါရီ ၁ ရက်ထိ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပမည်ဟု သတင်းရရှိသည်။

ပြည်သူ့အတွက် ဗိသုကာဟူသော ခေါင်းစဉ်ဖြင့် ဗိသုကာပညာရပ်နှင့် သက်ဆိုင်သည့် အခန်းကဏ္ဍများ၊ အများပြည်သူအတွက် ဝန်ဆောင်မှုပေးနေသည့် ဗိသုကာတို့၏ လုပ်ငန်းများကို ပြသမည့်ပြပွဲဖြစ်သည်ဟု မြန်မာနိုင်ငံဗိသုကာအသင်းမှ အဆိုပါ ပြပွဲဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောသည်။ မြန်မာနိုင်ငံရှိ ဗိသုကာများ ရေးဆွဲပုံထုတ်ခဲ့သည့် စီမံကိန်းများနှင့် ဒီဇိုင်းလက်ရာများ၊ နိုင်ငံတော်စီမံကိန်းများတွင် ပါဝင်ခဲ့သော ဗိသုကာလက်ရာများ၊ အများပြည်သူအတွက် ရည်ရွယ်သည့် စီမံကိန်း ဒီဇိုင်းလက်ရာများ၊ မြန်မာနိုင်ငံ ဗိသုကာအသင်း၏ပြကွက်များ၊ မြန်မာ့ဗိသုကာသမိုင်းဆိုင်ရာ ပြကွက်များနှင့် ခေတ်အဆက်ဆက်ထင်ရှားခဲ့သော မြန်မာဗိသုကာကြီးများ၏ လက်ရာအဆောက်အအုံတို့၏ ဒီဇိုင်းပုံစံနှင့် ဓာတ်ပုံများကို ခင်းကျင်းပြသသွားမည်ဟု သိရသည်။

ဗိသုကာပညာရပ်နှင့် ဆက်စပ်နေသော အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်း၊ ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်း စသည်တို့ကလည်း ပြပွဲတွင် ပူးပေါင်းပါဝင်ပြသသွားကြမည်ဟု သိရသည်။

ထို့ပြင် အမျိုးသားဇာတ်ရုံအတွင်း၌ ဗိသုကာပညာရပ်ဆိုင်ရာ ဟောပြောပွဲများ၊ သုတေသနစာတမ်းများ၊ အမျိုးသားစီမံကိန်းများနှင့် ပတ်သက်၍ ဆွေးနွေးပြောဆိုပွဲများ၊ ဗိသုကာပညာ၊ မြို့ပြစီမံကိန်းဆိုင်ရာ လုပ်ငန်းများ၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ တိုက်ရိုက်ဆွေးနွေးပြောဆိုချက်များ၊ ပြည်သူလူထု၏ ရှုမြင်သုံးသပ်ပုံ အတွေးအမြင်နှင့် သဘောထားများကို ဖလှယ်ဆွေးနွေးမည့် အစီအစဉ်များ နေ့စဉ်ပြုလုပ်သွားမည်ဟုလည်း သိရှိရသည်။

ထိုသုံးရက်ကြာ ဗိသုကာပြပွဲတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ ဆောက်လုပ်ရေး နည်းပညာသစ်များ၊ ခိုင်ခံ့မှုအပါအဝင် စက်မှုပိုင်း လျှပ်စစ်နှင့် စွမ်းအင်ပိုင်းအစရှိသည့် ဆက်စပ်ပညာရပ်ဆိုင်ရာ ပညာရှင်များ၏ အခန်းကဏ္ဍနှင့် ဆောင်ရွက်နေမှုများကိုလည်း သက်ဆိုင်ရာ ပညာရှင်အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများက ပူးတွဲပြသသွားမည်ဟု သိရသည်။ ပွဲနောက်ဆုံးရက်တွင်လည်း ဗိသုကာများက စရိတ်သက်သာ လူနေအိမ်ဒီဇိုင်း၊ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ၊ ကိုယ့်အားကိုယ်ကိုး မူလတန်း စာသင်ကျောင်း အစရှိသည့် အဆောက်အအုံဒီဇိုင်းတို့ကို အများပြည်သူအဆင်သင့် အသုံးပြုဆောက်လုပ်နိုင်မည့် ပြည့်စုံသော ဆွဲပုံများ လှူဒါန်းမည်ဟု သိရပါသည်။ ရန်ကုန်မြို့တွင် ၂၀၁၂ မတ်လက ယခုဗိသုကာပြပွဲကို ပထမအကြိမ်ကျင်းပခဲ့ပြီး ယခုအချိန်သည် ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်သည်ဟု သိရှိရသည်။ **သတင်းစဉ်**

# ရန်ကုန်အသင်း ခြေစမ်းပွဲတွင် ရှုံးနိမ့်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

MNL ကလပ် ရန်ကုန်အသင်းနှင့် ဂျပန်အပျော်တမ်းလိဂ် ညွန့်ပေါင်းအသင်းတို့၏ ခြေစမ်းပွဲကို ယနေ့ ညနေပိုင်းက YUSC ကွင်း၌ ကျင်းပရာ ဂျပန်အပျော်တမ်းလိဂ် ညွန့်ပေါင်းအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အဖွင့်ဂိုးသွင်းယူခဲ့**

ရန်ကုန်အသင်းသည် ဦးဆောင်ဂိုးရခဲ့သော်လည်း အနိုင်ရလဒ်ကို ထိန်းထားနိုင်ခြင်းမရှိ၍ ရှုံးပွဲဖြင့် ရင်ဆိုင်ခဲ့ရသည်။ ရန်ကုန်အသင်းသည် ဂျပန်အပျော်တမ်းလိဂ်ညွန့်ပေါင်းအသင်းကို အပြန်အလှန်ကစားနိုင်ခဲ့ပြီး ၁၀ မိနစ်တွင် ဆောင်လမန်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဆောင်လမန်သည် ရာသီကြိုအပြောင်းအရွှေ့ကာလတွင် ရန်ကုန်အသင်းသို့ ရောက်ရှိခဲ့သူဖြစ်ပြီး ခြေစမ်းပွဲနှစ်ပွဲ ဆက်တိုက် ဂိုးသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်း၏ ဦးဆောင်မှုမှာ ခြောက်မိနစ်သာ ကြာခဲ့ ပြီး ၁၆ မိနစ်တွင် တိုက်စစ်မှူး သီယာဂိုလ် ထောင့်ကန်ဘောကို ဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့၍ ဂျပန်အပျော်တမ်းလိဂ် ညွန့်ပေါင်းအသင်းချေပဂိုး ပြန်ရခဲ့သည်။

ဂျပန်အပျော်တမ်းလိဂ် ညွန့်ပေါင်းအသင်းသည် ရန်ကုန်အသင်း၏ အားနည်းချက်ကို အခွင့်ကောင်းယူပြီး ၅၂ မိနစ်တွင် အိုမာချီ၊ မိနစ် ၆၀ တွင် တိုမိုကီတို့က ဂိုးများသွင်းယူခဲ့သည်။ ရန်ကုန်အသင်းအတွက် ဒုတိယဂိုးကို ပွဲပြီးခါနီးနာကျင်အချိန်ပိုတွင် လူစားဝင်ကစားသမား ငြိမ်းချမ်းအောင်က သွင်းယူပေးခဲ့သည်။

**ခြေစမ်းပွဲ သုံးပွဲကစားခဲ့**

ဂျပန်အပျော်တမ်းလိဂ် ညွန့်ပေါင်းအသင်းသည် မြန်မာနိုင်ငံခရီးစဉ်တွင် ခြေစမ်းပွဲ သုံးပွဲကစားခဲ့ရာ ဇွဲကပင်အသင်းကို လေးဂိုး-တစ်ဂိုး၊ ရန်ကုန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး မကွေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ကာ နှစ်ပွဲနိုင်၊ တစ်ပွဲ ရှုံးနိမ့်ခဲ့သည်။

**ညီမြတ်သော်တာ**



# လွတ်လပ်ရေးနေ့ဂုဏ်ပြု အားကစားပြိုင်

**လမိုင်း ဒီဇင်ဘာ ၁၄**

မွန်ပြည်နယ် လမိုင်းမြို့၌ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လမိုင်းမြို့ အ.ထ.က ကျောင်း၌ အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၄ ရက်မှ စတင်၍ ယှဉ်ပြိုင်ကစားခြင်းဖြစ်ရာ အားကစားပြိုင်ပွဲများတွင် ဘောလုံး၊ ပိုက်ကျော်ခြင်း အစရှိသည့် ကစားနည်းများပါဝင်ယှဉ်ပြိုင်ကြပြီး နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့တွင်လည်း မာရသွန်ပြိုင်ပွဲများ၊ ဆန်ကောရွက်ပြိုင်ပွဲများ၊ ချောတိုင်တက်၊ မုန့်ကောက်၊ အပြေးပြိုင်ပွဲများ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **လမိုင်း(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

၃၅ မိနစ်တွင် မြန်မာ ယူ-၂၁ အသင်း အနိုင်ဂိုးရခဲ့ပြီး ဟိန်းထက်အောင်က တိုက်စစ်မှူး အီစိုး ဖန်တီးပေးသည့် ဘောလုံးကို ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ထိုင်း ယူ-၂၁ အသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ဂိုးသမား အနီကတ်ဖြင့် ထုတ်ပယ်ခံရ၍ တစ်ယောက်လျော့ကာ ဂိုးပြန်ရအောင် စွမ်းဆောင်နိုင်ခြင်းမရှိဘဲ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ယခုပွဲအပြီးတွင် မြန်မာအသင်းက နှစ်ပွဲကစား လေးမှတ်၊ ထိုင်းအသင်းက နှစ်ပွဲကစားသုံးမှတ်ရထားသည်။ မြန်မာအသင်းသည် တတိယပွဲအဖြစ် ဒီဇင်ဘာ ၁၈ ရက်တွင် ဗီယက်နမ် ယူ-၂၁ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-MFF**


## မြတ်ဆရာပူဇော်ပွဲနှင့် နှစ်(၅၀)ပြည့် ရွှေရတုပွဲ ဖိတ်ကြားလွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့ အထကတွင် (၁၉၆၇ခုနှစ် မှ ၂၀၁၇ခုနှစ်အထိ) ပညာသင်ကြားပေးခဲ့ကြသည့် အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအား အာစရိယပူဇော်ကန်တော့ပွဲနှင့် အထက နှစ်(၅၀)ပြည့် ရွှေရတုပွဲကို (၂၆/၂၇-၁၂-၂၀၁၇)ရက်တို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် အထက ဗန်းမောက်တွင် ပညာသင်ကြားပေးခဲ့ကြသည့် ဆရာကြီးဆရာမကြီးများနှင့် ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပေးကြပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။ အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဒေါ်ညိုတင် ဖုန်း-၀၉-၂၆၅၃၃၅၁၂၃
ဦးကျော်ဂိုဂိုထက် ဖုန်း-၀၉-၉၇၂၆၁၉၉၂၅
ဦးမင်းမင်းစိုး ဖုန်း-၀၉-၄၅၅၅၄၂၉၀၆
ဒေါ်မေသူဟန် ဖုန်း-၀၉-၂၅၈၂၂၂၁၃၆

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစောထူးကပေါ် ၃/ကဆက(နိုင်)၀၁၂၅၁၁၈၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၅၅၉၂၁၂၁**

## ပျောက်ဆုံးကြောင်း

ကျွန်မ မအေးအေးထွေး ၃/ကကရ(နိုင်) ၁၇၀၉၂၄ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၁၅၆၆၇၃၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2I/3445 Toyota passo QN C/O Hatch Back (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင်ဦး ၁၂/သဃက(နိုင်)၁၅၆၉၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/1923 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၅၂၉၁၈ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ YPS တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့မှ YPS (Yangon Payment Services)အတွက် တင်ဒါများခေါ်ယူခဲ့ရာ တင်ဒါတင်သွင်းသူ(၂၁)ဦးအနက် ဒုတိယအဆင့် တင်ဒါအောင်မြင်သူများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။**

ဒုတိယအဆင့် တင်ဒါအောင်မြင်သူများကို လူတွေ့စစ်ဆေးမှုများ ပြုလုပ်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ YPS တင်ဒါစိစစ်ကြီးကြပ်ရေးကော်မတီက ဒီဇင်ဘာ ၁၆၊ ၁၇ရက်များတွင် စစ်ဆေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာကုမ္ပဏီများအလိုက် စိစစ်မှုအချိန်ဇယားကို အသိပေးသွားမည်ဖြစ်သည်။

Request For Proposal, RFP TYPE (A) Turnkey Solution အတွက် ကုမ္ပဏီ ၁၄ခု တင်သွင်းခဲ့သည့်အနက် အောက်ပါကုမ္ပဏီ(၇)ခုကို (တင်ဒါဒုတိယအဆင့် အောင်မြင်သည့်ကုမ္ပဏီများအဖြစ်)လူတွေ့စစ်ဆေးနိုင်ရန်အတွက် ကြေညာအပ်ပါသည်။

| | |
|---|---|
| 002 A | Asia Starmar Transport Intelligent Co.,Ltd |
| 004 A | Solutions Hub Co.,Ltd |
| 008 A | Trusty Family Company Limited |
| 011 A | Be One Technical Co.,Ltd & Construction |
| 013 A | Excel KC Myanmar Co.,Ltd |
| 017 A | Capital Connect Limited |
| 019 A | Any Pay Payment Services Co.,Ltd |

Request For Proposal, RFP Type (B) YBS Existing Back-End Solution အတွက် ကုမ္ပဏီ ၁၀ခု တင်သွင်းခဲ့ပြီးနောက် အောက်ပါကုမ္ပဏီ (၇)ခုကို (တင်ဒါဒုတိယအဆင့်အောင်မြင်သည့် ကုမ္ပဏီများအဖြစ်) လူတွေ့စစ်ဆေးနိုင်ရန်အတွက် ကြေညာအပ်ပါသည်။

| | |
|---|---|
| 004 B | Solutions Hub Co.,Ltd |
| 005 B | Creation (Myanmar) Co.,Ltd |
| 007 B | Skylark (Consortium) Fintech Myanmar |
| 012 B | ABC Telecomm Co.,Ltd |
| 016 B | Sumitomo Corporation |
| 019 B | Any Pay Payment Services Co.,Ltd |
| 020 B | Trust Link Co.,Ltd |

RFP, Type (A) အတွက် တင်ဒါ Interview အား ဒီဇင်ဘာ ၁၆ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး၊ အသေးစိတ်အချိန်ဇယားနှင့်နေရာများအား သက်ဆိုင်ရာကုမ္ပဏီသို့ သီးခြားစီ အကြောင်းကြားမည်ဖြစ်သည်။

RFP, Type (B) အတွက် တင်ဒါ Interview အား ဒီဇင်ဘာ ၁၇ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး၊ အသေးစိတ်အချိန်ဇယားနှင့် နေရာများအား သက်ဆိုင်ရာသို့ သီးခြားစီ အကြောင်းကြားမည်ဖြစ်သည်။

**YPS (Yangon Payment Services) တင်ဒါစိစစ်ကြီးကြပ်ရေးအဖွဲ့**



# လေကြောင်းတိုက်ခိုက်မှုများကို လက်တုံ့ပြန်သည့်အနေဖြင့် အစ္စလာမ္မစ်ဂျီဟတ် စစ်သွေးကြွအဖွဲ့က ဒုံးကျည်သုံးစင်းဖြင့် အစ္စရေးကို ပစ်ခတ်




**ဂျေရုဆလင် ဒီဇင်ဘာ ၁၄**

အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများ မြင့်တက်နေချိန်တွင် အစ္စရေးနိုင်ငံသို့ ဂါဇာဒေသမှ ဒုံးကျည်သုံးစင်း ဗုဒ္ဓဟူးနေ့ညပိုင်းတွင် ပစ်ခတ်ခဲ့ကြောင်း အစ္စရေးဘက်မှ သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။

စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက အစ္စရေးနိုင်ငံရှိ Iron Dome ဒုံးကျည်ကာကွယ်ရေးစနစ်သည် ဒုံးကျည်နှစ်စင်း ကျရောက်လာမှုကို ကာကွယ်ခဲ့ကြောင်း ပြောကြားခဲ့သည်။ မိနစ်အနည်းငယ်ကြာပြီးနောက်တွင် ဂါဇာဒေသမှ ပစ်ခတ်လိုက်သည့် ဒုံးကျည်တစ်စင်းသည် အက်ရှ်ခိုဒေသကောင်စီနယ်မြေရှိ မြေလွတ်ပေါ်သို့ ထိမှန်ကျရောက်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က အစ္စရေးသည် ဂါဇာကမ်းခြေဒေသကို လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုများ ကိုးကြိမ်ထက်မနည်း လုပ်ဆောင်ခဲ့သည်။ တိုက်ခိုက်မှုများမှာ အစ္စရေးကို ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သည့်အတွက် တုံ့ပြန်သည့်အနေဖြင့် ဟားမားစ်အဖွဲ့တို့ရှိသည့် ပစ်မှတ်နေရာများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးက ပြောကြားခဲ့သည်။

ယင်းဒုံးကျည်များကို အစ္စလာမ္မစ်ဂျီဟတ်စစ်သွေးကြွအဖွဲ့က ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဂါဇာအခြေစိုက် စစ်သွေးကြွအဖွဲ့တစ်ဖွဲ့က ပြောခဲ့သည်။ ဒုံးကျည်များကျရောက်ခဲ့သည့် ဗုဒ္ဓဟူးနေ့၌ပင် အစ္စရေးက အကယ်၍ ဒုံးကျည်များကို ဆက်လက်ပစ်ခတ်နေဦးမည်ဆိုပါက အစ္စရေးဘက်မှ ပိုမိုပြင်းထန်ကြီးမားသည့် အင်အားဖြင့် လက်တုံ့ပြန်မည်ဖြစ်ကြောင်း အကြီးတန်းစစ်ဘက်ဆိုင်ရာ အာဏာပိုင်တစ်ဦးက ပြောကြားခဲ့မှုကို ချန်နယ်တူးရုပ်သံ၌ ထုတ်လွှင့်ဖော်ပြခဲ့သည်။

ဒီဇင်ဘာ ၆ ရက်တွင် အမေရိကန်က ဂျေရုဆလင်မြို့ကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်လိုက်ချိန်မှစတင်ကာ ဂါဇာနှင့် အစ္စရေးအကြား တင်းမာမှုများ ပိုမိုပြင်းထန်လာလျက်ရှိသည်။

**ဆင်ဟွာ**

# အစ္စလာမ္မစ် ထိပ်သီးစည်းဝေးပွဲက အရှေ့ဂျေရုဆလင်ကို ပါလက်စတိုင်းမြို့တော်အဖြစ် သတ်မှတ်




**အစ္စတန်ဘူလ် ဒီဇင်ဘာ ၁၄**

အစ္စရေးတို့အား ဦးစားပေးခဲ့သည့် အမေရိကန်သမ္မတထရန့်၏ ဆုံးဖြတ်ချက်ကို ထိပ်တိုက်ရင်ဆိုင်သည့်အနေဖြင့် ဂျေရုဆလင်အရှေ့ပိုင်းကို ပါလက်စတိုင်း၏ မြို့တော်အဖြစ် သတ်မှတ်လိုက်ကြောင်း အစ္စတန်ဘူလ်မြို့တွင် ဗုဒ္ဓဟူးနေ့က ကျင်းပခဲ့သည့် အစ္စလာမ္မစ်နိုင်ငံများ ထိပ်သီးအစည်းအဝေးက ကြေညာခဲ့သည်။

အစ္စလာမ္မစ်ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (OIC) ၏ ထိပ်သီးဆွေးနွေးပွဲသည် တစ်ကမ္ဘာလုံးရှိ နိုင်ငံများအားလုံးကို ဂျေရုဆလင်အရှေ့ပိုင်းကို ပါလက်စတိုင်း၏ မြို့တော်အဖြစ် သတ်မှတ်ရေးအတွက် ဖိတ်ခေါ်ခဲ့သည်။ ထိပ်သီးအစည်းအဝေး၌ နိုင်ငံတော်အကြီးအကဲများနှင့် အစိုးရအဖွဲ့တို့က ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်လိုက်သည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ဆုံးဖြတ်ချက်ကို အပြင်းထန်ဆုံးစကားလုံးများဖြင့် ဝေဖန်ရှုတ်ချခဲ့ကြကြောင်း အစည်းအဝေးကျင်းပမှု တရားဝင်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အမေရိကန်က ထိုသို့ဆုံးဖြတ်ခဲ့မှုကို အစ္စလာမ္မစ်ခေါင်းဆောင်များက ပါလက်စတိုင်းပြည်သူများ၏ အခွင့်အရေးကို ထိုးနှက်တိုက်ခိုက်မှု၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကြိုးပမ်းမှုများကို ပျက်ပြားအောင်ပြုလုပ်မှု၊ အစွန်းရောက်ဝါဒနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကို တွန်းအားပေးမှုနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ဝေဖန်ရှုတ်ချမှုအဖြစ် ဖော်ပြခဲ့ကြသည်။

အစည်းအဝေးတွင် ခေါင်းဆောင်များသည် အရှေ့ဂျေရုဆလင်ကို ပါလက်စတိုင်း၏ မြို့တော်အဖြစ် သတ်မှတ်လိုက်ခြင်းနှင့်အတူ အစ္စရေးနှင့် ပါလက်စတိုင်းအကြား ဆယ်စုနှစ်များစွာကြာအောင် ဖြစ်ပွားလာခဲ့သည့် ပဋိပက္ခများကို နှစ်နိုင်ငံအဖြေရှာမှုဖြင့် ဆောင်ရွက်ကြရန် အလေးအနက် ကတိပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဆင်ဟွာ**

# ရုရှားရေတပ်များကို ဆီးရီးယားရှိ တာတပ်စ်ဆိပ်ကမ်း၌ ၄၉ နှစ်ကြာသည်အထိ ဆက်လက်ထားရှိခွင့်ပေးသွားမည်

**မော်စကို ဒီဇင်ဘာ ၁၄**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ဆီးရီးယားနှင့် ပြုလုပ်ခဲ့သည့် သဘောတူညီမှုကို ပါလီမန်အောက်လွှတ်တော်သို့ အဆိုတင်သွင်းခဲ့ကြောင်း သိရသည်။ ယင်းသဘောတူညီမှုတွင် ဒမတ်စကတ်က ဆီးရီးယားရှိ တာတပ်စ်ဆိပ်ကမ်း၌ ရုရှားရေတပ်များကို နှစ်ပေါင်း ၄၉ နှစ်ထက်မနည်း ကြာမြင့်သည်အထိ ဆက်လက်ထားရှိခွင့်ပေးမည်ဟူ၍ ပါရှိသည်။

Russian State Duma ဝက်ဘ်ဆိုက်တွင် ဗုဒ္ဓဟူးနေ့က ရေးသားဖော်ပြခဲ့မှုအရ သဘောတူညီမှုစာချုပ်ကို ၎င်း၏ သက်တမ်းကုန်ဆုံးချိန်ဖြစ်သည့် ၂၅ နှစ်ပြည့်တိုင်း အလိုအလျောက် သက်တမ်းတိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၁၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည့် သဘောတူစာချုပ်အရ ရုရှားနှင့် ဆီးရီးယားတို့သည် ၁၉၇၇ ခုနှစ်က တည်ထောင်ခဲ့သည့် တာတပ်စ်ရှိ အခြေခံအဆောက်အအုံများကို တိုးချဲ့ရန်နှင့် ပြင်ဆင်မွမ်းမံရန် သဘောတူညီခဲ့ကြသည်။

စာချုပ်တွင် ရုရှားကို နျူကလီးယားစွမ်းအင်ရှိ တိုက်ခိုက်ရေးရေယာဉ်များ အပါအဝင် စစ်သင်္ဘော ၁၁ စင်းနှင့်အထက်ကို ဆီးရီးယားဆိပ်ကမ်း၌ ဖြန့်ကြက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ သဘောတူညီချက်ကို ယခုလနှောင်းပိုင်းတွင် လက်မှတ်ရေးထိုးသွားမည်ဟု မျှော်လင့်ရသည်။

အိုင်အက်စ်စစ်သွေးကြွများအား အနိုင်ရရှိကြောင်း ကြေညာနိုင်ခဲ့ပြီးနောက်တွင် သမ္မတပူတင်သည် ၎င်း၏ တပ်ဖွဲ့ဝင်အများစုကို ဆီးရီးယားမှ ပြန်လည်ရုပ်သိမ်းတော့မည် ဖြစ်ကြောင်း တနင်္လာနေ့က ကြေညာခဲ့သည်။ သို့သော် တာတပ်စ်ရေတပ်အခြေစိုက်စခန်းနှင့် Hmeymim လေတပ်အခြေစိုက်စခန်းတို့ကို ဆီးရီးယားတွင် ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**

# မြောက်ကိုရီးယားကို ဖိအားပေးရေး အာဘေးနှင့် ကုလအကြီးအကဲတို့ ဆွေးနွေး

**တိုကျို ဒီဇင်ဘာ ၁၄**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်တို့သည် ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ကိုရီးယားကျွန်းဆွယ်ပေါ်တွင် နျူကလီးယားလက်နက်လျှော့ချရေးမှာ အရေးကြီးကြောင်းကို သဘောတူညီခဲ့ကြကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြထားသည်။




မြောက်ကိုရီးယားတွင် ဖြစ်ပွားနေသည့် အခြေအနေမှာ ကြာသပတေးနေ့တွင် တိုကျို၌ ၎င်းတို့ တွေ့ဆုံဆွေးနွေးခဲ့သည့် အကြောင်းအရာများအနက် ခေါင်းစဉ်တစ်ခုအဖြစ် ပါဝင်ခဲ့သည်။ ကုလခေါင်းဆောင်နှင့် အာဘေးတို့သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြောက်ကိုရီးယားကို အမြင့်ဆုံးဖိအားပေးနိုင်ရန်အလို့ငှာ အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်းကို သဘောတူခဲ့ကြသည်။

မြောက်ကိုရီးယားနှင့် ဆက်နွှယ်သည့် ဆွေးနွေးမှုအကြောင်းအရာတစ်ခုတွင် ခေါင်းဆောင်နှစ်ဦးတို့သည် ၁၉၇၀ ပြည့်နှစ်များအတွင်းက ဂျပန်နိုင်ငံသားအမြောက်အမြားကို မြောက်ကိုရီးယားက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားမှုများအကြောင်းကိုလည်း ဆွေးနွေးခဲ့ပြီး ယင်းပြဿနာကို တတ်နိုင်သမျှ အမြန်ဆုံး ဖြေရှင်းသွားသင့်ကြောင်းကိုလည်း သဘောတူညီခဲ့ကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### နျူကလီးယားစွမ်းအင်ကို မြောက်ကိုရီးယား အဆင့်မြှင့်တင်မည်

ပြုံယမ်း ဒီဇင်ဘာ ၁၄

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းသည် နိုင်ငံ၏နျူကလီးယားစွမ်းအင်အရည်အသွေးနှင့် အရေအတွက်ကို ပိုမိုအားဖြည့်သွားမည် ဖြစ်သည်ဟု အလေးအနက် ကတိပေးအပ်ခဲ့ကြောင်း သိရသည်။

ခေါင်းဆောင်ကင်သည် လက်နက်ထုတ်လုပ်ရေးကွန်ဖရင့် အစည်းအဝေးပိတ်ပွဲအခမ်းအနားနေ့တွင် မိန့်ခွန်းပြောကြားရာတွင် ထိုသို့ကတိပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကိုရီးယားအလုပ်သမားပါတီမှထုတ်ဝေသည့် သတင်းစာတွင် ယင်းမိန့်ခွန်းကိုထည့်သွင်းဖော်ပြခဲ့သည်။

ကင်သည်၎င်း၏ နိုင်ငံကိုနျူကလီးယားစွမ်းအင်နိုင်ငံဖြစ်အောင် လုပ်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း ပြောခဲ့သည်။ နိုင်ငံအတွင်း၌ ဟိုက်ဒရိုဂျင်ဗုံးနှင့် တိုက်ချင်းပစ်ဒုံးကျည်များအပါအဝင် မဟာဗျူဟာကျသည့် လက်နက်များကို အဆင့်မြှင့်တင်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြောက်ကိုရီးယားသည် ပြီးခဲ့သည့်လက အမေရိကန်ကုန်းမြေကိုရောက်ရှိနိုင်မည့် နျူကလီးယားအဆင့်ရှိဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း ကြေညာခဲ့သည်။ သို့သော် ကျွမ်းကျင်သူများက ယင်းဒုံးကျည်သည် နျူကလီးယားထိပ်ဖူးကိုတင်ဆောင်နိုင်ခြင်း ရှိ မရှိကို မသင်္ကာဖြစ်လျက်ရှိသည်။

အင်န်အိတ်ချ်ကေ

### ရာသီဥတုပြောင်းလဲမှုနှင့် ပိုမိုရင်းနှီးမြှုပ်နှံကြရန် ခေါင်းဆောင်များ ကတိပြု

ပါရီ ဒီဇင်ဘာ ၁၄

အများပြည်သူငွေကြေး ထည့်ဝင်ခြင်းနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတို့ဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို တိုက်ဖျက်ရေးပိုမိုအင်တိုက်အားတိုက် ဆောင်ရွက်သွားကြရန် ကမ္ဘာ့ခေါင်းဆောင်များက အပြန်အလှန် ကတိပြုခဲ့ကြကြောင်း သိရသည်။

ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူစာချုပ်ကို စတင်ချုပ်ဆိုခဲ့ပြီးနှစ်နှစ်အကြာတွင် ပြင်သစ်သမ္မတ အီမန်နျူရယ်လ်မက်ခရွန်၏ ခေါ်ယူမှုဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးကို အင်္ဂါနေ့တွင်ပါရီ၌ ကျင်းပခဲ့သည်။

ယင်းသဘောတူညီ စာချုပ်အရ လာမည့်၂၀၂၀ ပြည့်နှစ်ကျော်လွန်ချိန်တွင် ကမ္ဘာကြီး ပူနွေးလာမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် နိုင်ငံတကာ မူဘောင်တစ်ရပ်ကို တည်ထောင်ခဲ့သည်။

အစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၀၀နီးပါးတို့မှ နိုင်ငံရေးခေါင်းဆောင်များနှင့် ကုမ္ပဏီတာဝန်ရှိသူများပါဝင်ခဲ့ကြသည်။ စာချုပ်ပါအဖွဲ့ဝင်များသည် ကမ္ဘာကြီးပူနွေးလာမှုကိုတိုက်ဖျက်ရန် ငွေကြေးဖူလုံအောင် မည်သို့ပြုလုပ်မည်ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# အရှေ့အလယ်ပိုင်းတွင် ခြေဆန့်ဖို့ကြိုးပမ်းလာသည့် ပြင်သစ်သမ္မတ မက်ခရွန်

--- ချူးစန္ဒီနွေး ---



“ဒါ့အပြင် မူဆလင် ကမ္ဘာမှာ ထရန့်ဟာ အိုင်အက်စ်အဖွဲ့ ပျက်သုဉ်းရေးနဲ့ အီရန်နိုင်ငံကို အထီးကျန် တစ်နိုင်ငံတည်း ဖြစ်စေရေးကိုသာ အားထုတ်ခဲ့ပါတယ်။ ဝရုန်းသုန်းကားဖြစ်နေတဲ့ နိုင်ငံရေးတွေမှာ ပါဝင် ပတ်သက်ဖို့ကိုတော့ လက်ရှောင်ပါတယ်။ ပြင်သစ်အစိုးရကတော့ ဒီလို မဟုတ်ပါဘူး။ အရှေ့အလယ်ပိုင်း ဒေသရဲ့ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းဖို့ နောက်တွန့်နေတာမရှိ”

**လွန်ခဲ့တဲ့ တစ်နှစ်ခန့်ကဆိုရင် ပြင်သစ်သမ္မတ မက်ခရွန်ဟာ အရှေ့အလယ်ပိုင်းဒေသ နိုင်ငံရေးကစားကွက်ထဲကို ဝင်ရောက်လာလိမ့်မယ်လို့ ဘယ်သူမှ ထင်ခဲ့ကြမှာမဟုတ်ပါဘူး။ အခုအချိန်မှာတော့ ဒါဟာတကယ်ပဲဖြစ်နေပါပြီ။ ပြီးခဲ့တဲ့ သီတင်းပတ်တွေအတွင်းမှာ အမေရိကန်သမ္မတထရန့်ဟာ ဂျေရုဆလင်မြို့ကို အစ္စရေးနိုင်ငံရဲ့ မြို့တော်အဖြစ် အသိအမှတ်ပြုခဲ့ပါတယ်။**

အရှေ့အလယ်ပိုင်းဒေသက မူဆလင်နိုင်ငံတွေနဲ့ အမေရိကန်တို့ရဲ့ ဆက်ဆံရေးဟာ ရုတ်ခြည်းဆိုသလို အခြေအနေ တင်းမာသွားတယ်။ ပြင်သစ်သမ္မတ မက်ခရွန်ကတော့ ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံပေါ်မှာ ထင်ပေါ်လိုသူတစ်ဦးဖြစ်ပြီး ဒီအရေးကနေ သူ့အတွက် အခွင့်ကောင်းတစ်ခု ရသွားပါတယ်။ အရှေ့အလယ်ပိုင်း အရေးကိစ္စမှာ ပိုပြီးထင်သာမြင်သာတဲ့ အခန်းကဏ္ဍကနေ ပါဝင်လာတယ်။ ဂျေရုဆလင်ကို အစ္စရေးနိုင်ငံရဲ့ မြို့တော်အဖြစ် မသတ်မှတ်ခင်ကလည်း ပြင်သစ်သမ္မတ မက်ခရွန်က အမေရိကန်ကိုသတိပေးမှုတွေ ပြုလုပ်ခဲ့ပါသေးတယ်။

နိုဝင်ဘာလအတွင်းလက်ဘနွန် နိုင်ငံဝန်ကြီးချုပ် ရာထူးကနေ နုတ်ထွက်သွားမှုနဲ့ ပတ်သက်ပြီး လှုပ်လှုပ်ခတ်ခတ်တွေ ဖြစ်နေတဲ့ အချိန် ပြင်သစ်သမ္မတ မက်ခရွန်က ကြားဝင် ဖြေရှင်းခဲ့ပါသေးတယ်။ လူအများစုကတော့ လက်ဘနွန် ဝန်ကြီးချုပ် နုတ်ထွက်သွားတာဟာ နောက်ကွယ်က ဆော်ဒီအာရေဗျက ကြိုးကိုင်လှုပ်ရှားနေတာလို့ ထင်ကြပါတယ်။ ဒါ့အပြင်ဥရောပကို ဝင်ရောက်လိုတဲ့ အာဖရိက ရွှေ့ပြောင်းအခြေချနေထိုင်သူတွေဟာ လစ်ဗျားကို အရင် ဖြတ်ကျော်ရပါတယ်။ ဒါကို တားဆီးနိုင်ဖို့ လစ်ဗျားကိုမရောက်ခင်မှာပဲ ရပ်တန့်နိုင်ဖို့လည်း ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ အခုအခါမှာလည်း မက်ခရွန်ဟာ ဆီးရီးယားစစ်ပွဲ နှောင်းပိုင်းကာလမူဝါဒတွေ ချမှတ်အကောင်အထည်ဖော်ရာမှာ ပါဝင်ကူညီဖို့အသင့်ပါပဲ။

အမေရိကန်ပြည်ထောင်စုကတော့ ဆန့်ကျင်ဘက်ပါပဲ။ ဆီးရီးယားအရေးနဲ့ ပတ်သက်ပြီး လက်ရှောင်လာတယ်။ ဒီတော့ ဆီးရီးယားအရေးမှာ ရုရှားရဲ့အခန်းကဏ္ဍက ပိုမိုကြီးမားကျယ်ပြန့်လာပါတယ်။ လွန်ခဲ့တဲ့ ငါးနှစ်ခန့်က ဆိုရင် ဆော်ဒီရဲ့ ချုပ်ကိုင်ထားမှုကနေ လက်ဘနွန်ဝန်ကြီးချုပ် ဟာရီရီလွတ်မြောက်ဖို့အတွက်ဆိုရင် အမေရိကန်က မလွဲမသွေ ပါဝင်ပတ်သက်မှာပါပဲလို့ သမ္မတ မက်ခရွန်နဲ့အတူ အဘူဒါဘီနဲ့ ရီယာ့ဒ်မြို့တို့ကိုအတူ သွားရောက်ခဲ့တဲ့ မစ္စတာ ကီပယ်က ပြောပါတယ်။

သူဟာ ပါရီနိုင်ငံရေးလေ့လာမှု အင်စတီကျုမှ ပရော်ဖက်ဆာတစ်ဦးလည်း ဖြစ်တယ်။ မစ္စတာ ကီပယ်က ထရန့်အစိုးရဟာခန့်မှန်းရခက်တယ်။ ဘာလို့လဲဆိုရင် သမ္မတထရန့်ဟာ နံနက်တုန်းက တစ်မျိုးပြောတယ်ဆိုရင် နေ့ခင်းပိုင်းမှာ သူလက်တွေ့လုပ်တာက တစ်မျိုးဖြစ်နေတယ်လို့ ဆိုပါတယ်။ သမ္မတ ထရန့်နဲ့ပတ်သက်လာရင် သံတမန်ဟောင်းတွေရဲ့အမြင်ကလည်း ဒီလိုပါပဲ။

အတိတ် ကာလတုန်းကဆိုရင် လက်ဘနွန်အရေးကိစ္စမှာ အမေရိကန်က အဓိကနေရာကနေပါဝင်မှာ အမှန်ပါပဲ။ ဒါပေမယ့်လည်း ဆော်ဒီဟာ ယူအက်စ်ကို သတင်းတစ်ခုမှမပေးဘဲ လက်ဘနွန်ကိစ္စကို လုပ်သွားပါတယ်လို့ ဒီမိုကရက်တစ်သမ္မတတွေနဲ့ ရီပတ်ဘလစ်ကန်သမ္မတတွေရဲ့ လက်အောက်မှာ အမှုထမ်းခဲ့သူ၊ အရှေ့အလယ်ပိုင်းရေးရာ ကျွမ်းကျင်သူ၊ သံတမန်ဟောင်း ရိုင်ယန်ခရွတ်ကာ ပြောပါတယ်။

လက်ဘနွန်အရေးကနေ အမေရိကန်နောက်ဆုတ်သွားရတဲ့ ဖြစ်ရပ်ကို တိုင်းတာကြည့်မယ်ဆိုရင် အမေရိကန်နဲ့ ရင်းနှီးကျွမ်းဝင်မှုရှိပါတယ်ဆိုတဲ့ ဆော်ဒီမှာတောင် အမေရိကန်သံအမတ်မရှိပါဘူး။ ဒီလိုပါပဲ အရှေ့အလယ်ပိုင်း ဒေသတွင်း ခြောက်နိုင်ငံမှာလည်း အတူတူပါပဲ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရက်စ်တေလာဆန်ကတော့ လစ်လပ်နေတဲ့ အကြီးတန်း သံတမန်အရာရှိကြီးတွေ နေရာမှာ ထပ်မံဖြည့်စွက်ခြင်းမရှိတာနဲ့ ပတ်သက်ပြီး ငြင်းဆိုထားပါတယ်။ အရှေ့အလယ်ပိုင်းဒေသမှာ သမ္မတထရန့်ရဲ့ အရေးပေးတဲ့ နိုင်ငံကတော့ အစ္စရေးပါပဲ။ အစ္စရေးဟာ အရှေ့အလယ်ပိုင်း ဒေသမှာ မူဆလင်နိုင်ငံမဟုတ်တဲ့ တစ်ခုတည်းသော နိုင်ငံလည်းဖြစ်ပါတယ်။ အမေရိကန်ဟာ ဆွန်နီခေါင်းဆောင်တွေ အပေါ်မှာ ထောက်ခံကြောင်း ပြသခဲ့ပေမယ့် အဲဒီနိုင်ငံတွေမှာ သူ့ရဲ့သံအမတ်တွေ မရှိဘဲနဲ့ သူ့ရဲ့လွှမ်းမိုးမှုကို ဖြန့်ကြက်ဖို့တော့ အခက်အခဲရှိမှာပါ။ အထူးသဖြင့် သံတမန်ကျင့်ဝတ်ကို အလေးထားတဲ့ နေရာတွေမှာဆို ပိုဆိုးမှာပါ။

ဒါ့အပြင်မူဆလင်ကမ္ဘာမှာ ထရန့်ဟာ အိုင်အက်စ်အဖွဲ့ ပျက်သုဉ်းရေးနဲ့ အီရန်နိုင်ငံကို အထီးကျန်တစ်နိုင်ငံတည်း ဖြစ်စေရေးကိုသာ အားထုတ်ခဲ့ပါတယ်။ ဝရုန်းသုန်းကားဖြစ်နေတဲ့ နိုင်ငံရေးတွေမှာ ပါဝင်ပတ်သက်ဖို့ကိုတော့ လက်ရှောင်ပါတယ်။ ပြင်သစ်အစိုးရကတော့ ဒီလို မဟုတ်ပါဘူး။ အရှေ့အလယ်ပိုင်းဒေသရဲ့ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းဖို့ နောက်တွန့်နေတာမရှိပါဘူး။ အမှန်တကယ်တော့ အနောက်အာဖရိကနဲ့ အရှေ့အလယ်ပိုင်းဒေသတို့မှာ ပြင်သစ်ရဲ့ ပါဝင်ပတ်သက်မှုဟာ အသစ်အဆန်းတော့မဟုတ်ပါဘူး။ ပြင်သစ်ဟာ အယ်ဂျီးရီးယားကို ကိုလိုနီအဖြစ် နှစ်ပေါင်း ၁၃၀ ကျော် အုပ်ချုပ်ခဲ့ပါတယ်။ ပထမကမ္ဘာစစ်ပြီးတော့လည်း ဗြိတိန်နဲ့ ပြင်သစ်တို့ဟာ အော်တိုမန်အင်ပါယာကို နှစ်ခြမ်းခွဲခဲ့ပါတယ်။ ပြင်သစ်က လက်ဘနွန်နဲ့ဆီးရီးယားမှာ လုပ်ပိုင်ခွင့်အာဏာရရှိခဲ့ပါတယ်။

မကြာသေးခင်တုန်းက ပြင်သစ်ဟာ အာရပ်ဆွန်နီတွေရဲ့ထောက်ခံမှုကို ရရှိခဲ့ပါတယ်။ အမေရိကန်ရဲ့ အီရတ်နိုင်ငံအပေါ်ကျူးကျော်မှုကို ဆန့်ကျင်ခဲ့တဲ့အတွက်ကြောင့်ရော၊ ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်ကို တိုက်ထုတ်ရာမှာ ပါဝင်ခဲ့တဲ့အတွက်ကြောင့်ရော အာရပ်ဆွန်နီတွေရဲ့ ထောက်ခံမှုတွေ ရရှိလာတာဖြစ်တယ်။ ပြင်သစ်နိုင်ငံရဲ့ ကာကွယ်ရေးပစ္စည်းတွေ အဓိက တင်သွင်းလို့ရတဲ့ နိုင်ငံတွေဟာ ဆော်ဒီအာရေဗျ၊ ကာတာနဲ့ အီဂျစ်တို့ပဲဖြစ်တယ်။ လွန်ခဲ့တဲ့သီတင်းပတ်အတွင်း သမ္မတမက်ခရွန်ရဲ့ကာတာခရီးစဉ်မှာ တိုက်ခိုက်ရေးလေယာဉ်တွေအတွက် ဒေါ်လာ ၁၁ ဒသမ ၃ ဘီလီယံရှိတယ်လို့ ကြေညာခဲ့ပါတယ်။

အရှေ့အလယ်ပိုင်းဒေသမှာ အလုပ်ကိစ္စကြောင့်ပဲ ပါဝင်ပတ်သက်ခဲ့တဲ့ မစ္စတာမက်ခရွန်ဟာ အခုအခါမှာတော့ ဒီဒေသရဲ့အရေးကိစ္စတွေနဲ့ ရင်းနှီးကျွမ်းဝင်လာပြီပဲဖြစ်တယ်။ သူ့ရဲ့နိုင်ငံခြားရေးဝန်ကြီးဟာလည်း ယခင်တုန်းက ကာကွယ်ရေးဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့သူဖြစ်ပြီး အာရပ်တပ်ဖွဲ့တွေနဲ့ အဆက်အသွယ် တွေရှိပါတယ်။ သူ့ရဲ့နိုင်ငံခြားရေးဌာနက ဝန်ထမ်းတွေမှာလည်း အခုဆော်ဒီနဲ့ အီရန်တို့မှာ တာဝန်ထမ်းဆောင်နေတဲ့ လက်ဘနွန်သံအမတ်ဟောင်း အပါအဝင်အရှေ့အလယ်ပိုင်းမှာ လုပ်ငန်းအတွေ့အကြုံတွေ အများကြီးရှိတဲ့ အဆင့်မြင့် အရာရှိတွေ ပါဝင်ပါတယ်။

သမ္မတ မက်ခရွန်ရဲ့ အရင်သမ္မတနှစ်ဦးဖြစ်တဲ့ ဖရန်ဆွာဟော်လန်းနဲ့ နီကိုးလပ်ဆာကိုဇီတို့နဲ့ မတူညီတဲ့ နည်းလမ်းတွေနဲ့ ချဉ်းကပ်တာပဲ ဖြစ်တယ်လို့လည်း ဝေဖန်ကြပါတယ်။ ဆာကိုဇီကတော့ကာတာနိုင်ငံနဲ့ ပနံသင့်ပြီး ဖရန်ဆွာဟော်လန်းကတော့ ဆော်ဒီနဲ့ ပိုပြီးရင်းနှီးပါတယ်။ မက်ခရွန်အလှည့်ကျတော့ ဆော်ဒီနဲ့သာမက ကာတာနိုင်ငံနဲ့ပါ ရင်းနှီးမှုကို ဆက်လက်ထိန်းထားလိုပါတယ်။ ဒါတွေအပြင် အီရန်နိုင်ငံကိုလည်း ချန်မထားပါဘူး။ တစ်နေ့ကျရင် အီရန်ဆီကိုလည်း အရောက်သွားဖို့စိတ်ကူးရှိပါတယ်။

သံတမန်အများစုကတော့ အရှေ့အလယ်ပိုင်းဒေသမှာ အမေရိကန်ရဲ့နေရာမှာ ပြင်သစ်က အစားဝင်ဖို့ဆိုတာ မလွယ်ကူဘူးလို့ ပြောကြပါတယ်။ ဘာလို့လဲဆိုရင် ပြင်သစ်ဟာ အမေရိကန်လောက် နိုင်ငံမကြီးပါဘူး။ ဒါ့အပြင် သူ့အာမခံထားတဲ့ အရာကို ထိန်းသိမ်းနိုင်ဖို့စွမ်းအားလည်းမရှိပါဘူးလို့ သံတမန်အချို့က ပြောကြပါတယ်။ ပြင်သစ်အနေနဲ့ အမေရိကန်ရဲ့နေရာမှာ ဝင်ယူမှုဟာ အခွင့်အရေးတစ်ရပ် ဆိုတာတင်မကပါဘူး။ အနောက်အုပ်စုမှာလည်း အာဏာကို ဆက်လက်ထိန်းသိမ်းထားနိုင်တဲ့ အခွင့်အရေးတစ်ရပ်ပါလို့ မက်ခရွန်ကပြောခဲ့ပါတယ်။

သမ္မတထရန့်ဟာအရှေ့အလယ်ပိုင်းအရေးနဲ့ပတ်သက်လာရင် သူ့အရင်သမ္မတတွေလိုမဟုတ်တာတော့ အမှန်ပါပဲ။ ပြင်သစ်သမ္မတ မက်ခရွန်ဟာလည်း သူ့အရင်သမ္မတတွေနဲ့မတူပါဘူး။ အလွန်ရှုပ်ထွေးနေတဲ့ နိုင်ငံရေးပြဿနာတွေအပေါ်မှာအမေရိကန်က ဝင်ပါဖို့ စိတ်ကူးမရှိပါဘူး။ ဒီတော့ အမေရိကန်က နောက်ဆုတ်သွားတဲ့ အရှေ့အလယ်ပိုင်းဒေသရဲ့အခန်းကဏ္ဍမှာ ပြင်သစ်ကနေရာဝင်ယူနိုင်မလားဆိုတာဘယ်သူမှတပ်အပ်မပြောနိုင်ပါဘူး။ သမ္မတ ထရန့်ရဲ့လုပ်ဆောင်ချက်တွေကို ခန့်မှန်းလို့မရသလို သမ္မတ မက်ခရွန်ရဲ့ အစွမ်းအစကို လျှော့တွက်လို့လည်း မရပါဘူး။

ကိုးကား-နယူးယောက်တိုင်းမ်

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

(ခ) ပိုင်ဆိုင်သူ၏အမည်ကို ကုမ္ပဏီ၏ သက်ဆိုင်ရာမှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းပြီးသည့်အခါ အစုရှယ်ယာ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်တစ်ခုအား ထုတ်ဝေပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ဤပုဒ်မပါပြဋ္ဌာန်းချက်အား လိုက်နာရန်ပျက်ကွက်ခြင်းသည် အစုရှယ်ယာ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်အား ထုတ်ဝေခြင်းအတွက် တရားဝင်အတည်ဖြစ်မှုအား ထိခိုက်စေခြင်းမရှိစေရ။

၇၂။ ကုမ္ပဏီသည် ပုဒ်မ ၇၁ ပါပြဋ္ဌာန်းချက်အား လိုက်နာရန်ပျက်ကွက်ခဲ့လျှင် သိလျက်ဖြင့်ပျက်ကွက်ခဲ့သော ကုမ္ပဏီ၏ဒါရိုက်တာတစ်ဦးစီသည် ဒဏ်ကြေးငွေကျပ် နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

### ဦးစားပေးအစုရှယ်ယာများ

**ဦးစားပေးအစုရှယ်ယာများ ထုတ်ဝေရန်အတွက် လိုအပ်ချက်များ**

၇၃။ ဦးစားပေးအစုရှယ်ယာများတွင် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အခွင့်အရေးများကို ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဖော်ပြထားလျှင် သို့မဟုတ် အဆိုပါအစုရှယ်ယာများနှင့် စပ်လျဉ်းသည့်အခွင့်အရေးများကို ကုမ္ပဏီ၏အထူးဆုံးဖြတ်ချက်အရ အတည်ပြုခဲ့လျှင် ကုမ္ပဏီတစ်ခုသည် ဦးစားပေးအစုရှယ်ယာများကို ထုတ်ဝေနိုင်သည်-

(က) မတည်ငွေရင်းကို ပြန်လည်ပေးချေခြင်း၊

(ခ) ပိုလျှံသည့် ရရန်ပိုင်ခွင့်များနှင့် အကျိုးအမြတ်များတွင် ပါဝင်ခြင်း၊

(ဂ) စုပေါင်းထားသော အမြတ်ဝေစုများနှင့် သီးခြားစီဖြစ်သော အမြတ်ဝေစုများ၊

(ဃ) ဆန္ဒမဲပေးခြင်း၊

(င) အခြားဦးစားပေးအစုရှယ်ယာအမျိုးအစားများ သို့မဟုတ် အခြားအစုရှယ်ယာများထက် ဦးစားပေးပြီး အမြတ်ဝေစုများနှင့် မတည်ငွေရင်းကို ပေးချေခြင်းနှင့်

(စ) အစုရှယ်ယာများအား ပြန်လည်ရွေးနုတ်ရယူနိုင်ခြင်း ရှိမရှိနှင့် ရှိခဲ့ပါက ထိုသို့ ပြန်လည်ရွေးနုတ်ရယူနိုင်ခြင်းဆိုင်ရာ စည်းကမ်းချက်များ။

**ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများအား ပြန်လည်ရွေးနုတ်ရယူခြင်း**

၇၄။ (က) ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများသည် ယင်းတို့အား ပြန်လည်ရွေးနုတ်နိုင်ခွင့်ရှိသော စည်းကမ်းချက်များချမှတ်၍ထုတ်ဝေသည့် ဦးစားပေး အစုရှယ်ယာများ ဖြစ်သည်။

(ခ) ပုဒ်မခွဲ (ဂ) ပါပြဋ္ဌာန်းချက်များကို လိုက်နာလျက် ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာအား အောက်ပါအတိုင်း ပြန်လည်ရွေးနုတ်ရယူနိုင်သည်-

(၁) တိကျစွာသတ်မှတ်ထားသည့်အချိန်တွင် သို့မဟုတ် တိကျစွာသတ်မှတ်ထားသည့် အထူးအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာသည့်အခါတွင် သို့မဟုတ်

(၂) ကုမ္ပဏီမှ ရွေးချယ်ရယူသည့်အခါတွင် သို့မဟုတ်

(၃) အစုရှယ်ယာရှင်က ရွေးချယ်ရယူသည့်အခါတွင်။

(ဂ) ကုမ္ပဏီသည် အောက်ပါအခြေအနေများ ပေါ်ပေါက်မှသာလျှင် ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများအား ပြန်လည်ရွေးနုတ်ရယူနိုင်သည်-

(၁) အဆိုပါ အစုရှယ်ယာများအတွက် အပြည့်အဝငွေပေးချေပြီးဖြစ်ခြင်း၊

(၂) ကုမ္ပဏီ၏အကျိုးအမြတ်များအားအသုံးပြု၍ သို့မဟုတ် ဦးစားပေး အစုရှယ်ယာများအား ပြန်လည်ရွေးနုတ်ရယူရန်ရည်ရွယ်၍ အစုရှယ်ယာအသစ်များ ထုတ်ဝေမှု၏ အကျိုးအမြတ်များအား အသုံးပြုခဲ့ခြင်းနှင့်

(၃) ပြန်လည်ရွေးနုတ်ရယူခြင်း ပြုလုပ်ခဲ့ပါက ကုမ္ပဏီတွင် ကြွေးမြီစစ်ဆေးချက်၌ ကျေနပ်လက်ခံနိုင်မည်ဖြစ်ကြောင်း ဒါရိုက်တာများမှသင့်လျော်သောအကြောင်းအချက်များအပေါ် ဆုံးဖြတ်ခဲ့ခြင်း။

(ဃ) ပုဒ်မခွဲ (ဂ) အရ ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ပြီးသည့်အခါ ဖော်ပြထားသည့် ငွေပမာဏသည်ပြန်လည်ရွေးနုတ်ရယူရန်အတွက် သတ်မှတ်ထားသည့်နေ့တွင် ပေးချေရမည့် ငွေပမာဏ ဖြစ်လာစေရမည်။

(င) ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများသည် ပြန်လည်ရွေးနုတ် ရယူပြီးသည့်အခါတွင် ပျက်ပြယ်စေရမည်။

(စ) ကုမ္ပဏီသည် ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများကို ပြန်လည်ရွေးနုတ်ရယူပြီးနောက် ၂၁ ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အဆိုပါပြန်လည်ရွေးနုတ်ရယူခြင်းအား မှတ်ပုံတင်အရာရှိထံ အကြောင်းကြားတင်ပြရမည်။

(ဆ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်အား လိုက်နာရန်ပျက်ကွက်ခြင်းသည် ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများကို ပြန်လည်ရွေးနုတ်ရယူခြင်းအတွက် တရားဝင် အတည်ဖြစ်မှုအား ထိခိုက်စေခြင်းမရှိစေရ။

၇၅။ ကုမ္ပဏီသည် ပုဒ်မ ၇၄ ပါပြဋ္ဌာန်းချက်များအား လိုက်နာရန်ပျက်ကွက်ခဲ့လျှင် သိလျက်ဖြင့် ပျက်ကွက်ခဲ့သောကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးစီသည် ဒဏ်ကြေးငွေကျပ် နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

### ဒီဘင်ချာများ

**စဉ်ဆက်မပြတ် သုံးစွဲနိုင်သော ဒီဘင်ချာများ**

၇၆။ ဤဥပဒေ မပြဋ္ဌာန်းမီကသော်လည်းကောင်း၊ ပြဋ္ဌာန်းပြီးနောက်တွင် သော်လည်းကောင်းချုပ်ဆိုသည့် ဒီဘင်ချာတစ်ရပ်ရပ် သို့မဟုတ် ဒီဘင်ချာစာချုပ်တစ်ရပ်ရပ်တွင် ဖော်ပြပါရှိသော သတ်မှတ်ချက်တစ်ရပ်ရပ်သည် မည်သည့်အချိန်၊ မည်သည့်အကြောင်းကြောင့်မျှဖြင့် ပြန်လည်ရွေးနုတ် ရယူခွင့်မရှိသော သို့မဟုတ် ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသောကြောင့် တရားမဝင်ဖြစ်ခြင်း မရှိစေရ။

**ပြန်လည်ရွေးနုတ်ရယူခဲ့သော ဒီဘင်ချာများကို တစ်ချိန်ချိန်တွင်ထပ်မံထုတ်ဝေရန် ဆောင်ရွက်နိုင်သည့် အခွင့်အာဏာ**

၇၇။ (က) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ထုတ်ပြန်ထားသည့် စည်းကမ်းချက်များ၌ အခြားနည်း အတိအလင်းဖော်ပြထားခြင်းမရှိပါက ဤဥပဒေအာဏာတည်ခြင်းမပြုမီတွင်ဖြစ်စေ၊ အာဏာတည်ပြီးနောက်တွင်ဖြစ်စေ ကုမ္ပဏီသည် ယခင်ကထုတ်ဝေခဲ့သော ဒီဘင်ချာတစ်ရပ်ရပ်ကို ပြန်လည်ရွေးနုတ်ရယူပြီးနောက် အဆိုပါဒီဘင်ချာတစ်ရပ်ရပ်ကို ထပ်မံထုတ်ဝေနိုင်ရန်အတွက် ယင်းတို့အား ဆက်လက်အကျိုးသက်ရောက်နေစေရန် ဆောင်ရွက်နိုင်ခွင့်ရှိစေရမည် သို့မဟုတ် ထိုသို့ဆောင်ရွက်နိုင်ခွင့်ရှိသည်ဟု အမြဲမှတ်ယူရမည်။ ကုမ္ပဏီသည် အဆိုပါအခွင့်အာဏာအား ကျင့်သုံးဆောင်ရွက်သည့်အခါ ကုမ္ပဏီတွင်အလားတူ ဒီဘင်ချာများကို ထပ်မံထုတ်ဝေခြင်းဖြင့်သော်လည်းကောင်း၊ ယင်းတို့အစား အခြားဒီဘင်ချာများကို ထုတ်ဝေခြင်းဖြင့်သော်လည်းကောင်း ဒီဘင်ချာများအား ထပ်မံထုတ်ဝေရန် အခွင့်အာဏာရှိစေရမည် သို့မဟုတ် ထိုသို့ဆောင်ရွက်ရန် အခွင့်အာဏာရှိသည်ဟု အမြဲမှတ်ယူရမည်ဖြစ်သည်။ ထိုသို့ ထပ်မံထုတ်ဝေသည့်အခါတွင် အဆိုပါ ဒီဘင်ချာအား ယခင်ကထုတ်ဝေခဲ့ဘူးခြင်းမရှိသကဲ့သို့ ဒီဘင်ချာများအားရရှိသူသည် အလားတူအခွင့်အရေးများနှင့် ဦးစားပေးအကျိုးခံစားခွင့်များကို ရရှိစေရမည် သို့မဟုတ် ထိုသို့ရရှိသည်ဟု အမြဲမှတ်ယူရမည်။

(ခ) ဒီဘင်ချာများကို ထပ်မံထုတ်ဝေနိုင်ရန်အတွက် ယင်းတို့အား ဆက်လက်အကျိုးသက်ရောက်နေစေရန်ရည်ရွယ်ပြီး ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီတွင်ဖြစ်စေ၊ ပြဋ္ဌာန်းပြီးနောက်တွင်ဖြစ်စေ အဆိုပါဒီဘင်ချာများကို ကုမ္ပဏီက အမည်စာရင်းအဆိုပြုခံရသူသို့ လွှဲပြောင်းပေးအပ်ရသည့်အခါ ထိုအမည်စာရင်းအဆိုပြုခံရသူထံမှ လွှဲပြောင်းပေးမှုကို ဤပုဒ်မပါ ရည်ရွယ်ချက်များအတွက် ထပ်မံထုတ်ဝေခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ဒီဘင်ချာတစ်ရပ်ရပ်ကို ထပ်မံထုတ်ဝေခြင်း သို့မဟုတ် ယင်းအစား ကုမ္ပဏီသို့ ဤပုဒ်မအရပေးအပ်ထားသည့် သို့မဟုတ် ကုမ္ပဏီကရရှိသည်ဟု မှတ်ယူသည့် အခွင့်အာဏာအရ အခြားဒီဘင်ချာတစ်ရပ်ရပ်ကို ထုတ်ဝေခြင်းကို ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီတွင် ဖြစ်စေ၊ ပြဋ္ဌာန်းပြီးနောက်တွင်ဖြစ်စေ ထပ်မံထုတ်ဝေခြင်း သို့မဟုတ်ထုတ်ဝေခြင်းဖြစ်စေ တံဆိပ်ခေါင်းခွန်ကိစ္စရပ်အလို့ငှာ ဒီဘင်ချာအသစ်တစ်ရပ်အားထုတ်ဝေခြင်းအဖြစ်သတ်မှတ်ရမည်။ သို့ရာတွင် ယင်းသို့ဆောင်ရွက်ခြင်းသည် ထုတ်ဝေရမည့် ဒီဘင်ချာများ၏ တန်ဖိုးငွေပမာဏ သို့မဟုတ် အရေအတွက်ကို ကန့်သတ်ထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အတွက် ဆောင်ရွက်ခြင်း မဖြစ်စေရ။ သို့ရာတွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ထပ်မံထုတ်ဝေထားသည့် ဒီဘင်ချာတစ်ခုသည် အပြည့်အဝ တံဆိပ်ခေါင်းကပ်ထားသည်ဟုမှတ်ယူ၍ ယင်း၏အာမခံချက်နှင့်စပ်လျဉ်း၍ ငွေထုတ်ချေးသူတစ်ဦးဦးသည် တံဆိပ်ခေါင်းခွန် သို့မဟုတ် ယင်းနှင့်စပ်လျဉ်းသည့် ပြစ်ဒဏ်တစ်ရပ်ရပ်ကို ထမ်းဆောင်ရန် မလိုဘဲ ၎င်း၏ အာမခံချက်အား အတည်ပြုပေးစေရန်အတွက် မည်သည့်တရားစွဲဆိုဆောင်ရွက်မှုတွင်မဆို အဆိုပါဒီဘင်ချာကို သက်သေခံအဖြစ် ပေးအပ်တင်ပြနိုင်သည်။ သို့ရာတွင် ဒီဘင်ချာတွင် အပြည့်အဝတံဆိပ်ခေါင်းကပ်ထားခြင်းမရှိသည်ကို ၎င်းမှ သိရှိခြင်း သို့မဟုတ် ၎င်း၏ပေါ့လျော့မှုကြောင့် တွေ့ရှိခြင်းမရှိခဲ့လျှင် အဆိုပါဒီဘင်ချာကိုသက်သေခံအဖြစ် ပေးအပ်တင်ပြနိုင်ခြင်း မရှိစေရ။ သို့ရာတွင်ကုမ္ပဏီသည် ထိုက်သင့်သော တံဆိပ်ခေါင်းခွန်နှင့် ပြစ်ဒဏ်တို့ကို ပေးဆောင်ရန် တာဝန်ရှိစေရမည်။

(ဃ) ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ကုမ္ပဏီတစ်ခု၏ ဒီဘင်ချာများ အပြည့်အဝပေးချေပြီး သို့မဟုတ် အခြားနည်းဖြင့် ကျေနပ်လက်ခံပြီး သို့မဟုတ် ပျက်ပြယ်ပြီးဖြစ်သော ဒီဘင်ချာတစ်ရပ်ရပ်အစား အခြားဒီဘင်ချာများ သို့မဟုတ် ယင်းနှင့်စပ်လျဉ်း၍ ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေနိုင်ရန် အခွင့်အာဏာ တစ်ရပ်ရပ်ကို ထိခိုက်စေခြင်းမရှိစေရ။

**ဒီဘင်ချာများကိုရယူရန် ပဋိညာဉ်စာချုပ်အား အတိအကျအကောင်အထည်ဖော်ဆောင်ရွက်စေခြင်း**

၇၈။ ကုမ္ပဏီတစ်ခု၏ ဒီဘင်ချာတစ်ရပ်ရပ်ကို ရယူရန်နှင့် ငွေပေးချေရန်အတွက် ယင်းကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် ပဋိညာဉ်တစ်ရပ်ကို သီးသန့်ဆောင်ရွက်ပေးစေရန် အမိန့်ဒီဂရီတစ်ခုဖြင့် အတည်ပြုဆောင်ရွက်နိုင်သည်။

### အစုရှယ်ယာအာမခံလက်မှတ်များနှင့် စပ်လျဉ်းသည့် ကူးပြောင်းဆောင်ရွက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ

**အစုရှယ်ယာအာမခံလက်မှတ်များ၏ အကျိုးသက်ရောက်မှု**

၇၉။ ပုဒ်မ ၈၁ နှင့် ၈၂ တို့နှင့်အညီ ဤဥပဒေစတင်အာဏာတည်သည့်နေ့အထိ ထုတ်ဝေထားသည့် အစုရှယ်ယာအာမခံလက်မှတ် တစ်ရပ်ရပ်အား ကိုင်ဆောင်ထားသူသည် ၎င်းအာမခံလက်မှတ်တွင်ဖော်ပြပါရှိသည့် အစုရှယ်ယာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များကို ရထိုက်ခွင့်ရှိသည်။အာမခံလက်မှတ်အားပယ်ဖျက်၍ အဆိုပါအစုရှယ်ယာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များအဖြစ် လွှဲပြောင်းပေးနိုင်သည်။

**အစုရှယ်ယာအာမခံလက်မှတ်အား ကိုင်ဆောင်ထားသူ၏အမည်ကို မှတ်ပုံတင်ခြင်း**

၈၀။ ပုဒ်မ ၈၁နှင့် ၈၂ တို့ပါ ပြဋ္ဌာန်းချက်များ၊ ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့်အညီ အစုရှယ်ယာ အာမခံလက်မှတ်တစ်ရပ်အား ကိုင်ဆောင်ထားသူသည် ကုမ္ပဏီက ပယ်ဖျက်ခြင်းအတွက် ယင်းအားအပ်နှံခဲ့လျှင် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ပါဝင်သူတစ်ဦးအနေဖြင့် ၎င်းတို့၏အမည်များကို ထည့်သွင်းဖော်ပြခွင့် ရရှိစေရမည်။ အာမခံလက်မှတ်အားအပ်နှံခြင်း၊ ပယ်ဖျက်ခြင်းမရှိဘဲ ယင်းတွင်ဖော်ပြပါရှိသော အစုရှယ်ယာများနှင့် စပ်လျဉ်းသည့် အစုရှယ်ယာ အာမခံလက်မှတ်တစ်ရပ်ကို ကိုင်ဆောင်ထားသူ၏အမည်အား ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ထည့်သွင်းဖော်ပြသောအကြောင်းကြောင့် တစ်စုံတစ်ဦးအပေါ်တွင် ဆုံးရှုံးနစ်နာမှုများဖြစ်လာခဲ့လျှင် ကုမ္ပဏီသည် တာဝန်ရှိစေရမည်။

**ဤဥပဒေစတင်အာဏာတည်ပြီးနောက် အစုရှယ်ယာ အာမခံလက်မှတ်များ ထပ်မံထုတ်ဝေမှုမပြုရခြင်း**

၈၁။ ဤဥပဒေစတင်အာဏာတည်ပြီးနောက်တွင် ကုမ္ပဏီတစ်ခုသည် အစုရှယ်ယာ အာမခံလက်မှတ်တစ်ရပ်ရပ်ကို ထုတ်ဝေခြင်းမပြုရ။

**အစုရှယ်ယာအာမခံလက်မှတ်များအား စွန့်လွှတ်၊ ပယ်ဖျက်သည်ဟု မှတ်ယူခြင်း**

၈၂။ (က) ဤဥပဒေ စတင်အာဏာသက်ရောက်ခြင်းမရှိမီက ထုတ်ဝေခဲ့သော အစုရှယ်ယာအာမခံလက်မှတ်များအားလုံးကို ယခင်က စွန့်လွှတ်ထားခြင်းမရှိခဲ့လျှင် ကူးပြောင်းကာလသို့မဟုတ် ပုဒ်မခွဲ (ဂ) အရ သတ်မှတ်ထားသည့် အခြားကာလတစ်ရပ်ရပ် ကုန်ဆုံးသည်အထိ ယင်းတို့တွင်ပါရှိသော စည်းကမ်းချက်များနှင့်အညီ ဆက်လက်တရားဝင်စေရမည်ဖြစ်သည်။ ယင်းကာလကုန်ဆုံးပြီးနောက်တွင် အဆိုပါအစုရှယ်ယာ အာမခံလက်မှတ်များကို စွန့်လွှတ်ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ပုဒ်မခွဲ (က) အရ အစုရှယ်ယာအာမခံ လက်မှတ်များကို ပယ်ဖျက်သည့်အကြောင်းကြောင့် ပုဂ္ဂိုလ်တစ်ဦးဦးတွင် ဖြစ်ပေါ်သည့် ဆုံးရှုံးမှုတစ်ရပ်ရပ်အတွက် ကုမ္ပဏီတွင် တာဝန်တစ်စုံတစ်ရာ မရှိစေရ။

(ဂ) သက်ဆိုင်ရာကုမ္ပဏီက စာဖြင့်ရေးသားလျှောက်ထားလာလျှင် မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့်ကာလကို တိုးမြှင့်ပေးနိုင်သည်။ ကူးပြောင်းကာလကုန်ဆုံးချိန်တွင် စွန့်လွှတ်ပယ်ဖျက်သည်ဟု မှတ်ယူရမည့် အာမခံလက်မှတ်များသည် ကုမ္ပဏီ၏အကောင်းဆုံးဖြစ်သော အကျိုးစီးပွားအတွက် မဟုတ်ပါဆိုသော ကျိုးကြောင်းဆီလျော်မှုရှိသည့် တင်ပြချက်များအပေါ် ကျေနပ်လက်ခံခဲ့လျှင် မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာအာမခံ လက်မှတ်များကို ပြောင်းလဲသုံးစွဲနိုင်ရေးအတွက် လိုအပ်သောအစီအစဉ်များကို လုပ်ဆောင်နိုင်သည်။

### အခန်း (၁၂)

### အစုရှယ်ယာများနှင့် အခြားငွေချေးသက်သေခံလက်မှတ်များကို လွှဲပြောင်းခြင်း

**လွှဲပြောင်းဆောင်ရွက်ရန် လိုအပ်ချက်များ**

၈၃။ (က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် အညီဖြစ်ပြီး အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်တွင်ပါရှိသည့် ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ အစုရှယ်ယာများနှင့် ကုမ္ပဏီရှိ အခြားမှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို အခန်း (၁၃) အရ ပြုလုပ်ထားရှိသည့် ကုမ္ပဏီ၏သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် လွှဲပြောင်းပေးခြင်းခံရသူ၏ အမည်အားရေးသွင်းဖော်ပြခြင်းဖြင့် လွှဲပြောင်းပေးနိုင်သည်။

(ခ) အစုရှယ်ယာများနှင့် ကုမ္ပဏီရှိ အခြားမှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို လွှဲပြောင်းခြင်းအား မှတ်ပုံတင်ရန်အတွက် လျှောက်ထားမှုတစ်ရပ်ကို လွှဲပြောင်းပေးသူကသော်လည်းကောင်း၊ လွှဲပြောင်းပေးခြင်းခံရသူကသော်လည်းကောင်း ပြုလုပ်နိုင်သည်။ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီသည် လွှဲပြောင်းပေးခြင်းခံရသူ၏အမည်နှင့် အခန်း (၁၃) အရ လိုအပ်သော အခြားအချက်အလက်များကို သက်ဆိုင်ရာမှတ်ပုံတင်စာရင်းတွင် ရေးသွင်းရမည်။

(ဂ) သို့ရာတွင် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင်ပါရှိသည့် ပြဋ္ဌာန်းချက်မှတစ်ပါးအစုရှယ်ယာများ သို့မဟုတ် အခြားမှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကိုလွှဲပြောင်းခြင်း စာရွက်စာတမ်းများအား သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အပြည့်အဝတံဆိပ်ခေါင်းကပ်ပြီး လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းပေးခြင်းခံရသူက လက်မှတ်ရေးထိုး ဆောင်ရွက်ထားမှ ကုမ္ပဏီသည် လွှဲပြောင်းမှုကို မှတ်ပုံတင်ခြင်းပြုရမည်။ ထို့အပြင် ကုမ္ပဏီသို့ အောက်ပါအချက်အလက်များအား ပေးအပ်ရမည် -

(၁) လွှဲပြောင်းရန် အဆိုပြုထားသည့် အစုရှယ်ယာများ သို့မဟုတ် အကျိုးခံစားခွင့်များအတွက် သက်သေခံချက်ဖြစ်စေမည့် သက်ဆိုင်ရာအထောက်အထားလက်မှတ်များနှင့်

(၂) လွှဲပြောင်းမှုအကြောင်းကြောင့် ပြည်ပကော်ပိုရေးရှင်းတစ်ခု သို့မဟုတ် အခြား နိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် ၎င်းတို့ပေါင်းစည်းလျက် ကုမ္ပဏီ၏ အစုရှယ်ယာများအပေါ် ပိုင်ဆိုင်မှုအကျိုးခံစားခွင့် တစ်ရပ်ရပ်ကို ရရှိလာခြင်း သို့မဟုတ်ရပ်စဲသွားခြင်းအကြောင်းကြောင့် လွှဲပြောင်းပေးသူ သို့မဟုတ် လွှဲပြောင်းပေးခြင်းခံရသူ သို့မဟုတ် ၎င်းတို့နှစ်ဦးစလုံးက ပြုလုပ်သည့် ကြေညာချက်။

(ဃ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် သက်ဆိုင်ရာငွေချေး သက်သေခံလက်မှတ်တွင်ပါရှိသည့် စည်းကမ်းချက်များ၌ အတိအလင်း အခွင့်အာဏာအပ်နှင်းထားလျှင် သို့မဟုတ် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအရ အခြားနည်းခွင့်ပြုထားလျှင် သို့မဟုတ် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေအား လိုက်နာဆောင်ရွက်ရန် လိုအပ်လျှင် ဒါရိုက်တာအဖွဲ့သည် လွှဲပြောင်းခြင်းအတွက် လျှောက်လွှာနှင့်ဤပုဒ်မအရ လိုအပ်သော အခြားစာရွက်စာတမ်းများကို လက်ခံရရှိပြီး နောက် ၂၁ ရက် အတွင်း လွှဲပြောင်းမှုအား ဖော်ပြထားသည့် ဆုံးဖြတ်ချက် တစ်ရပ်ကိုချမှတ်၍ ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် ခုနစ်ရက်အတွင်း အကြောင်းပြချက်များကို ထည့်သွင်းဖော်ပြလျက် ငြင်းပယ်သည့် အကြောင်းကြားစာကို လွှဲပြောင်းပေးသူနှင့် လွှဲပြောင်း ပေးခြင်းခံရသူ များထံသို့ ပေးပို့ခဲ့လျှင် ကုမ္ပဏီသည် လွှဲပြောင်းခြင်းအား မှတ်ပုံတင်ရန် ငြင်းပယ်နိုင်သည်။

(င) ပုဒ်မခွဲ (ဂ) တွင် ပါရှိသည့် မည်သည့်ပြဋ္ဌာန်းချက်ကမျှ အစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို ဥပဒေအရလွှဲပြောင်းပေးခြင်း ခံရသူတစ်ဦးဦးအား အစုရှယ်ယာရှင် သို့မဟုတ် ကုမ္ပဏီရှိ မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို လက်ဝယ်ထားရှိသူအဖြစ်မှတ်ပုံတင်စာရင်းရေးသွင်းနိုင်သည့် ကုမ္ပဏီ၏အခွင့်အာဏာတစ်ရပ်ရပ်ကို ထိခိုက်စေခြင်းမရှိစေရ။

၈၄။ ပုဒ်မ ၈၃၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့အား လိုက်နာဆောင်ရွက်ရာတွင် ပျက်ကွက်မှုရှိခဲ့ပါက သိလျက်ဖြင့်ဆောင်ရွက်ခဲ့သည့် ဒါရိုက်တာများသည် ပျက်ကွက်မှုဖြစ်ပေါ်သည့် ကာလအတွင်း ဒဏ်ကြေးငွေကျပ် တစ်သိန်းငါးသောင်းစီ ပေးဆောင်ရမည်။

၈၅။ လွှဲပြောင်းပေးခြင်းခံရသူ သို့မဟုတ် လွှဲပြောင်းပေးသူသည် သိလျက်ဖြင့်ဖြစ်စေ၊ ပေါ့လျော့၍ဖြစ်စေပုဒ်မ ၈၃၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) အရ ပြုလုပ်သည့် ကြေညာချက်တွင် ကုမ္ပဏီသို့ မမှန်ကန်သော ဖော်ပြချက်တစ်ရပ်ရပ် ပြုလုပ်ပါရှိစေခဲ့လျှင် ထိုသို့ပြုလုပ်မှုအတွက် ဒဏ်ကြေးငွေကျပ် ခုနစ်သိန်းငါးသောင်းစီ ပေးဆောင်ရမည်။

**အစုရှယ်ယာများနှင့် အခြားအကျိုးခံစားခွင့်များကို လွှဲပြောင်းခြင်း မှတ်ပုံတင်ခြင်း**

၈၆။ (က) အစုရှယ်ယာများ သို့မဟုတ် မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို လွှဲပြောင်းခြင်းအားမှတ်ပုံတင်သည့် ၂၁ ရက်အတွင်း ကုမ္ပဏီသည် သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် လွှဲပြောင်းမှုအကြောင်းကြားစာအား မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၉၉)

# အိန္ဒိယ-မြန်မာ သတင်းမီဒီယာ



***ဦးဟန်ညွန့် (ဥပဒေ)***

**ကျောင်းသားဘဝ**

ကျောင်းသားဘဝကပင် ကမ္ဘာ့မြေပုံကြီးကိုကြည့်ပြီး အိန္ဒိယကို စွဲမက်ခဲ့သည်။ တစ်နေ့နေ့တော့ အိန္ဒိယသို့အရောက်သွားမည်ဟု စိတ်ကူးယဉ် အိပ်မက်မက်ခဲ့ဖူးသည်။ ရှေ့နေချုပ်ရုံးမှာ တာဝန်ထမ်းခဲ့စဉ်ကလည်း သူများတွေ သွားခွင့်ကြုံပြီး ကျွန်တော့်မှာ သွားခွင့် မကြုံခဲ့ပါ။ အသက် ၆၀ ကျော် အငြိမ်းစားသွားမှ [မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အနေဖြင့် ] အိန္ဒိယသို့ ခရီးသွားခွင့်ရခဲ့ပြီ။ ဩော်-ချစ်သော အိန္ဒိယ။ လွမ်းမောဖွယ် အိန္ဒိယ။

**ရှေ့နေနှင့် သတင်းထောက်**

ကျွန်တော်က ရှေ့နေပါ။ ပြီးတော့ သတင်းထောက်ပါ။ ဆယ်တန်းကျောင်းသားဘဝကစပြီး မန္တလေးလူထုသတင်းစာမှာ သတင်းထောက်ဖြစ်နေပြီ။ စာစီစာကုံးတွေ ရေးနေပြီ။ ဆောင်းပါးတွေ ရေးနေပြီ။ တက္ကသိုလ်မှာ ဥပဒေကျောင်းသားဖြစ်ချိန်မှာ ရန်ကုန်၊ ဗိုလ်တထောင်သတင်းစာမှာ ဆောင်းပါးတွေရေး၊ တက္ကသိုလ်သတင်းတွေပို့၊ ဆရာကြီးဦးသိန်းဖေမြင့်၏ တပည့်၊ သတင်းသမားဘဝ စနေခဲ့ပြီ။ ဥပဒေနှင့် သတင်းမီဒီယာလက်တွဲခဲ့ပုံတွေ ယနေ့တိုင် မမေ့နိုင်ပါ။ နောက်ခံသမိုင်းအကျဉ်းကလေးတင်ပြမှ ပြည့်စုံမည်ထင်၍ ရေးရခြင်းပါ။ ကျောင်းသားဘဝ ပြန်လည်တမ်းတမိသည်။

**စာနယ်ဇင်းနေ့**

အိန္ဒိယ နယူးဒေလီမှာ ၂၀၁၇ နိုဝင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ စာနယ်ဇင်းနေ့ (National Press Day) ကျင်းပမှာပါ။ ပြီးတော့ ကမ္ဘာ့သတင်းမီဒီယာကောင်စီများ အစည်းအဝေး ဆက်လုပ်ကြမှာပါ။ နိုင်ငံအသီးသီးက သတင်းမီဒီယာကိုယ်စားလှယ်တွေ စုံစုံညီညီတက်ရောက်မည့် ပွဲကြီးပါ။ ထိုပွဲကြီးသို့ မြန်မာကိုယ်စားလှယ်နှစ်ဦး တက်ခွင့်ရခဲ့တာပါ။ ကျွန်တော်အလွန်ပျော်သည်ဗျာ။

**ဖိတ်ကြားသူ**

ဖိတ်ကြားသူက အိန္ဒိယနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌကြီး မစ္စတာချန်ဒရာမူလီပါ။ သူက အငြိမ်းစားတရားသူကြီးတစ်ဦးလည်း ဖြစ်ပါသည်။ ဥပဒေလည်း ကျွမ်း၊ သတင်းလောကအကြောင်းကိုလည်း ကျေညက်သူမို့ သတင်းကောင်စီဥက္ကဋ္ဌဖြစ်တာ မဆန်းပါ။ ရိုးသားကြိုးစားသူပါ။ အားကျစရာကောင်းသူပါ။

**မြန်မာပြည်သို့ ရောက်လာသူ**

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် မိုဒီသည် မြန်မာပြည်သို့ ၂၀၁၇ စက်တင်ဘာလထဲက ချစ်ကြည်ရေးခရီးလာခဲ့ပါသည်။ ဝန်ကြီးချုပ် မိုဒီနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသူမှာ အိန္ဒိယသတင်းကောင်စီဥက္ကဋ္ဌကြီးပါ။ မြန်မာခေါင်းဆောင် အမေစုနှင့် အိန္ဒိယခေါင်းဆောင်မိုဒီတို့၏ နေပြည်တော်သမ္မတအိမ်တော်မှာ သတင်းစာရှင်းလင်းပွဲ ထိုစဉ်က ကျင်းပပြုလုပ်ခဲ့သည်။ ထိုနေ့က ကျွန်တော်တက်ခွင့်ရပြီး အိန္ဒိယသတင်းကောင်စီ ဥက္ကဋ္ဌကြီးနှင့် မိတ်ဆက် စတင်တွေ့ခွင့်ရခဲ့တာပါ။ မြန်မာသတင်းကောင်စီ၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းနှင့် ကျွန်တော်တို့ သုံးဦး အမှတ်တရဓာတ်ပုံရိုက်ခဲ့ကြပါသည်။

**MoU**

အိန္ဒိယ-မြန်မာ သတင်းမီဒီယာကောင်စီ အချင်းချင်း ဆက်သွယ်ဖို့၊ ချစ်ကြည်ဖို့၊ အပြန်အလှန် သတင်းတွေဖလှယ်ဖို့၊ နားလည်မှု စာချွန်လွှာ (MoU) ကိုလည်း သမ္မတအိမ်တော် (နေပြည်တော်)မှာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။ ဤသို့ဖြင့် အိန္ဒိယ-မြန်မာသတင်းမီဒီယာဆက်နွယ်မှု သမိုင်းအကျဉ်းရှင်းလင်းပြီ ထင်ပါသည်။

**ကမ္ဘာ့သတင်းမီဒီယာများကောင်စီ**

၂၀၁၇ နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ ASHOK ဟိုတယ်မှာ ညီလာခံကြီးတစ်ရပ် ကျင်းပခဲ့သည်။ ကမ္ဘာ့သတင်းမီဒီယာများကောင်စီ [World Association of Press Councils] (WAPC) အမှုဆောင်ကော်မတီအစည်းအဝေးကြီး (ညီလာခံကြီး)ဖြစ်ပါသည်။

> **"ကန့်ကွက်သည့် နိုင်ငံရှိပါသည်။ မဆီမဆိုင်သော နိုင်ငံရေးကိစ္စကို ဆွဲထည့်ပြီး လိုရာ ပြောသည့် သဘောပါ။ အများက တစ်ခဲနက် ဝိုင်းထောက်ခံသဖြင့် မြန်မာသည် ကမ္ဘာ့သတင်းမီဒီယာ ကောင်စီဝင် (နိုင်ငံတစ်နိုင်ငံ) ဖြစ်ခွင့်ရပါပြီ။ အောင်ပြီ"**

သဘာပတိ မစ္စတာ ဆရီကီ ရှောရှရီသာ (ဒုတိယဥက္ကဋ္ဌ၊ WAPC ) နှင့် မစ္စတာလော်ဂျီဒူဘီ (အထွေထွေအတွင်းရေးမှူးချုပ် WAPC) တို့ တက်ရောက်ပြီး ဦးဆောင်ဆွေးနွေးကြပါသည်။ တက်ရောက်ကြသော နိုင်ငံများမှာ အဇာဘိုင်ဂျန်၊ ဘင်္ဂလားဒေ့ရှ်၊ ကင်ညာ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာ၊ တူရကီ၊ တန်ဇန်နီးယား၊ ဇင်ဘာဘွေနှင့် အိမ်ရှင်အိန္ဒိယနိုင်ငံများ၊ ကိုယ်စားလှယ်များဖြစ်ကြပါသည်။

**မြန်မာအဖွဲ့ဝင်ဖြစ်ပြီ**

မြန်မာကို ကမ္ဘာ့သတင်းမီဒီယာကောင်စီဝင်အဖြစ် လက်ခံရန် သင့်၊ မသင့် အစီအစဉ်တစ်ရပ် ပါရှိခဲ့သည်။ တက်ရောက်သူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ ကန့်ကွက်သည့် နိုင်ငံရှိပါသည်။ မဆီမဆိုင်သော နိုင်ငံရေးကိစ္စကို ဆွဲထည့်ပြီး လိုရာပြောသည့် သဘောပါ။ အများက တစ်ခဲနက်ဝိုင်းထောက်ခံသဖြင့် မြန်မာသည် ကမ္ဘာ့သတင်းမီဒီယာ ကောင်စီဝင် (နိုင်ငံတစ်နိုင်ငံ) ဖြစ်ခွင့်ရပါပြီ။ အောင်ပြီ။

**အမျိုးသားစာနယ်ဇင်းနေ့**

အိန္ဒိယနိုင်ငံဆိုင်ရာ အမျိုးသားစာနယ်ဇင်းနေ့ (National Press Day) အခမ်းအနားကို နယူးဒေလီမြို့ Vigyan Bhawan Hall No:6 ကို ဆက်လက်ကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ခွင့်ရသည်။ ကမ္ဘာတစ်လွှားက သတင်းမီဒီယာများ တက်ကြသည်။ အားရစရာကြီးပါ။

အိန္ဒိယ ဒုတိယသမ္မတနှင့် ပြန်ကြားရေးဝန်ကြီးတို့ ဦးဆောင်တက်ရောက်ပြီး တစ်နိုင်ငံလုံးက ထူးချွန်သတင်းမီဒီယာသမားများအား ဆုချီးမြှင့်ခြင်းအစီအစဉ်ပါသည်။ အသက်ကြီးကြီး၊ ဆံပင်ဖြူဖွေးနှင့်၊ တွန်းလှည်းစီးပြီး ဆုတက်ယူကြသော သတင်းထောက် အဘိုးအိုကြီးတွေ၊ ရုပ်မြင်သံကြား ထုတ်လွှင့်ခဲ့သော အဘွားကြီးတွေ၊ အငြိမ်းစားသတင်းစာသမား၊ မီဒီယာသမားတွေ များလှပေသည်။ လူကြီးလူငယ်အရွယ်စုံပါ။ သတင်းသမားများကို ဒုတိယသမ္မတနှင့် ဝန်ကြီးတို့က ရင်းနှီးစွာ နှုတ်ဆက်သည်။ ဟန်ဆောင်မှု ကင်းသည်။ ပွင့်လင်းသည်။ ရယ်စရာတွေနှင့် ပြုံးပန်းဝေနေသော သတင်းလောကအကြောင်း ပြောပြနေကြသည်။ ကျွန်တော်တို့ (မြန်မာ)အဖွဲ့ သတိပြု၊ မှတ်သားခဲ့ကြသည်။ အသံသွင်းယူ၊ ဓာတ်ပုံရိုက်ခဲ့ကြသည်။ "တို့နိုင်ငံပြန်ရောက်ရင် ဒီလိုလုပ်မယ်" ဟု မျှော်လင့်ခဲ့ကြသည်။ အတုယူစရာတွေ မှတ်သားစရာတွေ...။

**SAAPC**

SAAPC ဆိုတာ ဘာလဲ။ South Asian Alliance of Press Council ဖြစ်ပါသည်။ တောင်အာရှနိုင်ငံများ သတင်းမီဒီယာကောင်စီဟု ဘာသာပြန်ပါရစေ။ ထိုကောင်စီ အစည်းအဝေး ဆက်လုပ်သည်။ အိန္ဒိယသတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဗစ်ဟာဘာက ဦးဆောင်ဆွေးနွေးသည်။ ဖွဲ့စည်းပုံ(မူကြမ်း) အတည်ပြုရေး ဝိုင်းလုပ်ခဲ့ကြသည်။ ကျွန်တော်တို့၏ မြန်မာအဖွဲ့ခေါင်းဆောင် ဦးအောင်လှထွန်း ထောက်ပြသော အချက်များကို ဝမ်းသာအားရ လက်ခံကြသည်။ မြန်မာ၏ကျယ်ပြန့်သော အတွေးအမြင်များကို လေးစားဂုဏ်ပြု လက်ခံခြင်း ဖြစ်ပါသည်။

**စားပွဲဝိုင်း ဆွေးနွေးပွဲများ**

သတင်းမီဒီယာများ ပါဝင်သော အဖွဲ့သည် နောက်တစ်နေ့တွင် စားပွဲဝိုင်းဆွေးနွေးပွဲများ ကျင်းပသည်။ နိုင်ငံတကာ ဧည့်သည်များ တက်ရောက်ကြသည်။ ကျွန်တော်တို့ မြန်မာအဖွဲ့လည်း တက်ရောက်သည်။

**အကြီးမားဆုံး စိန်ခေါ်မှု**

သတင်းပညာမှာ စိန်ခေါ်မှုတွေရှိသည်။ ကမ္ဘာတစ်ဝန်းမှာ အခက်အခဲတွေရှိသည်။ ဤအချက်ကို မည်သူမျှ မငြင်းပါ။

အကြမ်းဖက်တိုက်ခိုက်မှုများ ရှိနေသည်။ မီဒီယာလောကမှ သေဆုံးသူတွေ ရှိသည်။ သတင်းတာဝန်ထမ်းဆောင်၍ ကွယ်လွန်ကျဆုံးသူတွေလည်း ရှိသေးသည်။ ကမ္ဘာတစ်ဝန်းတွင် လွန်ခဲ့သော ၂၅ နှစ်အတွင်း သတင်းထောက် ၂၂၉၇ ဦး အသတ်ခံရသည်။ အိန္ဒိယတစ်နိုင်ငံတည်းတွင်ပင် သတင်းထောက် ၉၅ ဦး သေဆုံးခဲ့သည်ဟု အစီရင်ခံစာတစ်စောင်က ဖော်ပြသည်။

စာမူခမရသော၊ သတင်းရေးခ မရသော သတင်းထောက်များရှိသည်။ ဆင်းရဲပင်ပန်းစွာ (ဝါသနာရှိ၍သာ) သတင်းထောက် လုပ်နေရတာပါဟု ဆိုသူက ဆိုသည်။ သင့်လျော်သော လစာ၊ လုပ်ခ၊ လုံခြုံရေး စီမံပေးသင့်ကြောင်း သတင်းထောက်အဘိုးကြီးတစ်ဦးက အကြံပြုသည်။ နိုင်ငံအစုံမှာ ဒီလိုဖြစ်နေပါလား။ သတိပြုစရာ။

**ခြိမ်းခြောက်မှု**

အစိုးရအဖွဲ့ဝင်၊ အာဏာရှိလူကြီးမင်းများက ၎င်းတို့၏ အကျင့်ပျက်မှု သို့မဟုတ် ပြစ်မှုများကို သတင်းထောက်များက ဖော်ထုတ်မည်ဟု စိုးရိမ်ကြသည်။ ထို့ကြောင့် မဖော်အောင်၊ မပေါ်အောင် သတင်းမီဒီယာများကို ခြိမ်းခြောက်သည်။ ရန်ပြုသည်။ အသရေဖျက်မှုဖြင့် တရားစွဲသည်။ ဤအချက်ကိုလည်း ကျွန်တော်တို့ လေ့လာမှတ်သားခဲ့ရသည်။

**သတင်းထောက်များ ဘေးကင်းလုံခြုံရေး**

အိန္ဒိယတွင် သတင်းထောက်များ ဘေးကင်းလုံခြုံရေးအတွက် စည်းရုံးလှုံ့ဆော်ပွဲများ ပြုလုပ်သည်။ ကုလသမဂ္ဂ၏ အစီအမံများလည်း ရှိသည်။ သတင်းထောက်များအား အကာအကွယ်ပေးသော အထူးဥပဒေတစ်ရပ် ရေးဆွဲချမှတ်ရန် သုံးသပ်ပြင်ဆင်နေပါသည်။ မီဒီယာလွတ်လပ်မှုရှိသည့် နိုင်ငံအဖြစ် ဂုဏ်သိက္ခာမြင့်မားရေး ဆောင်ရွက်လျက်ရှိပါသည်။ နမူနာယူဖွယ်ဖြစ်ပါသည်။

**အခြေခံဥပဒေပုဒ်မ ၁၉**

အိန္ဒိယနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၉ အရ သတင်းလွတ်လပ်ခွင့်ကို ပြည်သူ့အတွက် အာမခံပေးထားသည်။ ဝန်ကြီးချုပ် မိုဒီ၏ စီမံအုပ်ချုပ်မှုဖြင့် သတင်းသမားများ တက်ကြွ စွာလှုပ်ရှားနေကြောင်း ကျွန်တော်တို့ မြန်မာအဖွဲ့က လေ့လာတွေ့ရှိခဲ့ကြသည်။ ဆွေးနွေး ဖလှယ်ခဲ့ကြသည်။

**မှတ်စု**

သွားလေရာရာတွင် မှတ်စုရေးလေ့ရှိသော ကျွန်တော့်အဖို့ အိန္ဒိယနိုင်ငံအကြောင်း မှတ်စုမှာ ရှည်လျားလှသည်။ များပြားလှသည်။ ရသည့်အချိန်၊ ရောက်သည့်အခိုက်၊ မမောနိုင်၊ မပန်းနိုင်၊ မှတ်စုပြုစုခဲ့သည်။ လေ့လာစရာတွေ၊ သွားစရာတွေ များသည်။ သွားချင်သည့် နေရာတွေ အစုံမရောက်ခဲ့။ အိန္ဒိယတရားလွှတ်တော်ချုပ်ထဲသို့ပင် မြန်မာတရားလွှတ်တော်ရှေ့နေတစ်ယောက်အနေဖြင့် ဝင်ရောက်မလေ့လာနိုင်ခဲ့။ အိန္ဒိယတရားလွှတ်တော်ချုပ် အဝင်ဝမှာပင် [လုံခြုံရေးကို ခွင့်ပြုချက်တောင်းပြီး] ဓာတ်ပုံအမှတ်တရ ရိုက်ခဲ့ရသည်။ သို့သော်ငြား ဥပဒေစာအုပ်ဆိုင်ကြီးများသို့သွားပြီး အိန္ဒိယအခြေခံဥပဒေစာအုပ်နှင့် အခြားဥပဒေစာအုပ်(အချို့)ကို ဝယ်ဖြစ်အောင် ဝယ်ခဲ့သည်။ အချိန်ရှိခိုက် ဥပဒေအငွေ့အသက် ရှူရှိုက်ရသလိုပါပဲ။

**စေတနာ**

(၁) လေးစားသော အိန္ဒိယသို့ ကျွန်တော်ရောက်ခဲ့ရပြီ။
(၂) သတင်းမီဒီယာ ရေးစရာတွေ များလှသည်။
(၃) ကမ္ဘာ့သတင်းလောကအမြင်တွေလည်း မိတ်ဆွေနိုင်ငံခြားသားအချို့နှင့် ဖလှယ်ခဲ့သည်။
(၄) ဥပဒေရေးရာအချို့လည်း မှတ်စုထုတ်ခဲ့သည်။
(၅) အလျဉ်းသင့်သည့်အခါ အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးအကြောင်း ပြည့်ပြည့်စုံစုံ ရေးဦးမည်ဟု တွေးမိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ...။ ။

## ဆင်ဖြူကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံး ပန္နက်တင်

**စလင်း ဒီဇင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ပန္နက်တင်အခမ်းအနားကို ဒီဇင်ဘာလပထမပတ်က အဆိုပါ နေရာ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးကံဦး၊ တိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသက်ခိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးသိန်းဇော်နှင့်အဖွဲ့က ပန္နက်တင်ပေးကြသည်။ အဆိုပါ အဆောက်အအုံကို ခွင့်ပြုငွေကျပ် ၁၀၄၆ သိန်းဖြင့် ဆောက် လုပ်မည်ဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## သက်ငယ်မုဒိမ်းမှုပပျောက်ရေး ပညာပေးဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေးအတွက် ပညာပေးဆွေးနွေးဟောပြောပွဲကို ဒီဇင်ဘာလပထမပတ်က ခနောင်တိုအနောက်ရပ်ကွက်ဓမ္မာရုံ၌ ပြုလုပ်ရာ ဆိပ်ကြီးခနောင်တိုမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ဦးက ရပ်ကွက်ပြည်သူများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

၃၄၉

## မွန်ပြည်နယ်တရားလွှတ်တော်တွင် စာတမ်းဖတ်ပွဲကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၁၄**

မွန်ပြည်နယ်အတွင်းရှိ တရားရုံးအဆင့်ဆင့်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော တရားသူကြီးများ၊ တရားရေးအရာရှိများ အရည်အသွေးမြင့်မားစေရေး၊ တရားစီရင်ရေးလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရေးတို့ကို ရည်ရွယ်၍ စာတမ်းဖတ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၈ ရက်က မော်လမြိုင်မြို့ ပြည်နယ်တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါ အခမ်းအနားတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်ကြည်ကြည်စိန်းတို့က အမှာစကားပြောကြားခဲ့ကြသည်။ ယင်းနောက် ပြည်နယ်တရားလွှတ်တော် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိအောင်က "တရားစီရင်ရေးမဏ္ဍိုင်ကြီး ခိုင်မြဲသည်ထက်ခိုင်မြဲစေရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး" ခေါင်းစဉ်ပါ စာတမ်းကို လည်းကောင်း၊ မော်လမြိုင် ခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး ဒေါ်နွဲ့နွဲ့ဦးက "ပြည်သူ့ အတွက် ရှေ့ပြေးတရားရုံး" ခေါင်းစဉ်ပါစာတမ်းကိုလည်း ကောင်း၊ သထုံခရိုင် တရားရုံးတရားသူကြီး ဒေါ်လဲ့လဲ့ဝင်းက "တရားမမှုခင်းများ လက်ခံခြင်း၊ ကြားနာစစ်ဆေးခြင်း၊ စီရင်ဆုံးဖြတ်ခြင်း၊ ချမှတ်သော ဒီဂရီနှင့်အညီ အတည်ပြုဆောင်ရွက်ခြင်း" ခေါင်းစဉ်ပါ စာတမ်းတို့ကိုလည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသူများက ပြန်လည်ဆွေးနွေးတင်ပြခဲ့ကြပြီး သဘာပတိပြည်နယ်တရားရေးဦးစီးမှူးက ဖတ်ကြားတင်သွင်းခဲ့ကြသော စာတမ်းများနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**



# အောင်မြင်မှုအကြောင်းတရားလားရာနဲ့ အင်္ဂလန်အသင်းတွေရဲ့ ချန်ပီယံလိဂ်ဇာတ်ခုံ

**ဥရောပအောင်မြင်မှုတွေနဲ့ ပရီမီယာလိဂ်အသင်းတွေဝေးကွာခဲ့တာဟာ အတန်ကြာခဲ့ပြီလို့ဆိုရမယ်။ ဒါပေမယ့် ပြီးခဲ့တဲ့နှစ်မှာတော့ မန်ယူအသင်းဟာ ယူရိုပါလိဂ်ဆုဖလားကို ရရှိခဲ့ပါသေးတယ်။ ဒါပေမယ့် ချန်ပီယံလိဂ်မှာ တော့ ၂၀၁၂ ခုနှစ်က ချယ်လ်ဆီးအသင်းဟာ ချန်ပီယံလိဂ်ဆုဖလားကို နောက်ဆုံးရယူထားနိုင်ခဲ့တဲ့အသင်းလို့ပြောရမယ်။ အခုဒီနှစ်မှာတော့ ၁၆ သင်းရှုံးထွက် အဆင့်မှာ အင်္ဂလန်အသင်း ငါးသင်းအထိ ပါဝင်လာခဲ့တယ်။ ဒါဟာ လက်ရှိဥရောပထိပ်တန်းလိဂ်တွေထဲမှာတော့ ပရီမီယာလိဂ်အသင်းတွေရဲ့ ပါဝင်မှုအများဆုံးလို့ ပြောရမယ်။ ဒါကြောင့် ဒီနှစ်ရာသီမှာတော့ ချန်ပီယံလိဂ်မှာ ပရီမီယာလိဂ်အသင်းတွေရဲ့ စိုးမိုးချိန် ပြန်ရောက်လာပြီး အင်္ဂလန်အသင်းတွေအနေနဲ့ အောင်မြင်မှုတွေ ရရှိလာမယ့်အချိန်လို့တောင် ပြောရမှာ ဖြစ်ပါတယ်။ အခုလို ပြောရလောက်တဲ့အချက်တွေကလည်း အခိုင်အမာရှိနေတယ်လို့ ပြောရမှာပါ။**

**မော်ရင်ညိုနဲ့ ဂွာဒီယိုလာတို့ နှစ်ဦးစလုံးဟာ ချန်ပီယံလိဂ်အောင်မြင်မှုတွေကို ရယူထားဖူးတဲ့ မန်နေဂျာတွေ ဖြစ်တယ်။ မန်နေဂျာ ဂျာဂျင်ကလော့ဆိုရင်လည်း ချန်ပီယံလိဂ်ဆုဖလားကို မရခဲ့ဖူးပေမယ့် နောက်ဆုံးဗိုလ်လုပွဲအထိ ရောက်ခဲ့ဖူးတဲ့သူ ဖြစ်တယ်။ ကွန်တီဆိုရင်လည်း ချန်ပီယံလိဂ်မှာ ရလဒ်ကောင်း မယူနိုင်ခြင်းကို အကောင်းဆုံးသက်သေပြဖို့ ကြိုးစားနေသူ ဖြစ်တယ်။**

### အသင်းပိုများခြင်း

ရိုးရိုးလေးပဲစဉ်းစားမယ်ဆိုရင် ပရီမီယာလိဂ်အသင်းတွေဟာ ၁၆ သင်းအဆင့်မှာ ပိုမိုပါဝင်ခဲ့တာကြောင့် အောင်မြင်မှု ရာခိုင်နှုန်းကလည်း ပိုများတယ်လို့ ပြောရမယ်။ စပါးအသင်းဟာ ဂျူဗင်တပ်စ်အသင်းနဲ့ တွေ့ဆုံထားတာကြောင့် ပွဲကျပ်လို့တော့ပြောလို့ရတယ်။ ဒါပေမယ့် မန်စီးတီးအသင်းက ဘေဆယ်အသင်းနဲ့တွေ့တာကြောင့် ရှုံးထွက်အဆင့်ကနေ တက်ဖို့ကတော့ သေချာသလောက်ရှိနေပြီလို့ပြောရမယ်။ လီဗာပူးအသင်းကတော့ ပေါ်တိုနဲ့တွေ့တာကြောင့် ဘာမဆိုဖြစ်နိုင်ပေမယ့် မျှော်လင့်လို့ရတဲ့အခြေနေလို့ ပြောလို့ရတယ်။ ချယ်လ်ဆီးအသင်းကတော့ ဘာစီလိုနာနဲ့ဖြစ်တာကြောင့် ပွဲကျပ်တစ်ပွဲပါပဲ။ နောက်ဆုံးမန်ယူအသင်းကတော့ ဆီဗီလာနဲ့ တွေ့ဆုံထားတာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုပဲဆိုစေကာမူ ပရီမီယာလိဂ်အသင်း ငါးသင်းစလုံး ၁၆ သင်းအဆင့်မှာ ထွက်သွားစရာတော့ မရှိနိုင်ပါဘူး။

### အသင်းတိုင်းကအင်အားတောင့်တင်းခြင်း

၁၆ သင်းအဆင့်ကိုတက်လာခဲ့တဲ့ ပရီမီယာလိဂ် ငါးသင်းမှာ ချယ်လ်ဆီး တစ်သင်းထဲပဲ အုပ်စုဒုတိယနဲ့တက်လာခဲ့ပြီး ကျန်လေးသင်းလုံးက အုပ်စုပထမနဲ့ တက်လာခဲ့ကြတာလည်း ဖြစ်ပါတယ်။ အသင်း ငါးသင်းလုံးက ဥရောပထိပ်တန်းအသင်းကြီးတွေတိုင်းနဲ့ ယှဉ်နိုင်တဲ့ အခြေအနေမှာ ကောင်းကောင်းရှိတယ်။ စပါးအသင်းဆိုရင်လည်း ချန်ပီယံလိဂ်အုပ်စုအဆင့်မှာ ရီးရဲမက်ဒရစ်အသင်းကိုနိုင်ခဲ့သလို ဒေါ့မွန်အသင်းကိုလည်း အနိုင်ကစားခဲ့တာဖြစ်ပါတယ်။ မန်စီးတီး အသင်းဆိုရင်လည်း နာပိုလီအသင်းကိုအနိုင်ကစားနိုင်ခဲ့တာ ဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဆိုရင်လည်း အက်သလက်တီကိုအသင်းနဲ့ ယှဉ်ပြိုင်ခဲ့ရတဲ့ နှစ်ပွဲမှာ တစ်ပွဲနိုင် တစ်ပွဲ သရေရလဒ်ရှိခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ပရီမီယာလိဂ်အသင်းတွေဟာ ဥရောပရဲ့ဘယ်လိုထိပ်တန်း အသင်းမျိုးမဆို ယှဉ်ပြိုင်နိုင်စွမ်းရှိတာကတော့ သံသယဝင်စရာတောင်မလိုပါဘူး။

### ဥရောပထိပ်တန်းအသင်းကြီးတွေနဲ့ အားနည်းမှု

ဥရောပထိပ်တန်းအသင်းကြီးတိုင်းဟာ အကောင်းဆုံး ရှိမနေပါဘူး။ ဘာစီလိုနာ အသင်းဆိုရင်လည်း အဓိက ကစားသမားတွေ ဒဏ်ရာပြဿနာနဲ့ ရင်ဆိုင်နေရသလို နေမာကိုဆုံးရှုံးထားပြီး အကောင်းဆုံးအစားထိုးနိုင်ခြင်းမရှိသေးဘူး။ ရီးရဲမက်ဒရစ်အသင်းဆိုရင်လည်း ဒီနှစ်ရာသီမှာ ခြေစွမ်းပိုင်းကျဆင်းနေတယ်။ ဘိုင်ယန်မြူးနစ်အသင်းဆိုရင်လည်း အခြေအနေတွေ ဆိုးရွားနေခဲ့တာကြောင့် နည်းပြဟေးနက်ဇ်ရဲ့ အကူအညီနဲ့အတူ အခုမှ ပြန်လည် ဦးထောင်လာတာလည်း ဖြစ်တယ်။ ဂျူဗင်တပ်စ်အသင်းကလည်း စီးရီးအေဆုဖလားကို ကာကွယ်ဖို့အတွက်အပြင်းအထန် ကြိုးစားနေရတယ်။ ပီအက်စ်ဂျီအသင်းသာ ခြေစွမ်းပိုင်းနဲ့အတူ တိုက်စစ်ပိုင်း အကောင်းဆုံးရှိနေတယ်လို့ ပြောရမယ်။ ဒါပေမယ့် တကယ့် ပြိုင်ပွဲရောက်လာမှသာ သူတို့ရဲ့အရည်အချင်းကို ကြည့်ရမှာလည်းဖြစ်ပါတယ်။ ဒါပေမယ့် ပရီမီယာလိဂ်အသင်းတွေရဲ့အခွင့်အရေးကတော့ ကောင်းကောင်းရှိတယ် ဆိုတာက ထင်ရှားပါတယ်။

### ကစားသမားကောင်းများရှိခြင်း

ပရီမီယာလိဂ် ငါးသင်းလုံးမှာ ထိပ်တန်းကစားသမားကောင်းတွေ အပြည့်ရှိနေတယ်လို့ ပြောရမယ်။ ချယ်လ်ဆီးနဲ့ မန်ယူအသင်းတို့ဆိုရင်လည်း ကမ္ဘာ့ခံစစ်အားအကောင်းဆုံးအသင်းတွေလို့ ပြောရမယ်။ ဒါ့အပြင် ဟာဇက်၊ ပေါ့ဂ်ဘာတို့ကလည်း အသင်းရဲ့တိုက်စစ်ပိုင်းကို မြှင့်တင်နိုင်သလို မိုရာတာ၊ လူကာကူတို့လည်းရှိနေတယ်။ မန်စီးတီးအသင်းဆိုရင်တော့ ကစားသမားကောင်းတွေကြွယ်ဝလွန်းတယ်။ စပါးအသင်းဆိုရင် လူငယ်ကစားသမားတွေနဲ့ ဟန်ချက်ညီညီကစားနေတာဖြစ်ပြီး ဟယ်ရီကိန်း၊ ဒါလီအလီတို့ကလည်း ဥရောပဇာတ်ခုံမှာတော့အသင်းတိုင်းကစောင့်ကြည့်ရတဲ့ကစားသမားတွေ ဖြစ်တယ်။ လီဗာပူးအသင်းဆိုရင်လည်း လက်ရှိပရီမီယာလိဂ်ရဲ့ဂိုးသွင်းအများဆုံးကစားသမား ဆာလတ်၊ မာနီ၊ ဖာမီနိုနဲ့ ကော်တင်ညိုတို့လည်း ရှိနေကြတယ်။

### အကောင်းဆုံးမန်နေဂျာများ

ပရီမီယာလိဂ်မှာက ကမ္ဘာ့အကောင်းဆုံးမန်နေဂျာတွေ ရှိနေတယ်။ မော်ရင်ညိုနဲ့ ဂွာဒီယိုလာတို့နှစ်ဦးစလုံးဟာ ချန်ပီယံလိဂ်အောင်မြင်မှုတွေကို ရယူထားဖူးတဲ့ မန်နေဂျာတွေ ဖြစ်တယ်။ မန်နေဂျာ ဂျာဂျင်ကလော့ဆိုရင်လည်း ချန်ပီယံလိဂ်ဆုဖလားကို မရခဲ့ဖူးပေမယ့် နောက်ဆုံး ဗိုလ်လုပွဲအထိ ရောက်ခဲ့ဖူးတဲ့သူ ဖြစ်တယ်။ ကွန်တီဆိုရင်လည်း ချန်ပီယံလိဂ်မှာရလဒ်ကောင်း မယူနိုင်ခြင်းကို အကောင်းဆုံးသက်သေပြဖို့ ကြိုးစားနေသူ ဖြစ်တယ်။ ပိုချက်တီနိုကတော့ အသက်ငယ်တဲ့ မန်နေဂျာဖြစ်ပေမယ့် သူ့ရဲ့အရည်အချင်းတွေနဲ့ ဥရောပအကောင်းဆုံး နည်းပြတစ်ဦးအဖြစ် ရပ်တည်နိုင်သူလည်းဖြစ်ပါတယ်။

**အောင်က**

## ဗန်ဒီဂျိခ်အား ခေါ်ယူရန် လီဗာပူး အသင်းကို အိုဝင် တိုက်တွန်း

လာမည့် ဇန်နဝါရီဈေးကွက်ကာလအတွင်းတွင် ဆောက်သမ်တန်အသင်း ဗဟိုခံစစ်မှူး ဗာဂျီလ်ဗန်ဒီဂျိခ်အား ခေါ်ယူရန် လီဗာပူးအသင်းကို အင်္ဂလန်နှင့် လီဗာပူးတိုက်စစ်မှူး ဟောင်း မိုက်ကယ်အိုဝင်က တိုက်တွန်းပြောဆိုလိုက်သည်။

လီဗာပူးအသင်းသည် ဟော်လန် ခံစစ်မှူး ဗန်ဒီဂျိခ်အား ပြီးခဲ့သည့် နွေရာသီဈေးကွက်ကာလအတွင်းတွင် ခေါ်ယူရန် ကြိုးစားခဲ့ဖူးသော်လည်း အောင်မြင်မှု မရရှိခဲ့ပေ။ အသက် ၂၆ နှစ်အရွယ်ရှိ ခံစစ်မှူး ဗန်ဒီဂျိခ်သည် ပြီးခဲ့သည့် ဩဂုတ်လအတွင်းတွင် အသင်းပြောင်းရွှေ့ခွင့်ပြုရန် ဆောက်သမ်တန်အသင်းတာဝန်ရှိသူများအား တောင်းဆိုခဲ့သူဖြစ်သည်။

ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ ပွဲစဉ် ၁၆ ကစားပြီးချိန်တွင် လီဗာပူးအသင်းသည် ပေးဂိုး ၂၀ အထိ ပေးခဲ့ရခြင်းကြောင့် အသင်း၏ ခံစစ်အပေါ် ဝေဖန်မှုများ ထွက်ပေါ်လျက်ရှိသည်။ ခံစစ်မှူး ဗန်ဒီဂျိခ်သည် ယခုနှစ်ဘောလုံးရာသီတွင် အကောင်းဆုံး ခြေစွမ်းပုံစံရရှိရန် ရုန်းကန်နေရသူ ဖြစ်သည်။

တိုက်စစ်မှူးဟောင်း မိုက်ကယ် အိုဝင်က "လီဗာပူးအသင်းအနေနဲ့ ခံစစ်မှူး ဗန်ဒီဂျိခ်ကို ခေါ်ယူမယ်ဆိုရင် ဒါကို ကျွန်တော် သဘောတူပါတယ်၊ ဗန်ဒီဂျိခ်ဟာ လီဗာပူးအတွက် တကယ့်ကို သင့်တော်တဲ့ ကစားသမားပါ၊ တကယ်လို့ လီဗာပူးအသင်းအနေနဲ့ ခံစစ်မှူး ဗန်ဒီဂျိလ်ကို ခေါ်ယူနိုင်ပြီး လိုက်ပဇစ်အသင်း ဗဟိုကွင်းလယ်ကစားသမား ကီတာ ကိုလည်းခေါ်ယူနိုင်ခဲ့မယ်ဆိုရင် အသင်းရဲ့စွမ်းဆောင်ရည် မြင့်တက်လာနိုင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဗဟိုခံစစ်မှူး ဗန်ဗာဂျိခ်သည် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စကော့တလန်ကလပ် ဆဲလ်တစ်မှ ဆောက်သမ်တန်အသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၁၃ သန်းဖြင့် ပြောင်းရွှေ့လာသူဖြစ်ပြီး ဆောက်သမ်တန်အသင်း နှင့် ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၂၂ ခုနှစ်တွင်မှ ကုန်ဆုံးမည် ဖြစ်သည်။ ခံစစ်မှူး ဗန်ဒီဂျိခ်သည် ယခုနှစ် ဘောလုံးရာသီတွင် ဆောက်သမ်တန်အသင်းအတွက် စုစုပေါင်း ရှစ်ပွဲ ပါဝင်ကစားထားသူ ဖြစ်သည်။

**ထက်အောင်**

## လာမည့်ဖေဖော်ဝါရီလအထိ စပါးခံစစ်မှူး အယ်ဒါဝီရက် အနားယူရမည်




ပရီမီယာလိဂ်ကလပ် စပါးအသင်း ဗဟိုခံစစ်မှူး အယ်ဒါဝီရက်သည် တံကောက်ကြောဒဏ်ရာကြောင့် လာမည့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ ကစားနိုင်မည်မဟုတ်ကြောင်း စပါးအသင်း မန်နေဂျာ ပိုချက်တီနိုက ထုတ်ဖော်ပြောဆိုလိုက်သည်။

ဘယ်ဂျီယံကစားသမား အယ်ဒါ ဝီရက်သည် ပြီးခဲ့သည့် နိုဝင်ဘာလ ၁ ရက်တွင် ရီးရဲမက်ဒရစ်အသင်းနှင့် ကစားခဲ့သော ချန်ပီယံလိဂ်ပွဲစဉ်၌ အဆို ပါ ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာကြောင့် ဘောလုံးကစားခြင်းမှ အနားယူနေရသူဖြစ်သည်။ ခံစစ်မှူး အယ်ဒါဝီရက်အား ချယ်လ်ဆီးအသင်း အပါအဝင် ဥရောပထိပ်တန်းအသင်းအချို့က ခေါ် ယူရန် စိတ်ဝင်စားလျက်ရှိသည်။

"ခံစစ်မှူး အယ်ဒါဝီရက်ဟာ လာမယ့် ဖေဖော်ဝါရီလအထိ ကစားနိုင်မှာ မဟုတ်ပါဘူး၊ အယ်ဒါဝီရက် မပါဝင်နိုင်တဲ့အချိန်တွေဟာ စပါးအသင်းက အနိုင်ပွဲတွေ ရခဲ့သလို ရှုံးနိမ့်မှုတွေနဲ့လည်း ရင်ဆိုင်ခဲ့ရပါတယ်၊ မန်နေဂျာတွေကတော့အသင်းက ကစားသမားတိုင်းကို ကြံ့ခိုင်မှုပြည့်ဝနေစေချင်တာပါပဲ၊ ဒါပေမယ့် ကြံ့ခိုင်မှုမပြည့်ဝတာ ကြောင့် ကစားသမားအချို့ကို အသုံးမပြုနိုင်တာမျိုးလည်း အမြဲရှိပါတယ်၊ ဒါက ဘောလုံးလောကရဲ့သဘာဝပါပဲ"ဟု မန်နေဂျာ ပိုချက်တီနိုက ပြောကြားသည်။ စပါးအသင်းအနေဖြင့် ခံစစ်မှူး အယ်ဒါဝီရက်အား အသင်းတွင် ဆက်ရှိနေစေရန် ဆန္ဒရှိကြောင်း မန်နေဂျာ ပိုချက်တီနိုက ဆက်လက်ပြောကြားခဲ့သည်။ ခံစစ်မှူး အယ်ဒါဝီရက်သည် ၂၀၁၅ ခုနှစ် ဇူလိုင်လ အစောပိုင်းတွင် အိုင်းယက်စ်အသင်းမှ စပါးသို့ ပြောင်းရွှေ့လာသူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် စပါး အသင်းအတွက် စုစုပေါင်း ၁၅ ပွဲ ပါဝင်ကစားထားသူ ဖြစ်သည်။

**ထက်အောင်**

## ဂါရတ်ဘေးလ်အား ရီးရဲတွင် ဆက်ရှိစေလိုသည်ဟု ရော်နယ်ဒို ပြောဆို




ရီးရဲမက်ဒရစ်အသင်း တိုက်စစ်ကစားသမား ခရစ္စတီယာနိုရော်နယ်ဒိုက အသင်းဖော်ဖြစ်သူ တောင်ပံတိုက်စစ်ကစားသမား ဂါရတ်ဘေးလ်အား ရီးရဲအသင်းတွင် ဆက်ရှိနေစေရန် ဆန္ဒရှိကြောင်း အရိပ်အမြွက်ထုတ်ဖော်ပြောဆိုလိုက်သည်။

၂၀၁၃ ခုနှစ်တွင် ဝေလကစားသမား ဂါရတ်ဘေးလ်သည် စပါးအသင်းမှ ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လာစဉ်ကတည်းက ပေါ်တူဂီကစားသမား ရော်နယ်ဒိုနှင့် ဂါရတ်ဘေးလ်တို့ အကြားတွင် ဆက်ဆံရေး မပြေလည်မှုများ ရှိနေသည်ဟု သတင်းများ ထွက်ပေါ်နေသည်။ ရော်နယ်ဒိုက "ရီးရဲမက်ဒရစ်အသင်းကို ပြီးပြည့်စုံတဲ့ အသင်းအဖြစ် ရှိနေစေချင်ပါတယ်၊ ဘင်ဇီမာ၊ ဂါရတ်ဘေးလ်တို့ပါ အပါအဝင်ပေါ့၊ ဂါရတ်ဘေးလ်၊ ဘင်ဇီမာနဲ့ ကျွန်တော်တို့ရဲ့BBC တိုက်စစ်က အသစ်တစ်ဖန်ပြန်လည်ကောင်းမွန် လာမှာပါ" ဟု ပြောကြားခဲ့သည်။

အသက် ၂၈ နှစ်အရွယ်ရှိ တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ရီးရဲမက်ဒရစ်အသင်းနှင့် ၂၀၂၂ ခုနှစ်အထိ သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့သူဖြစ်သည်။

တောင်ပံကစားသမား ဂါရတ်ဘေးလ်အား ပရီမီယာလိဂ်ထိပ်တန်း အသင်းတစ်သင်းဖြစ်သည့် မန်ယူနှင့် သူ၏ အသင်းဟောင်း စပါးအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေပြီး ရီးရဲမက်ဒရစ်အသင်းကလည်း ဒဏ်ရာ ပြဿနာများ မကြာခဏ ကြုံတွေ့နေရသူ ဂါရတ်ဘေးလ်အား ရောင်းထုတ်သွားရန် လိုလားနေသည်ဟုဆိုသည်။ ဂါရတ်ဘေးလ်သည် ရီးရဲမက်ဒရစ်အသင်းသို့ ရောက်ရှိလာပြီးနောက် ဒဏ်ရာ ပြဿနာကြောင့် ရက်ပေါင်း ၂၅၀ အနားယူခဲ့ရသည်။ ရီးရဲအသင်း တာဝန်ရှိသူများက ဂါရတ်ဘေးလ်၏ ပြောင်းရွှေ့ကြေးအဖြစ် ပေါင် ၇၉ ဒသမ ၂ သန်း ရရှိရန် လိုလားနေသည်ဟုဆိုသည်။

**ထက်အောင်**

## ပရီမီယာလိဂ်ပွဲစဉ်(၁၈)

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၁၆-၁၂-၁၇** |
| လက်စတာ | - | ပဲလေ့စ် | ည ၇း၀၀ |
| အာဆင်နယ် | - | ကာဆယ် | ည ၉း၃၀ |
| ဘရိုက်တန် | - | ဘန်လေ | ည ၉း၃၀ |
| ချယ်လ်ဆီး | - | ဆောက်သမ်တန် | ည ၉း၃၀ |
| စတုတ် | - | ဝက်စ်ဟမ်း | ည ၉း၃၀ |
| ဝက်ဖို့ဒ် | - | ဟက်ဒါဖီးလ် | ည ၉း၃၀ |
| မန်စီးတီး | - | စပါး | နံနက် ၀၀း၀၀ |
| **တနင်္ဂနွေနေ့** | | | **၁၇-၁၂-၁၇** |
| ဝက်စ်ဘရွန်း | - | မန်ယူ | ည ၈း၄၅ |
| ဘုန်းမောက် | - | လီဗာပူး | ည ၁၁း၀၀ |
| **တနင်္လာနေ့** | | | **၁၈-၁၂-၁၇** |
| အဲဗာတန် | - | ဆွမ်ဆီး | နံနက် ၂း၃၀ |

## စပိန်လာလီဂါပွဲစဉ်(၁၆)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၁၅-၁၂-၁၇** |
| ဆီဗီလာ | - | လီဗန်တေး | နံနက် ၂း၃၀ |
| **စနေနေ့** | | | **၁၆-၁၂-၁၇** |
| ဘီဘာအို | - | ဆိုစီဒက်စ် | ည ၉း၄၅ |
| အီဘာ | - | ဗလင်စီယာ | နံနက် ၀၀း၀၀ |
| အက်သလက် | - | အလာဗက်စ် | နံနက် ၂း၁၅ |
| **တနင်္ဂနွေနေ့** | | | **၁၇-၁၂-၁၇** |
| ဂျီရိုနာ | - | ဂီတာဖေး | ည ၅း၃၀ |
| ဆဲလ်တာဗီဂို | - | ဗီလာရီးရဲ | ည ၉း၄၅ |
| လက်ပဲလ်မက်စ် | - | အက်စ်ပန်ညို | နံနက် ၀၀း၀၀ |
| ဘာစီလိုနာ | - | ဒီပို့တီဗို | နံနက် ၂း၁၅ |
| **တနင်္လာနေ့** | | | **၁၈-၁၂-၁၇** |
| လီဗန်တေး | - | လီဂါနက်စ် | နံနက် ၂း၃၀ |

## စီးရီးအေပွဲစဉ်(၁၇)

| | | | |
|---|---|---|---|
| **စနေနေ့** | | | **၁၆-၁၂-၁၇** |
| အင်တာ | - | အူဒီးနိစ် | ည ၈း၃၀ |
| တိုရီနို | - | နာပိုလီ | ည ၁၁း၃၀ |
| ရိုးမား | - | ကယ်ဂလီယာရီ | နံနက် ၂း၁၅ |
| **တနင်္ဂနွေနေ့** | | | **၁၇-၁၂-၁၇** |
| ဗီရိုနာ | - | မီလန် | ည ၆း၀၀ |
| ဘိုလော့ဂ်နာ | - | ဂျူဗင်တပ်စ် | ည ၈း၃၀ |
| ခရိုတိုနီ | - | ချီယေဗို | ည ၈း၃၀ |
| ဖီအိုရင်တီးနား | - | ဂျီနိုအာ | ည ၈း၃၀ |
| ဆမ်ဒိုးရီးယား | - | ဆက်ဆူအိုလို | ည ၈း၃၀ |
| ဘီနီဗန်တို | - | SPAL | ည ၁၁း၃၀ |
| အတ္တလန္တာ | - | လာဇီယို | နံနက် ၂း၁၅ |

## ပြင်သစ်ပထမတန်းပွဲစဉ်(၁၈)

| | | | |
|---|---|---|---|
| **သောကြာနေ့** | | | **၁၅-၁၂-၁၇** |
| စိန့်အက်တီယန် | - | မိုနာကို | နံနက် ၂း၁၅ |
| **စနေနေ့** | | | **၁၆-၁၂-၁၇** |
| ရိန်းစ် | - | ပီအက်စ်ဂျီ | ည ၁၀း၃၀ |
| ကိန်းစ် | - | ဂူအင်ဂမ့် | နံနက် ၁း၃၀ |
| ဒီဂျွန် | - | လိုင်လီ | နံနက် ၁း၃၀ |
| မောင့်ပယ်လီယာ | - | မက်ဇ် | နံနက် ၁း၃၀ |
| စထရက်ဘော့ချ် | - | တူးလောက်စ် | နံနက် ၁း၃၀ |
| ထရွိုင်းယတ်စ် | - | အာမီယန် | နံနက် ၁း၃၀ |
| **တနင်္ဂနွေနေ့** | | | **၁၇-၁၂-၁၇** |
| နန့်စ် | - | အန်ဂျာစ် | ည ၈း၃၀ |
| နိုက်စ် | - | ဘော်ဒိုး | ည ၁၀း၃၀ |
| လိုင်ယွန် | - | မာဆေး | နံနက် ၂း၃၀ |

## အင်္ဂလန်လိဂ်ဖလားကွာတားဖိုင်နယ်

| | | | |
|---|---|---|---|
| **အင်္ဂါနေ့** | | | **၁၉-၁၂-၁၇** |
| အာဆင်နယ် | - | ဝက်စ်ဟမ်း | နံနက် ၂း၁၅ |
| လက်စတာ | - | မန်စီးတီး | နံနက် ၂း၃၀ |
| **ဗုဒ္ဓဟူးနေ့** | | | **၂၀-၁၂-၁၇** |
| ချယ်လ်ဆီး | - | ဘုန်းမောက် | နံနက် ၂း၁၅ |
| ဘရစ္စတိုးလ် | - | မန်ယူ | နံနက် ၂း၃၀ |

## ကိုပါအီတာလီယာဖလား ၁၆ သင်းအဆင့်

| | | | |
|---|---|---|---|
| **အင်္ဂါနေ့** | | | **၁၉-၁၂-၁၇** |
| နာပိုလီ | - | အူဒီးနိစ် | နံနက် ၂း၃၀ |
| **ဗုဒ္ဓဟူးနေ့** | | | **၂၀-၁၂-၁၇** |
| အတ္တလန္တာ | - | ဆက်ဆူအိုလို | ည ၈း၃၀ |
| ရိုးမား | - | တိုရီနို | ည ၁၁း၀၀ |
| ဂျူဗင်တပ်စ် | - | ဂျီနိုအာ | နံနက် ၂း၁၅ |

ပရီမီယာလိဂ်ပွဲစဉ် ၁၈ ကို လာမယ့် ဒီဇင်ဘာ ၁၆ ရက်၊ ၁၇ ရက်၊ ၁၉ ရက်နေ့တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ အသင်းကြီးနှစ်သင်းဖြစ်တဲ့ မန်စီးတီးနဲ့ စပါးတို့ဆုံတဲ့ပွဲ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေသလို ဒီပွဲစဉ် မတိုင်ခင် ရှေ့ကြားရက်မှာလည်း ပွဲစဉ် ၁၇ ကို ကစားခဲ့ကြရမှာ ဖြစ်တာကြောင့် ပွဲဆက်တွေများနေကာ ပြိုင်ပွဲဝင်အသင်းတွေအနေနဲ့ ပွဲပန်းမှုတွေရှိလာနိုင်တာကိုသတိပြုပြီး အားပေးရဖို့ရှိနေပါတယ်။

# မန်စီးတီးရဲ့လားရာကို ပိုချက်တီနို

# ဟန့်တားနိုင်စွမ်းရှိပါ့မလား...

....... ဝေမိုးဆက် .......



**မန်စီးတီး vs စပါး**

| | | | | | |
|---|---|---|---|---|---|
| ယမန်နှစ် | မန်စီးတီး | ၂ | - | ၂ | စပါး |
| စနေနေ့ | ၁၆-၁၂-၁၇ | နံနက် ၀၀း၀၀ | | | |

မန်စီးတီးခြေက ကောင်းမွန်မှုရှိနေပြီး မန်ယူနဲ့ အမှတ်ကွာဟမှုကို ဆက်ထိန်းနိုင်ဖို့အားစိုက်လာမှာသေချာနေတယ်။ အိမ်ကွင်းလည်း ဖြစ်တယ်။ ဒါပေမယ့် စပါးကလည်း ခြေစွမ်းပိုင်း ပြန်လည်ကောင်းမွန်လာပြီး တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေပြန်ရလာတယ်။ ကွင်းလယ်ပိုင်းမှာ မန်စီးတီးအသာရနေတယ်ဆိုပေမယ့် စပါးတန်ပြန်တိုက်စစ်လည်း ဂိုးရနိုင်တယ်။ မထင်မှတ်ဘဲ သရေကျနိုင်တယ်။

## လက်စတာ vs ပဲလေ့စ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | လက်စတာ | ၂ | ၂ | ပဲလေ့စ် |

အခုနောက်ပိုင်းမှာ လက်စတာခြေစွမ်းပိုင်း ကောင်းမွန်မှုရှိနေပါတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေတည်ငြိမ်မှုရှိနေပါတယ်။ အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း လက်စတာရဲ့ ကစားအားက ပိုမိုကောင်းမွန်တတ်ပါတယ်။ ပဲလေ့စ်က ဇယားအောက်ဆုံးက ရုန်းထွက်နိုင်ဖို့ အားစိုက်နေပေမယ့် အဝေးကွင်းပွဲတွေမှာကစားပုံ အားနည်းတတ်ပါတယ်။ အထူးသဖြင့် ပဲလေ့စ်တိုက်စစ်ကအဝေးကွင်းမှာ အားနည်းတတ်လို့ ဒီပွဲမှာ လက်စတာကသာ အိမ်ကွင်းနိုင်ပွဲရယူ သွားနိုင်ဖို့ရှိပါတယ်။

## ချယ်လ်ဆီး vs ဆောက်သမ်တန်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ချယ်လ်ဆီး | ၄ | ၂ | ဆောက်သမ်တန် |

အခုနောက်ပိုင်းမှာ ဆောက်သမ်တန်ရဲ့ ခြေစွမ်းပိုင်း တိုးတက်လာတယ်။ ထိုးစစ်ပိုင်းကလည်း အော်စတင် ခြေစွမ်းပြနေတာကြောင့် ဂိုးသွင်းခြေရရှိနေပါတယ်။ အာဆင်နယ်ကို သရေကစားနိုင်ခဲ့သလို မန်စီးတီးကိုလည်း အဝေးကွင်းမှာ အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့ပါတယ်။ ပွဲဆက်တွေများနေတာကြောင့် ဆောက်သမ်တန်တို့ ဒီပွဲစဉ်မှာ ခံစစ်အားပြုကစားမှာဖြစ်ပြီး တန်ပြန်တိုက်စစ်နဲ့ တုံ့ပြန်လာရင် တိုက်စစ်ပိုင်း ဂိုးသွင်းခြေမငြိမ်တဲ့ ချယ်လ်ဆီး အခက်တွေ့နိုင်ပြီးနိုင်ရင်တောင် ဂိုးပြတ်ဖို့ခက်တယ်။

## အာဆင်နယ် vs ကာဆယ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

အာဆင်နယ်တို့ အိမ်ကွင်းမှာ နိုင်ပွဲပြန်ပြီး ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ကာဆယ်ကတော့ အသင်းလိုက် ခြေစွမ်းကောင်းတယ် ဆိုပေမယ့်လည်း အခုနောက်ပိုင်းပွဲတွေမှာ ခံစစ်ပိုင်းက အားနည်းမှုတွေ ရှိနေတာကို တွေ့ရပါတယ်။ အထူးသဖြင့် ကာဆယ်ဟာအဝေးကွင်းပွဲတွေမှာလည်း ရုန်းအားကျဆင်းတတ်လို့ အာဆင်နယ်ကို အသာရယူနိုင်ဖို့ခက်ပါတယ်။ မန်စီးတီးနဲ့ စပါးဆုံနေလို့လည်းအာဆင်နယ် အနိုင်ကစားမှာဖြစ်ပြီး အိမ်ကွင်းနိုင်ပွဲလည်း ရယူသွားနိုင်မှာပါ။

## ဝက်ဖို့ဒ် vs ဟက်ဒါဖီးလ်

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

ဟတ်ဒါဖီးလ် ခြေစွမ်းပိုင်းမဆိုးဘူးလို့ ဆိုနိုင်ပေမယ့် အဝေးကွင်းပွဲတွေမှာ အားနည်းတတ်ပါတယ်။ ပွဲဆက်များမှုကို ကျော်ဖြတ်နိုင်လောက်တဲ့ အရန်အင်အားလည်း အပြည့်အဝမရှိပါဘူး။ ဝက်ဖို့ဒ်က အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကောင်းမွန်တတ်ပါတယ်။ ဝက်ဖို့ဒ်ရဲ့ထိုးစစ်ပိုင်းကလည်း အိမ်ကွင်းမှာ ကောင်းမွန်မှုရှိတတ်တာကြောင့် ဒီပွဲစဉ်မှာတော့ ဝက်ဖို့ဒ်ကသာ နိုင်ပွဲရသွားမှာပါ။

## အဲဗာတန် vs ဆွမ်ဆီး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | အဲဗာတန် | ၁ | ၁ | ဆွမ်ဆီး |

အခုနောက်ပိုင်းမှာ အဲဗာတန်ခြေက ကောင်းမွန်လာပါတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေရရှိနေသလို ခံစစ်ပိုင်းကစားပုံလည်း တိုးတက်လာတာကိုတွေ့ရပါတယ်။ အိမ်ကွင်းဖြစ်လို့လည်း အဲဗာတန်တို့ နိုင်ပွဲရယူနိုင်အောင် အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဆွမ်ဆီးက အခုအချိန်မှာ ခြေစွမ်းပိုင်းတိုးတက်နေပေမယ့် အဝေးကွင်းပွဲတွေမှာ ခြေစွမ်းကျဆင်းတတ်တယ်။ အဲဗာတန်ပဲ အနိုင်ရမယ်။

## ဘရိုက်တန် vs ဘန်လေ

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | - | - | - | - |

ဘန်လေက နိုင်ပွဲတွေရနေသလို ခံစစ်ပိုင်းကလည်းအကောင်းဆုံးပုံစံမှာ ရှိပါတယ်။ ဒါပေမယ့် ဘရိုက်တန်ကလည်း အိမ်ကွင်းပွဲတွေမှာ ရုန်းအားကောင်းမွန်တတ်သလို နိုင်ပွဲရယူနိုင်ဖို့ အတွက်လည်း အားစိုက်လာမှာဖြစ်ပါတယ်။ ဘန်လေအနေနဲ့ အဝေးကွင်းမှာ ခံစစ်အားပြုကစားမှာဖြစ်သလို ဘန်လေရဲ့ ခံစစ်ကောင်းမွန်မှုရှိတယ်ဆိုပေမယ့် ဒီပွဲမှာတော့ ဘန်လေတို့ သရေထက်ပိုရဖို့ ခက်ပါတယ်။

## ဘုန်းမောက် vs လီဗာပူး

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဘုန်းမောက် | ၄ | ၃ | လီဗာပူး |

လီဗာပူးတို့ နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာ သေချာနေပါတယ်။ အထူးသဖြင့် ဘုန်းမောက်က ခံစစ်ပိုင်းအနည်းငယ်အားနည်းနေတာကြောင့် လီဗာပူးတိုက်စစ် ဒီပွဲမှာ အခွင့်အရေးရနိုင်ပါတယ်။ ဒါပေမယ့်လည်း ဘုန်းမောက်က အိမ်ကွင်းပွဲတွေမှာ တုံ့ပြန်ကစားပုံလည်း ကောင်းမွန်တတ်တာကြောင့် အားနည်းတဲ့ လီဗာပူးခံစစ်ကို တုံ့ပြန်ဖိအားပေးနိုင်မှာပါ။ လီဗာပူး ကပ်ပြီးသာနိုင်မယ်။

## စတုတ် vs ဝက်စ်ဟမ်း

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | စတုတ် | ၀ | ၀ | ဝက်စ်ဟမ်း |

အခုနောက်ပိုင်းမှာ ဝက်စ်ဟမ်းခြေစွမ်းပိုင်း ကောင်းမွန်လာတယ်။ ခံစစ်ကစားပုံ တည်ငြိမ်လာသလို တိုက်စစ်ကလည်း အဆုံးသတ်ပိုင်း တိုးတက်လာတယ်။ အခုချိန်မှာ အမှတ်လိုနေတာကြောင့်လည်း ဝက်စ်ဟမ်းတို့ အားစိုက်လာမှာ သေချာနေပါတယ်။ စတုတ်ကတော့ အိမ်ကွင်းခြေစွမ်းကောင်းမွန်ပေမယ့်ခံစစ်ပိုင်း အားနည်းနေတယ်။ ဝက်စ်ဟမ်းအနိမ့်ဆုံး သရေတစ်မှတ်ရနိုင်ပါတယ်။

## ဝက်စ်ဘရွန်း vs မန်ယူ

| | | | | |
|---|---|---|---|---|
| ယမန်နှစ် | ဝက်စ်ဘရွန်း | ၀ | ၂ | မန်ယူ |

မန်ယူအနေနဲ့ မန်စီးတီးက စပါးနဲ့ရင် ဆိုင်ခဲ့ရချိန်မှာ နိုင်ပွဲရယူထားနိုင်ဖို့အတွက် အားစိုက်လာမှာသေချာနေပါတယ်။ မန်ယူအနေနဲ့ မန်စီးတီးကို ရှုံးခဲ့ရတဲ့ပွဲမှာ ကစားပုံက ထင်သလောက်ကောင်းမွန်မှုမရှိတာကို သတိပြုရမှာ ဖြစ်သလို ပွဲဆက်တွေများမှုလည်း ရှိနေပါတယ်။ အထူးသဖြင့် ဝက်စ်ဘရွန်းဟာ ခံစစ်အားပြုကစားတတ်တဲ့ အသင်းဖြစ်တာကြောင့် မန်ယူတို့ ဂိုးပြတ်နိုင်ဖို့ခက်မယ်။

# စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၆)မှ သူငယ်ချင်းများသို့

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်တွင် ကျရောက်မည့် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၆)သင်တန်းဆင်းပွဲ၏ ၁၄ နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားအား တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် နေပြည်တော်တွင် အောက်ပါအတိုင်း ကျင်းပသွားမည် ဖြစ်ပါသောကြောင့် အနယ်နယ်အရပ်ရပ်မှ သူငယ်ချင်းများ တက်ရောက်နိုင်ရန် ချစ်ခင်လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| | အလှူ | ၁၇-၁၂-၂၀၁၇ရက် ၉ နာရီမှ ၁၂ နာရီအထိ မရှိခဏကျောင်းတိုက်၊ (ကွန်ကရစ်လမ်းနှင့် ယာဉ်ရပ်နားကွင်းတည်ဆောက်ခြင်းအလှူ) |
| | ညစာစားပွဲ | ၁၇-၁၂-၂၀၁၇ရက် ၁၈း၀၀နာရီမှ ၂၂း၀၀ နာရီအထိ Hilton Hotel ၊ နေပြည်တော်။ အထက်ပါအစီအစဉ်သို့ အကြောင်းအမျိုးမျိုးကြောင့် မတက်ရောက်နိုင်သော သူငယ်ချင်းများအတွက် အောက်ပါမြို့များတွင်လည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်- |
| မန္တလေး | အလှူ | ၂၄-၁၂-၂၀၁၇ရက် ၉ နာရီမှ ၁၁ နာရီအထိ ပုသိမ်ကြီးမြို့နယ်၊ ပေါ်တော်မူ ရွှေမေတ္တာကျောင်းတိုက်(နေ့ဆွမ်းဆက်ကပ်ခြင်း)၊ ဇီဝိတဒါသံဃာ့ဆေးရုံ၊ (ရာသက်ပန်ဆွမ်းပဒေသာပင်အလှူ) |
| | ညစာစားပွဲ | ၂၄-၁၂-၂၀၁၇ရက် ၁၈း၀၀ နာရီမှ ၂၃း၀၀ နာရီအထိ Easten Garden Restaurant, ၅၈လမ်း၊ ၂၀-၂၁ လမ်းကြား။ |
| ပြင်ဦးလွင် | အလှူ | ၁၉-၁၂-၂၀၁၇ရက် ဒိုးကွင် ပရဟိတ မိဘမဲ့ကလေးများ ဘုန်းကြီးကျောင်း (အလှူငွေနှင့် ဆန်အိတ်များ၊ ဆီပုံးများ လှူဒါန်းခြင်း) |
| | ညစာစားပွဲ | ၁၉-၁၂-၂၀၁၇ရက် ၁၈း၀၀ နာရီမှ ၂၂း၀၀ နာရီအထိ Bamboo Cafe & Restaurant , National Kandawgyi Gardens. |
| ရန်ကုန် | ညစာစားပွဲ | ၂၃-၁၂-၂၀၁၇ရက် ၊ ၁၈း၀၀ နာရီမှ ၂၂း၀၀နာရီအထိ Hotel Yangon, Grand Ball Room(3rd Floor) |
| မြစ်ကြီးနား | အလှူ | ၁၇-၁၂-၂၀၁၇ရက် ၊ ၉ နာရီမှ ၁၂နာရီအထိ ဓမ္မသိဒ္ဓိတောင်ပေါ်တောရကျောင်း၊ ရွှေအိုက်ရပ်ကွက်။(ဓမ္မာရုံဆောက်လုပ်ရန် အလှူငွေ) |
| | ညစာစားပွဲ | ၁၇-၁၂-၂၀၁၇ရက် ၊ ၁၈း၀၀ နာရီမှ ၂၂း၀၀နာရီအထိ City Park Royal ခေမာသီရိရပ်ကွက်။ |
| တောင်ကြီး | အလှူ | ၁၆-၁၂-၂၀၁၇ရက်၊ ၁၀ နာရီမှ ၁၂နာရီအထိ ပန်းပျိုးလက် ပရဟိတကျောင်း၊ နောင်ထော်ရွာ။ |
| | ညစာစားပွဲ | ၁၇-၁၂-၂၀၁၇ရက်၊ ၁၈း၀၀ နာရီမှ ၂၂း၀၀နာရီအထိ Cherry Queen Hotel ။ |
| လှိုင်ကော် | အလှူ | ၁၈-၁၂-၂၀၁၇ရက်၊ ၉ နာရီမှ ၁၂နာရီအထိ ထီးပွင့်ကန်ပရဟိတ ဘုန်းကြီးကျောင်း၊(ဆန်ဆီလှူဒါန်းခြင်းနှင့် ကလေးများအာဟာရကျွေး) |
| လားရှိုး | အလှူ | ၁၇-၁၂-၂၀၁၇ရက်၊ ၁၀း၃၀ နာရီမှ ၁၂း၃၀ နာရီအထိ သီရိမင်္ဂလာ မန်ဆူ(ရှမ်း) ကျောင်း။(နေ့ဆွမ်း ဆက်ကပ်ခြင်း)(ရန်တိုင်းအောင် စေတီတော်မြတ်ကြီးစောင်းတန်းအလှူ) |
| | ညစာစားပွဲ | ၁၇-၁၂-၂၀၁၇ရက်၊ ၁၉း၀၀ နာရီမှ ၂၃း၀၀နာရီအထိ ဆန်းဥယျာဉ် Food Garden၊ |
| ခိုလမ် | အလှူ | ၁၇-၁၂-၂၀၁၇ရက်၊ ၁၀ နာရီမှ ၁၂ နာရီအထိ ရတနာမာန်အောင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း။(ရေသန့်စက်အလှူနှင့် အာဟာရကျွေး) |
| | ညစာစားပွဲ | ၁၇-၁၂-၂၀၁၇ရက်၊ ၁၈း၀၀ နာရီမှ ၂၂း၀၀နာရီအထိ ခိုလမ်မြို့ အရာရှိရိပ်သာ။ |
| ကျိုင်းတုံ | အလှူ | ၁၇-၁၂-၂၀၁၇ရက်၊ ၈ နာရီမှ ၁၂ နာရီအထိ စိန်ပန်းကျောင်း။ (ဆွမ်းစားဆောင်နှင့် ကုဋီဆောက်လုပ်ခြင်း) |
| | ညစာစားပွဲ | ၁၇-၁၂-၂၀၁၇ရက်၊ ၁၈း၀၀ နာရီမှ ၂၂း၀၀နာရီအထိ စိန်ပန်းနီနီစားသောက်ဆိုင်။ |
| မော်လမြိုင် | အလှူ | ၁၇-၁၂-၂၀၁၇ရက်၊ ၅ နာရီမှ ၁၂ နာရီအထိ ကော့ခနိ(ရွှေကျောင်း) (အရုဏ် ဆွမ်းကပ်)၊ဗောဓိမာန်တိုင်ကျောင်း၊(ဗီရို အလှူတော်) |
| | ညစာစားပွဲ | ၁၇-၁၂-၂၀၁၇ရက်၊ ၁၈း၃၀ နာရီမှ ၂၂း၀၀နာရီအထိ Sun Shine Hotel |
| မြိတ် | အလှူ | ၁၇-၁၂-၂၀၁၇ရက်၊ ၁၀ နာရီမှ ၁၂ နာရီအထိ အထက(ပနို) (ရေသန့်စက်နှင့် ကျောင်းအဝင် သံတံခါး) |
| | ညစာစားပွဲ | ၁၇-၁၂-၂၀၁၇ရက်၊ ၁၈း၃၀ နာရီမှ ၂၂း၀၀နာရီအထိ မြိတ်မြို့၊ အရာရှိရိပ်သာ။ |
| ပုသိမ် | အလှူ | ၁၇-၁၂-၂၀၁၇ရက်၊ ၉း၃၀ နာရီမှ ၁၂ နာရီအထိ သာသနာ့ဟိတကာရီ သီလရှင်ကျောင်း(မုန့်ဦး နှင့် တံတိုင်းအလှူ) |
| | ညစာစားပွဲ | ၁၇-၁၂-၂၀၁၇ရက်၊ ၁၈း၃၀ နာရီမှ ၂၂း၀၀နာရီအထိ EAT Restaurant မြကျွန်းသာအိမ်ရာ။ |
| အမ်း | အလှူ | ၁၇-၁၂-၂၀၁၇ရက်၊ ၉း၃၀ နာရီမှ ၁၂ နာရီအထိ တပ်ဦးဘုန်းတော်ကြီးကျောင်း၊ (နေ့ဆွမ်းဆက်ကပ်ခြင်း) |
| | ညစာစားပွဲ | ၁၇-၁၂-၂၀၁၇ရက်၊ ၁၈း၃၀ နာရီမှ ၂၂း၀၀နာရီအထိ Paradise Motel အမ်းမြို့။ |
| စစ်တွေ | အလှူ | ၁၇-၁၂-၂၀၁၇ရက်၊ ၁၀ နာရီမှ ၁၁ နာရီအထိ ခေမာမာန်တိုင် သီလရှင်ကျောင်း၊ (နေ့ဆွမ်းဆက်ကပ်ခြင်း) |
| | ညစာစားပွဲ | ၁၇-၁၂-၂၀၁၇ရက်၊ ၁၈း၃၀ နာရီမှ ၂၂း၀၀နာရီအထိ Arrian Restaurant စစ်တွေမြို့။ |
| မုံရွာ | အလှူ | ၁၇-၁၂-၂၀၁၇ရက်၊ ၁၀ နာရီမှ ၁၂ နာရီအထိ ထနောင်းကုန်းရွာ ဘုန်းတော်ကြီးကျောင်း၊ ဆားလင်းကြီးမြို့၊(မိဘမဲ့ကလေးများ အာဟာရအလှူ) |
| | ညစာစားပွဲ | ၁၇-၁၂-၂၀၁၇ရက်၊ ၁၈း၃၀ နာရီမှ ၂၂း၀၀နာရီအထိ AK Restaurant |
| ကလေး | အလှူ | ၁၉-၁၂-၂၀၁၇ရက်၊ ၉ နာရီမှ ၁၂ နာရီအထိ စံပြဘုန်းကြီးကျောင်း (နေ့ဆွမ်းဆက်ကပ်ခြင်း)၊ အေးရိပ်မွန် မိဘမဲ့ကျောင်း(အလှူငွေ)၊ တပ်မတော်ဆေးရုံ (ဆေးပဒေသာပင်)။ |
| | ညစာစားပွဲ | ၁၉-၁၂-၂၀၁၇ရက်၊ ၁၈း၀၀ နာရီမှ ၂၂း၀၀နာရီအထိ ရွှေစင်-၂ စားသောက်ဆိုင်။ |
| တောင်ငူ | အလှူ | ၁၅-၁၂-၂၀၁၇ရက်၊ မြတ်စောညီနောင်စေတီတော်၊(အရံစေတီ တစ်ဆူ ပြုပြင် မွမ်းမံခြင်း) |
| | ညစာစားပွဲ | ၁၆-၁၂-၂၀၁၇ရက်၊ ၁၈း၀၀ နာရီမှ၂၂း၀၀နာရီအထိ တောင်ကြီး Hot Pot Buffet ။ |
| ပြည် | အလှူ | ၁၉-၁၂-၂၀၁၇ရက်၊ ၁၀ နာရီမှ ၁၂ နာရီအထိ ခေတ္တရာ ဘိုးဘွားရိပ်သာ။ (နေ့ဆွမ်းဆက်ကပ်ခြင်း)(ဘိုးဘွားများအား အာဟာရ ဒါနလှူဒါန်းခြင်း) |
| မော်စကို | အလှူ | ၁၇-၁၂-၂၀၁၇ရက်၊ ၅ နာရီမှ ၁၂ နာရီအထိ ဗုဒ္ဓစင်တာ(မော်စကို)၊ အရုဏ်၊ နေ့ဆွမ်းကပ်၊ (န၀ကမ္မ)အလှူ။ |

## ဖခင်အမည်မှန်

နွားထိုးကြီး အထက နဝမတန်း(C) မှ မလပြည့်ဝန်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်မော်ဖြစ်ပါကြောင်း။

**ဦးမြင့်မော်**

## ဖခင်အမည်မှန်

နွားထိုးကြီး အထက နဝမတန်း(D) မှ မောင်မင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးလှမျိုးဖြစ်ပါကြောင်း။

**ဦးလှမျိုး**

## ဖခင်အမည်မှန်

နွားထိုးကြီး အထက နဝမတန်း(E) မှ မပန်းမို့မို့ဇင်၏ ဖခင်အမည်မှန်မှာ ဦးစိန်ဝင်းဖြစ်ပါကြောင်း။

**ဦးစိန်ဝင်း**

## ဖခင်အမည်မှန်

နွားထိုးကြီး အထက နဝမတန်း(C) မှ မကေကေခိုင်၏ ဖခင်အမည်မှန်မှာ ဦးစန်းလင်းဖြစ်ပါကြောင်း။

**ဦးစန်းလင်း**

## ဖခင်အမည်မှန်

နွားထိုးကြီး အထက နဝမတန်း(E) မှ မောင်ဝေဖြိုးဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းနိုင်ဖြစ်ပါကြောင်း။

**ဦးဇော်မင်းနိုင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7K/2514 ၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၈ ရက် (ကရင်နှစ်သစ်ကူးနေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေ ရပ်ကွက်၊ မြယာကုန်းလမ်း၊ အမှတ်(၃၆)နေ ဦးရာမိမ်းနှင့် ဦးကျော်ဝင်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်ဝင်း ၁၂/မဂတ(နိုင်)၁၁၃၂၉၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/6486 Toyota RAV-4 ACA 21 S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ထွန်း ၁၂/သဃက(နိုင်)၁၈၆၂၉၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**


# အသိပေးကြေညာခြင်း

Denko Trading Co.,Ltd သည် Denko စက်သုံးဆီအရောင်းဆိုင်များတွင် အားပေးကြသော Customer များအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ပြုလုပ်သော ကံစမ်းမဲအစီအစဉ်မှ ကံထူးရှင်များကို ၃၀.၁၁.၂၀၁၇ (ကြာသပတေးနေ့) ၊ ရန်ကုန်မြို့ Sky Star Hotel တွင် ည ၆ နာရီမှစ၍ ကံထူးရှင်ရွေးချယ်ပွဲကို ပွင့်လင်းမြင်သာစွာဖြင့် မီဒီယာမှလူကြီးများ၊ ဂုဏ်သရေရှိလူကြီးများ၊ Customer များ ရှေ့မှောက်တွင် ရွေးချယ်ပေးခဲ့ရာ ကံထူးရှင်များ ထွက်ပေါ်လာပါသည်။ ကံထူးရှင်ရွေးချယ်ပွဲ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်မှုကိုလည်း MRTV Entertainment Channel နှင့် Denko Facebook Page တို့မှ အချိန်နှင့် တစ်ပြေးညီ ပြသပေးခဲ့ပါသည်။ ကံထူးရှင်များအတွက် ဆုချီးမြှင့်ပွဲကို ၁၈.၁၂.၂၀၁၇ (တနင်္လာနေ့)၊ ရန်ကုန်မြို့ရှိ Lotte Hotel Yangon တွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် ကံထူးရှင်များအား လိုက်လံဆက်သွယ်ခဲ့ရာ ပေါက်မဲနံပါတ်များမှ အချို့မှာ ကံစမ်းမဲလက်မှတ် မတင်ပြနိုင်ခြင်း (ကံစမ်းမဲလက်မှတ်တွင်ပါရှိသော စည်းကမ်းချက်နံပါတ် -၄ အရ ကံစမ်းမဲလက်မှတ်တင်ပြနိုင် သူကိုသာ ဆုမဲထုတ်ပေးမည်ဖြစ်ပါသည်။)၊ အချို့မှာ ဆက်သွယ်၍ မရရှိခြင်းများ ဖြစ်ပေါ်လာပါသဖြင့် အောက်ဖော်ပြပါ ကံစမ်းမဲပေါက်မဲလက်မှတ် ကိုင်ဆောင်ထားသူများသည် ကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း (၃၀) အတွင်း Denko Trading Co.,Ltd ၏ လိပ်စာ အမှတ် ၁၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင် သာယာမြို့နယ်၊ ဆက်သွယ်ရန် ဖုန်းနံပါတ် ၀၁ ၃၆၁၇၂၂၁၊ ၀၉ ၄၂၀၇၅၀၄၈၁ သို့ ကံစမ်းမဲလက်မှတ် လာရောက် ဆက်သွယ် တင်ပြပေးရပါမည်။ သတ်မှတ်ထားသောရက်အတွင်း ကံစမ်းမဲ ပေါက်မဲလက်မှတ် တင်ပြနိုင်ခြင်းမရှိပါက ကံစမ်းမဲလက်မှတ်တွင် ထည့်သွင်းဖော်ပြထားသော စည်းကမ်းချက်များနှင့်အညီ ကံထူးရှင်အဖြစ်မှ ပယ်ဖျက်ပြီး Denko Trading Co.,Ltd ၏အဆုံးအဖြတ်အတိုင်းသာ ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

| စဉ် | ပေါက်မဲနံပါတ် | စာရင်းပေးသွင်းထားသောအမည် | ဆုအမျိုးအစား | ဆိုင်ခွဲအမည် |
|---|---|---|---|---|
| ၁။ | ၀၈၀၂၅၄၃ | ဦးလှမော် | Nissan Sunny မော်တော်ကား | လှည်းကူး |
| ၂။ | ၆၈၀၃၀၄၇ | ဦးဇော်ဇော်အေး | Nissan Sunny မော်တော်ကား | မုံရွာ |
| ၃။ | ၇၅၂၁၅၈၀ | ဦးဇင်ကို | Nissan Sunny မော်တော်ကား | မုံရွာ |
| ၄။ | ၅၆၂၁၁၀၄ | ဦးလင်းဇော် | iPhone 8 Plus | မန္တလေး(၇၈လမ်း) |
| ၅။ | ၈၀၄၂၀၅၅ | ဦးမင်းမင်းထွန်း | iPhone 8 Plus | လှည်းကူး |
| ၆။ | ၇၂၃၅၇၇၈ | ဦးပြည့်ဘုန်းသူရိန် | iPhone 8 Plus | ရေနံချောင်း |
| ၇။ | ၄၈၆၆၃၄၆ | ဦးဇော်လင်း | iPhone 8 Plus | အောင်ဆန်း |
| ၈။ | ၄၇၅၂၅၁၈ | ဦးရီချစ် | Honda Wave 100 မော်တော်ဆိုင်ကယ် | သာစည်(ကျွဲတပ်ဆုံ) |
| ၉။ | ၁၉၄၁၈၀၆ | ဦးကြည်မိုး | Honda Wave 100 မော်တော်ဆိုင်ကယ် | ဗဟန်း |

DENKO
Denko Trading Co.,Ltd.

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## စစ်ကိုင်းပညာရေးတက္ကသိုလ်
## ၂၀၁၈-၂၀၁၉ ပညာသင်နှစ်
# ပညာရေးဘွဲ့ စာပေးစာယူ (၂)နှစ်သင်တန်း (ပထမနှစ်)အတွက် လျှောက်လွှာခေါ်ယူခြင်း

၂၀၁၈-၂၀၁၉ ပညာသင်နှစ် စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ဖွင့်လှစ်မည့် ပညာရေးဘွဲ့ စာပေးစာယူ (၂)နှစ်သင်တန်း (ပထမနှစ်)အတွက် အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားခွင့်ရှိသည်-

**(၁) ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လျှောက်ထားခွင့်ရှိသူများ**

(က) အခြေခံပညာဦးစီးဌာနများနှင့် ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့အောက်ရှိ အခြေခံပညာကျောင်းများတွင် အထက်တန်းပြ၊ မူလတန်းကျောင်းအုပ်၊ အလယ်တန်းပြအဖြစ် တာဝန်ထမ်းဆောင်နေသူများနှင့် အထက်တန်းပြ(သို့မဟုတ်)အလယ်တန်းပြ လစာနှုန်းတူ သင်ကြားရေးနှင့်သက်ဆိုင်သူများ ပညာရေးကောလိပ်များတွင် နည်းပြအဖြစ် တာဝန်ထမ်းဆောင်နေသူများ လျှောက်ထားခွင့်ရှိသည်။

(ခ) ပညာရေးကောလိပ်နည်းပြ၊ အထက်တန်းပြနှင့် လစာနှုန်းထားတူညီသည့် သင်ကြားရေးနှင့်သက်ဆိုင်သော ဒု-ဦးစီးမှူးများ၊ ဒု-ကြီးကြပ်ရေးမှူးနှင့် PGDMA ဘွဲ့ရ ကွန်ပျူတာလုပ်ဆောင်ရေးမှူးများသည် လက်ရှိရာထူးတွင် ၃၁-၁၂-၂၀၁၇ရက်၌ သင်ကြားရေးလုပ်သက်အနည်းဆုံး (၅)နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(ဂ) အလယ်တန်းပြ(သို့မဟုတ်) မူလတန်းကျောင်းအုပ်များနှင့် လစာနှုန်းထားတူညီသည့် သင်ကြားရေးနှင့် သက်ဆိုင်သော ဒုလ/ထ ကြီးကြပ်ရေးမှူး၊ PGDMA ဘွဲ့ရ လ/ထ ကွန်ပျူတာလုပ်ဆောင်ရေးမှူးများသည် လက်ရှိရာထူးတွင် ၃၁-၁၂-၂၀၁၇ရက်၌ စုစုပေါင်းလုပ်သက်အနည်းဆုံး(၅)နှစ် ပြည့်ပြီးသူဖြစ်ရမည်။

(ဃ) ဘွဲ့တစ်ခုခုရရှိပြီး ပညာရေးဘွဲ့ (B.Ed) မရရှိသေးသူဖြစ်ရမည်။

(င) အခြားသင်တန်းတစ်ခုခုသို့ တက်ရောက်နေသူမဖြစ်စေရ။

**(၂) လျှောက်လွှာတင်သွင်းခြင်း**

(က) အထက်ပါသတ်မှတ်ချက်နှင့်ကိုက်ညီသူများသည် ဝင်ခွင့်စာမေးပွဲလျှောက်လွှာပုံစံများကို တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူး ရုံးများတွင်ရယူပြီး သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့်အတူ မြို့နယ်ပညာရေးမှူးရုံးများသို့ ၂-၁-၂၀၁၈ရက် နောက်ဆုံးထား၍ လျှောက်လွှာများ တင်သွင်းရမည်။

(ခ) လျှောက်လွှာစတင်လက်ခံမည့်ရက် - ၁၄-၁၂-၂၀၁၇ ရက်

(ဂ) ပညာရေးကောလိပ်များမှ လျှောက်ထားသူများသည် သက်ဆိုင်ရာ ပညာရေးကောလိပ်ကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့်အတူ ပညာရေး သုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ခွင့်ပြုချက်ရယူ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများသို့ ၂၆-၁၂-၂၀၁၇ရက် နောက်ဆုံးထား၍ လျှောက်လွှာများတင်သွင်းရမည်။

**(၃) အထူးပြုဘာသာရပ်ရွေးချယ်လျှောက်ထားခြင်း**

(က) ပညာရေးဘွဲ့ (B.Ed) စာပေးစာယူသင်တန်း (၂)နှစ်သင်တန်းသားဖြစ်သဖြင့် ဘာသာရပ်ကျွမ်းကျင်မှု၊ သင်ပြနည်းကျွမ်းကျင်မှုတို့အတွက် အထူးပြု ဘာသာရပ်တစ်ခုတည်းကိုသာ ရွေးချယ်ဖြေဆိုသင်ယူခွင့်ပြုမည်ဖြစ်သည်။

(ခ) လျှောက်ထားသူ၏ မူလဘွဲ့ရဘာသာရပ်ကို သင်ယူလိုသည့် အထူးပြုဘာသာရပ်အဖြစ် လျှောက်ထားရန်ဖြစ်သည်။ မူလဘွဲ့ရ ဘာသာရပ်နှင့် သင်ယူလိုသည့် အထူးပြုဘာသာရပ်ကိုက်ညီမှုမရှိပါက လျှောက်လွှာအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

(ဂ) စိတ်ပညာ၊ ဒဿနိကဗေဒ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ စသည့်ဘာသာရပ်များဖြင့် ဘွဲ့ရရှိထားသူသည် အင်္ဂလိပ်စာ၊ မြန်မာစာ၊ သင်္ချာ (သို့မဟုတ်) ဝိဇ္ဇာဘာသာရပ်တစ်ခုခုကို သင်ယူလိုသည့် အထူးပြုဘာသာရပ်အဖြစ် လျှောက်ထားရန်ဖြစ်သည်။

(ဃ) ဝင်ခွင့်စာမေးပွဲတွင် ဘာသာရပ်အလိုက် တက္ကသိုလ်ဝင်တန်း၊ သင်ရိုးညွှန်းတမ်းနှင့် သက်ဆိုင်ရာအထူးပြုဘာသာရပ်၏ တက္ကသိုလ်ပညာသင်ရိုး ညွှန်းတမ်းမှ ဘွဲ့ကြိုသင်တန်း ပထမနှစ်၊ ဒုတိယနှစ်သင်ရိုးအထိ လေ့လာရန်ဖြစ်ပြီး ဘာသာရပ်ကျွမ်းကျင်မှုကို ၃ နာရီ မေးခွန်းဖြင့် ရေးဖြေ စစ်ဆေးမည်။ ဝင်ခွင့်ရေးဖြေစာမေးပွဲဖြေဆိုရာတွင် မြန်မာစာဘာသာရပ်မှအပ ကျန်ဘာသာရပ်များကို အင်္ဂလိပ်ဘာသာဖြင့် ဖြေဆိုရမည်။

**(၄) လုပ်သက်ကြီးစဉ် တန်းစီဇယားဖြင့်တက်ရောက်နိုင်ရန် ဝင်ခွင့်စာမေးပွဲဖြေဆို လျှောက်ထားခွင့်ရှိသူများ**

(က) ပညာရေး (B.Ed) ဘွဲ့မရသေးသော သင်ကြားရေးတာဝန်ထမ်းဆောင်နေသည့် အထက်တန်းပြများ၊ အလယ်တန်းပြများ၊ မူလတန်းကျောင်းအုပ် များဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် အလယ်တန်းပြနှင့် အထက်ရာထူးတွင် ၃၁-၁၂-၂၀၁၇ရက်၌ လုပ်သက်အနည်းဆုံး (၁၀)နှစ်ရှိရမည်။

(ဂ) ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်မှသာ လုပ်သက်ကြီးစဉ် အုပ်စုအတွက် သင်တန်းသားရွေးချယ်မည့် ဦးရေအချိုးအတိုင်း ပညာရေးဘွဲ့ စာပေးစာယူ သင်တန်းတက်ရောက်ခွင့်ရမည်။

**(၅) ရွေးချယ်ရေးမူများ**

(က) ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လျှောက်ထားသူများအား တိုင်းဒေသကြီး/ပြည်နယ် ဆရာလိုအပ်ချက်နှင့် ဘာသာရပ်လိုအပ်ချက်တို့ပေါ်မူတည်၍ ဝင်ခွင့် စာမေးပွဲရမှတ်များ/နည်း တန်းစီဇယားဖြင့် စိစစ်ရွေးချယ်မည်။

(ခ) လုပ်သက်ကြီးစဉ်အုပ်စုမှ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လျှောက်ထားသူများအား တိုင်းဒေသကြီး/ပြည်နယ်ဆရာလိုအပ်ချက်နှင့် ဘာသာရပ်လိုအပ်ချက်တို့ ပေါ်မူတည်၍ ဝင်ခွင့်စာမေးပွဲ ရမှတ်များ/နည်း တန်းစီဇယားအရ ဦးရေအချိုးအတိုင်း စိစစ်ရွေးချယ်မည်။

**(၆) စာစစ်ဌာနများ။** အောက်ပါမြို့များတွင် စာစစ်ဌာနများ ဖွင့်လှစ်စစ်ဆေးသွားမည်ဖြစ်သည်-

| | |
|---|---|
| (က) မြစ်ကြီးနားမြို့ | (ခ) ဗန်းမော်မြို့ |
| (ဂ) လွိုင်ကော်မြို့ | (ဃ) ဟားခါးမြို့ |
| (င) မင်းတပ်မြို့ | (စ) မုံရွာမြို့ |
| (ဆ) မကွေးမြို့ | (ဇ) မန္တလေးမြို့ |
| (ဈ) တောင်ကြီးမြို့ | (ည) လားရှိုးမြို့ |
| (ဋ) ကျိုင်းတုံမြို့ | (ဌ) နေပြည်တော် |

**(၇) ဝင်ခွင့်စာမေးပွဲ စစ်ဆေးမည့်အစီအစဉ်**

(က) နေ့ရက်- ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၈ ရက် (တနင်္ဂနွေနေ့)

(ခ) အချိန်- နံနက် ၉ နာရီမှ ၁၂ နာရီအထိ

**(၈) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက**

ဒေါ်ညွန့်ညွန့်သိန်း၊ ဌာနမှူး(သင်တန်းရေးရာ)၊ စစ်ကိုင်းပညာရေးတက္ကသိုလ် ဖုန်း-၀၉-၄၂၀၁၂၀၈၉၄ တို့တွင် စုံစမ်းနိုင်ပါသည်။

**စစ်ကိုင်းပညာရေးတက္ကသိုလ်**

**စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်**
**ပညာရေးဘွဲ့ စာပေးစာယူ(၂)နှစ် သင်တန်း(ပထမနှစ်)**
**ဝင်ခွင့်လျှောက်လွှာ (ဝင်ခွင့်စာမေးပွဲ/လုပ်သက်ဝင်ခွင့်တန်းစီ)**

| | လျှောက်ထားသူ | အဖ | အမိ |
|---|---|---|---|
| အမည် (မြန်မာ) | | | |
| (အင်္ဂလိပ်) | | | |
| လူမျိုး | | | |
| ကိုးကွယ်သည့်ဘာသာ | | | |
| နိုင်ငံသားမှတ်ပုံတင်အမှတ် | | | |
| မွေးသက္ကရာဇ် | | | |
| လက်ရှိရာထူးနှင့် ဌာန/ကျောင်း | | | |
| လျှောက်ထားသူ၏ အမြဲတမ်းနေထိုင်သည့် လိပ်စာအပြည့်အစုံ/ဖုန်းနံပါတ် | | | |

| ပညာအရည်အချင်း | ဘွဲ့အမျိုးအစား | အဓိကဘာသာ | အောင်မြင်သည့်တက္ကသိုလ် | အောင်မြင်သည့်ခုနှစ် |
|---|---|---|---|---|
| မူလဘွဲ့ | | | | |
| ဘွဲ့လွန် | | | | |
| ဖြေဆိုလိုသောဘာသာရပ် | | | | |

ပညာရေးအမှုထမ်းသက်တမ်း ဖော်ပြချက်ဇယား ၃၁-၁၂-၂၀၁၇ ရက်အထိ တွက်ချက်ရန်ဖြစ်သည်။

| စဉ် | ရာထူး | ကျောင်း/ရုံး | မှ | | | ထိ | | | ကာလ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ရက် | လ | နှစ် | ရက် | လ | နှစ် | ရက် | လ | နှစ် | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| | | | | | | | | | | | | |
| ပညာရေးလုပ်သက်စုစုပေါင်း | | | | | | | | | | | | |

ရွေးချယ်တက်ရောက်၍ ပညာရေးဘွဲ့ရရှိပြီး ရာထူးတိုးမြှင့်ခြင်းခံရပါက မည်သည့်ဒေသသို့မဆို သွားရောက်တာဝန်ထမ်းဆောင်ပါမည်။
အထက်ဖော်ပြပါ အချက်အလက်များမှန်ကန်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးပါသည်။

လျှောက်ထားသူအမည်---------------------
လျှောက်ထားသူအမည်---------------------

**ဌာနဆိုင်ရာ ထောက်ခံချက်**

ဦး/ဒေါ် --------- ၏ ပညာအရည်အချင်း အသက်နှင့်အမှုထမ်းသက်များကို ရုံးရှိအမှုထမ်းစာအုပ်ဖြင့် ကိုယ်တိုင်စစ်ဆေးကြည့်ရှုပြီးနောက် မှန်ကန်ကြောင်း ထောက်ခံအပ်ပါသည်။

ကျောင်းအုပ်ကြီး/ဌာနတာဝန်ခံလက်မှတ်-------------------
ကျောင်းအုပ်ကြီး/ဌာနတာဝန်ခံအမည်-------------------

**ထပ်ဆင့်ထောက်ခံပါသည်။**

မြို့နယ်ပညာရေးမှူး/ဌာနအကြီးအကဲလက်မှတ်-------------------
မြို့နယ်ပညာရေးမှူး/ဌာနအကြီးအကဲအမည်-------------------

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မိတ္ထီလာတက္ကသိုလ်
## (၁၆)ကြိမ်မြောက်
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်းနှင့် ကျင်းပမည့်ရက်
# ကြေညာခြင်း

၁။ မိတ္ထီလာတက္ကသိုလ်က ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ၂၀၁၇ ခုနှစ်တွင်ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ စာမေးပွဲများနှင့် မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ စာမေးပွဲ၊ မဟာသုတေသနဘွဲ့ သင်တန်းများကို အောင်မြင်ခဲ့သူများသည် မိတ္ထီလာတက္ကသိုလ် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများ လျှောက်ထားနိုင်သည်။

**ဘွဲ့နှင်းသဘင်ကြေး**

| | |
|---|---|
| **တက်ရောက်ဘွဲ့ကြေး** | - ၁၅၀၀၀/- (ကျပ်တစ်သောင်ငါးထောင်တိတိ) |
| **အဝေးရောက်ဘွဲ့ကြေး** | - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) |
| **လျှောက်လွှာတင်သွင်းရမည့်ရက်** | - ၁၁-၁၂-၂၀၁၇ ရက်မှ ၂၉-၁၂-၂၀၁၇ ရက်ထိ |
| **ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်** | - ၁၃-၁-၂၀၁၈ ရက်မှ ၁၄-၁-၂၀၁၈ ရက်ထိ |
| **အစမ်းလေ့ကျင့်မည့်ရက်** | - ၁၂-၁-၂၀၁၈ ရက် |

၂။ သတ်မှတ်လျှောက်လွှာပုံစံများကို စာမေးပွဲနှင့် ဘွဲ့နှင်းဌာနခွဲတွင် ရယူ ဖြည့်စွက်ပြီး လွန်ခဲ့သောသုံးလအတွင်း မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော (၂"×၁½") အရွယ်၊ ဓာတ်ပုံ သုံးပုံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူကို ပူးတွဲတင်ပြလျှောက်ထားရမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးများကို မိတ္ထီလာတက္ကသိုလ်၊ ငွေလက်ခံရာဌာနတွင် ပေးသွင်းရမည်။

၄။ ရပ်ဝေးမှတင်သွင်းသူများသည် သတ်မှတ်ကြေးများကို စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပေးပို့နိုင်သည်။

၅။ ယခင်နှစ်များက ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက် ဘွဲ့အတွက် လျှောက်ထားနိုင်သည်။

